# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၃)ရက် ၊ တနင်္လာနေ့ ၊ (17-11-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၀၁)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး၊
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ ဒီမိုကရေစီ ပန်းတိုင်ဆီ လှမ်းကိုင်ရည်ဖို့ မဲပေးစို့။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွန်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

**နေပြည်တော် နိုဝင်ဘာ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မွန်ပြည်နယ်ရှိ ပြည်နယ်၊ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲ အခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**




**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။**


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင် တို့မှ ထုတ်လုပ်သော ကြို့၊ ဆင်နှစ်ကောင်၊ Blue Diamond ၊ မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား




**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀

ရတနာပုံ
၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၇ ရက်

အယ်ဒီတာ့အာဘော်

# YMBA ၏ ၃၈ ဖြာမင်္ဂလာတရားတော်နှင့်ဗုဒ္ဓဝင်စာမေးပွဲ စိန်ရတုမင်္ဂလာ

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ကို မြန်မာသက္ကရာဇ် ၁၂၆၈ ခုနှစ် ကဆုန်လပြည့်ကျော် ၄ ရက်၊ ခရစ်နှစ် ၁၉၀၆ ခုနှစ် မေ ၁၀ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။ YMBA အသင်းကြီး၏ မူလရည်ရွယ်ချက်မှာ အမျိုး၊ ဘာသာ၊ သာသနာနှင့် ပညာကိုမြှင့်တင်ရန်ဖြစ်ပြီး ကြွေးကြော်သံများမှာ အမျိုးကိုချစ်ပါ၊ ဘာသာကို လေးစားပါ၊ သာသနာကိုချီးမြှင့်ပါ၊ ပညာရေးကို အားပေးပါတို့ဖြစ်သည်။

YMBA အသင်းကြီးသည် အစောပိုင်းတွင် သာသနာရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ခဲ့ရာမှ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးလုပ်ငန်းများကိုပါ လုပ်ဆောင်နိုင်ခဲ့သည်။ ပြည်သူကို ကိုယ်စားပြုပြီး ဗြိတိသျှအစိုးရ၏လုပ်ငန်းများကို ကန့်ကွက်ခြင်း၊ အုပ်ချုပ်ရေးတွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးရန် တောင်းဆိုခြင်းများကိုပါ လုပ်ဆောင်နိုင်ခဲ့ပေသည်။

**"ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး စတင်ပေါ်ပေါက်ချိန်ကတည်းက ထားရှိခဲ့သည့် ရည်ရွယ်ချက်များနှင့်အညီ ၃၈ ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲများကို ကျင်းပပြီး "သာသနာ"တော်ထွန်းကားပြန့်ပွားရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ ယနေ့ဆိုပါက ၇၅ ကြိမ်မြောက်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ အသင်းကြီးစတင်ပေါ်ပေါက်လာကတည်းက "အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ"ကြီးပွားမြင့်မားရေးအတွက် ရည်ရွယ်ချက်ထားရှိခဲ့ပြီး မူလချမှတ်ခဲ့သည့် ရည်ရွယ်ချက်များနှင့်အညီ ယနေ့အချိန်တိုင်အောင် မပျက်မယွင်းဘဲ တာဝန်ရှိသူများက ကြိုးပမ်းအကောင်အထည်ဖော်နေကြသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူစွာ အသိအမှတ်ပြုပါကြောင်း"** နိုဝင်ဘာ ၁၄ ရက်တွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သော ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း YMBA (ဗဟို)၏ ၇၅ ကြိမ်မြောက် စိန်ရတု ၃၈ ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

မြတ်စွာဘုရား၏သာသနာတော်ဆိုသည်မှာ အဆုံးအမတစ်ခုဖြစ်သကဲ့သို့ ကိုယ်စီကိုယ်စီတွင်ရှိသင့်သည့် ကိုယ်ချင်းစာတရားတစ်ခုလည်းဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တိုင်း၏ နှလုံးအိမ်တွင် မြတ်စွာဘုရား၏အဆုံးအမများ ကိန်းအောင်နေရန်အတွက် ၃၈ ဖြာမင်္ဂလာတရားတော်သည် အခြေခံပင်ဖြစ်သည်။ ထို့ကြောင့် ၁၉၄၉ ခုနှစ်မှစပြီး ၃၈ ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲများကို YMBAအသင်းကြီးက ဦးဆောင်ကျင်းပခဲ့သည်မှာ ယခုအခါ ၇၅ ကြိမ်မြောက် စိန်ရတုအခါသမယတိုင်ခဲ့ပြီဖြစ်ပေသည်။

ထိုသို့ကျင်းပနိုင်ခြင်းသည် နိုင်ငံတော်နှင့် တစ်မျိုးသားလုံးအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာဆောင်ရွက်မှုတစ်ခုလည်း ဖြစ်ပေသည်။ ယခုနှစ် ၇၅ ကြိမ်မြောက် ၃၈ ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲများကို ကျင်းပရာတွင် ယခင်နှစ်များနှင့်မတူ ထူးခြားသည်မှာ မြန်မာဘာသာနှင့်သာမကဘဲ တိုင်းရင်းသားဘာသာများဖြစ်သည့် မွန်၊ ပအိုဝ်းဘာသာများနှင့်ပါ ဖြေဆိုနိုင်ခဲ့သည်မှာ ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာပင်ဖြစ်ပေသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ပေါ်ပေါက်ခဲ့သည့် YMBA အသင်းကြီးသည် ယခုအခါ နှစ်ပေါင်း ၁၁၉ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ စတင်ပေါ်ပေါက်ချိန်ကတည်းက ယနေ့တိုင်အသက်ဝင်နေဆဲ၊ မျိုးဆက်သစ်များက လက်ဆင့်ကမ်းဆောင်ရွက်နေဆဲ သမိုင်းပေးတာဝန်ပင်ဖြစ်ပေသည်။ အဆိုပါတာဝန်များကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် တစ်တပ်တစ်အားကြိုးစားဆောင်ရွက်နေသကဲ့သို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း အမျိုးကိုချစ်သည့်စိတ်၊ ဘာသာကိုအလေးထားသည့်စိတ်၊ သာသနာကိုထိန်းသိမ်းစောင့်ရှောက်လိုသည့်စိတ်၊ ပညာကိုမြှင့်တင်လိုသည့်စိတ်ဓာတ် ခံယူချက်တို့ဖြင့် ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၄၁
ရက်
သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**ပြန်လည်ထူထောင်ရေးဦးစီးဌာန**

**လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)**

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉

မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

**ရန်ကုန်လိပ်စာ**
အမှတ်(၆၄)၊
ကမ္ဘာအေးဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်။

လူကုန်ကူးခံရသူများအနေဖြင့်
အကူအညီလိုအပ်ပါက
ဆက်သွယ်အကူအညီ
တောင်းခံနိုင်ပါသည်။

**မန္တလေးလိပ်စာ**
ရွှေကျင်သံလမ်းအနီး၊
ဘုန်းတော်တိုးရပ်၊
အောင်မြေသာစံမြို့နယ်။

# ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၉၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး နိုဝင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၉၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၅၆၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကလေးမြို့နယ်တွင် ၃၁၅၄ ဧက၊ ကလေးဝမြို့နယ်တွင် ၆၁ ဧက၊ မင်းကင်းမြို့နယ်တွင် ၆၈၁ ဧက စုစုပေါင်း ၃၈၉၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ ပဲတီစိမ်းဧက ၁၅၆၅၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၃၈၉၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ဧက ၁၃၆၆၀၊ ကလေးဝမြို့နယ်တွင် ဧက ၆၀၀၊ မင်းကင်းမြို့နယ်တွင် ဧက ၁၃၉၀ စုစုပေါင်းဧက ၁၅၆၅၀ ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ခရမ်းသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ခရမ်းသီးများဝယ်ယူမှုများပြားပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းဌေးက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသထွက်ခရမ်းသီးများ ထွက်ရှိပြီး နိုဝင်ဘာလပထမပတ်မှစတင်ပြီး ယနေ့ထိ ခရမ်းသီးများ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသကထွက်ရှိသည့် ခရမ်းသီးများ တစ်ရက်လျှင် အလုံးရေ ၂၅၀၀၀ မှ ၃၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်ကနေ ထွက်ရှိတဲ့ ခရမ်းသီးတွေ အဝယ်လိုက်နေပါတယ်။ အခြားဒေသ ကုန်စိမ်းဈေးကွက်က ဝယ်လက်တွေကလဲ အဝယ်များနေပါတယ်။ မော်လမြိုင်ကျွန်း မြို့နယ်ကနေ အခြားဒေသတွေကို ခရမ်းသီး တစ်ရက်ကို အလုံးရေ ၂၅၀၀၀ မှ ၃၅၀၀၀ ထိ ရောင်းချနေရပါတယ်။ ဒေသထွက်ခရမ်းသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်တာတွေ့ရပါတယ်။ ဒီနှစ်ခရမ်းသီးတွေက အရည်အသွေးကောင်းသလို အထွက်နှုန်းလဲကောင်းနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းဌေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် ခရမ်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၃၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပဲခူးမြို့နယ် ရွာသစ်ကုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

ပဲခူး နိုဝင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းအကြောင်းကို မိတ်ဆက်ရှင်းလင်း ပြောကြားပြီး စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ဆက်လက်ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှဲ့လှဲ့ဝင်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီ အလိုက် ရှင်းလင်းပြောကြားခဲ့ပြီး အစည်းအဝေးသို့တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို အများသဘော ဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါရွာသစ်ကုန်းကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက ပြောပြ၍ သိရသည်။

သုတ

# စာရေးဆရာချစ်နိုင်(စိတ်ပညာ)၏ ဟောပြောသူလက်စွဲစာအုပ်ထွက်ရှိ ဖြန့်ချိ




ရန်ကုန် နိုဝင်ဘာ ၁၆

စာရေးဆရာချစ်နိုင်(စိတ်ပညာ)၏ (၁၃၂)အုပ်မြောက် "ဟောပြောသူ လက်စွဲ" စာအုပ်ထွက်ရှိလာပြီး ဖြန့်ချိနေပြီဖြစ်သည်။

အဆိုပါစာအုပ်တွင် လူမှုဆက်ဆံရေး၊ ခေါင်းဆောင်မှုနှင့် စည်းရုံးရေးစွမ်းရည်များတွင် ထူးခြားသောမှတ်သားစရာ၊ အသုံးချစရာ အတတ်ပညာ၊ အသိပညာများ ပါဝင်သည်။ လူကြီး၊ လူလတ်၊ လူငယ်မရွေး စာဖတ်ပရိသတ်များအတွက် အကျိုးတစ်ခုခုရစေမည့် လက်ရွေးစင်စာအုပ်ဖြစ်သည်။

အခြေခံပညာ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်ကျောင်းသား၊ ကျောင်းသူများသာမက နည်းပြ၊ သရုပ်ပြဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာအရာထမ်းများ၊ လုပ်ငန်းရှင်များ ဆောင်ထားသင့်သည့် ဟောပြောနည်းဆိုင်ရာ သိကောင်းစရာများကို လွယ်ကူရှင်းလင်းပြည့်စုံစွာ ဆောင်းပါး ၃၁ ပုဒ် ရေးသားပြုစုထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို နိုင်စာပေ အမှတ် (၁၅၀) ရတနာလမ်းမကြီး ရတနာအိမ်ရာ တိုင်းရင်းသားကျေးရွာအနီး သာကေတမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၉၀၀၀ ဖြင့်ဖြန့်ချိနေသည်။(၁၅၂)

# မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၂၀၈၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မော်လိုက် နိုဝင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၂၀၈၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲ ကေ ၉၁၇၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မော်လိုက်မြို့နယ်တွင် ၆၈ ကေ၊ ဖောင်းပြင်မြို့နယ်တွင် ၂၀၁၈ ကေ စုစုပေါင်း ၂၀၈၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မော်လိုက်ခရိုင်မှာ မြေထောက်ပဲ ကေ ၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၂၁၃၅ ကေ၊ ဖောင်းပြင်မြို့နယ်တွင် ၇၀၃၅ ကေ စုစုပေါင်း ကေ ၉၁၇၀ ဖြစ်ကြောင်း သိရသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပသို့ ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် မြေထောက်ပဲကို ဒေသမရွေး ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပွင့်ဖြူမြို့နယ် သမော်အင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

ပွင့်ဖြူ နိုဝင်ဘာ ၁၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သမော်အင်းကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၁၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်တို့က အင်ဂျင်နီယာများဖြင့် သမော်အင်းကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

သမော်အင်းကျေးရွာ၌ အရှည် ၅ ဒသမ ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၀၅ ဒသမ ၇ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတာဝန်ယူ၍ ယခုနှစ် ဇွန် ၁၉ ရက်မှ စတင်၍တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဇင်မာ

# ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ အောက်တိုဘာလအတွင်း ပြည်တွင်းခရီးသွားဧည့်သည် ၁၇၄၅၅ ဦးထိ လာရောက်လည်ပတ်ခဲ့

ငပုတော နိုဝင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ တင်းချောင်းကျေးရွာအနီးရှိ ငွေတောင်ကမ်းခြေသို့ အောက်တိုဘာလအတွင်း ပြည်တွင်းခရီးသွားဧည့်သည် ၁၇၄၅၅ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းတာဝန်ခံ ဧည့်လမ်းညွှန် ဒေါ်နီနီမာက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ စက်တင်ဘာလအတွင်းက ပြည်တွင်းခရီးသွားဧည့်သည် ဦးရေ ၁၅၀၀၀ ကျော်ထိ လာရောက်လည်ပတ်ခဲ့ပြီး အောက်တိုဘာလအတွင်း ပြည်တွင်းခရီးသွား ဧည့်သည် ၁၇၄၅၅ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့လအတွင်း ငွေတောင်ကမ်းခြေကို ခရီးသွားဧည့်သည်တွေ အလာများခဲ့ပါတယ်။ သီတင်းကျွတ် ပိတ်ရက်တွေမှာ လာတဲ့သူများခဲ့တာပါ။ ငွေတောင်ကမ်းခြေက မြတ်မော်တင်စွန်း စေတီတော်နဲ့ နီးတဲ့ကမ်းခြေဖြစ်တာကြောင့် ခရီးသည်တွေက ဘုရားဖူးရင်း လာရောက် အပန်းဖြေကြတာဖြစ်ပါတယ်။ လက်ရှိလဲ ပုံမှန်ထက်လာရောက်လည်ပတ်တဲ့သူတွေများပါတယ်" ဟု ငပုတောမြို့နယ် ခရီးသွားလုပ်ငန်း တာဝန်ခံဧည့်လမ်းညွှန် ဒေါ်နီနီမာက ပြောပြသည်။

ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ငွေတောင်ကမ်းခြေသို့ လာရောက် လည်ပတ်အပန်းဖြေခဲ့သည့် ပြည်တွင်း ခရီးသွားဧည့်သည်များသည် ရန်ကုန်တိုင်းဒေသကြီးမှ အများဆုံးဖြစ်ကြောင်း၊ အဆိုပါကမ်းခြေသို့ လာရောက် အပန်းဖြေသည့် ခရီးသွားဧည့်သည်များ ခရီးစဉ်အဆင်ပြေစေရန်၊ သန့်ရှင်းမှုရှိစေရန်၊ စနစ်တကျအနားယူနိုင်ရန်၊ လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး စသည့် လုပ်ငန်းများကို ခရီးသွားလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံများ ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



# နာကျင်ဒဏ်ရာတွေကို စွမ်းရည်တန်ခိုးဖြစ်ပါစေ

ချစ်နိုင်(စိတ်ပညာ)

❖ ၂၁ ရာစုခေတ်ဟာ ဉာဏသမ္ပယုတ်၊ ပညာဉာဏ်အမြင် ယှဉ်တွဲကာ ရွေးချယ်ပြောဆိုလုပ်ကိုင်ကြရမယ့် အခြေအနေ၊ အချိန်အခါမျိုးမို့ပါလေ။ တစ်ဦးချင်းဖြစ်ဖြစ်၊ အစုအဖွဲ့ဖြစ်ဖြစ်ပေါ့၊ ခြေဦးတည့်ရာ၊ လေလွင့်ကြွေရွက်ဝါတွေလို မမျောမိပါစေနဲ့။ ဘဝပန်းတိုင် ခိုင်ခိုင်မြဲမြဲ စိုက်ထူပြီးမှ သွားလာလှုပ်ရှားပါ။ မဟာဗျူဟာအမြင် သဘောထားရှိရမယ်။ စိတ်ထင်ရာလုပ်ရင် အလွဲအချော်များတယ်။ စိတ်ထဲပေါ်ရာ ပြောရင် အမှားအယွင်းများတယ်။ မိမိတို့မှာ နာကျင်ခံစားခဲ့ရတဲ့ ဖြတ်သန်းမှုတွေ အတော်များခဲ့ပြီ။ ငါတို့လူမျိုး တော်တော်ကြီး ထိခိုက်နစ်နာခဲ့ရပြီ။ နာကျင်ခံစားခဲ့ရတဲ့ အတိတ်ကအမှားတွေကို သင်ခန်းစာအဖြစ် သင်ယူတတ်ရင် ဒါဟာ အမြတ်ထွက်နိုင်ပါသေးတယ်။ ❖

"သူတစ်ပါးရဲ့အပြစ်ကို မိမိနှလုံးအိမ်တွင် ကြာကြာမစိမ်လေနဲ့"ဆိုတဲ့စကားကို မှတ်သားသဘောကျပြီးတဲ့နောက်မှာ ဘယ်သူ့ကိုမှ ပြုံးစူပြိုပြင်အပြစ်တင်ခြင်း မိမိမှာ မရှိတော့ပါ။ ကိုယ့်ဦးနှောက်ထဲမှာ အသုံးမကျတဲ့ အမှိုက်သရိုက်တွေ ထည့်မထားမိစေနဲ့ဆိုတဲ့ သဘောကိုလည်း ဖတ်ရဖူးတယ်။ ဟုတ်ပေတာပဲ။ စာအုပ်တစ်အုပ်ထဲမှာ အချင်းချင်း ခဏခဏစကားများ ရန်ဖြစ်တတ်တဲ့ ကျောင်းသားလေးတွေကို မင်းတို့အချင်းချင်း သူများအပြစ်ပြောရင်း ရန်မဖြစ်ရအောင် မင်းတို့မကျေနပ်ရင် ဆရာမကိုလာပြော။ ငါက အာလူးတစ်လုံးပေးမယ်။ မင်းတို့အိတ်ထဲမှာ ထည့်ထားရမယ်။ နောင်ကျရင် ငါက မင်းကျေနပ်အောင် ဖြေရှင်းပေးမယ်လို့ ဆရာမက ပြောသတဲ့။ ဒီလိုနဲ့ ရန်ဖြစ်လေ့ရှိတဲ့ ကလေး လေး၊ ငါးယောက်ဟာ ဆရာမကိုလာပြောတိုင်း အာလူးတစ်လုံးပေးပြီး အိတ်ထဲမှာ သိမ်းထားခိုင်းလာလိုက်တာ အချိန်တစ်ခုကြာလာတော့ ကျောင်းသွား၊ ကျောင်းပြန် အာလူးတွေက ပိုပိုလေးလေးလာတဲ့ အပြင် ပုပ်စော်အနံ့မျိုးလည်း ထွက်လာတာပေါ့။ သူတို့မှာ ကြာလေလေ၊ သယ်ရလေးလေလေ၊ ပိုပိုနံစော်လေလေ ခံစားလာရတာပေါ့။

မကျေနပ်ဘူး၊ ရန်ဖြစ်ချင်တယ်ဆိုတဲ့ စိတ်ထားမျိုးလည်း မရှိကြတော့ဘူး။ အာလူးအများဆုံးနဲ့ အလေးဆုံးသယ်နေရတဲ့ မောင်ကျောင်းသားက ဆရာမကို တင်ပြတယ်။ ကျွန်တော်တို့ သူများအပြစ်ကို မခံသာအောင် မပြောတော့ပါဘူး။ ရန်လည်းမဖြစ်ကြတော့ပါဘူး။ ကျွန်တော်တို့ ကျောပိုးအိတ်ထဲက အာလူးပုပ်တွေကို စွန့်ပစ်ခွင့်ပေးပါလို့ တောင်းဆိုသတဲ့။

ဆရာမက သူတစ်ပါးအပြစ်ကို ကြည့်ခြင်း၊ အပြစ်ရှာတတ်၊ အပြစ်ပြောတတ်ခြင်းဟာ အမုန်းနဲ့မကျေနပ်မှု၊ ဒေါသ၊ အာဃာတတွေကို စိတ်ထဲမှာ သိုလှောင်ထားမိတာမို့ အိတ်ထဲက အာလူးပုပ်တွေလိုပဲ သုံးမရ၊ စားမရတဲ့ အညစ်အကြေးတွေပဲ။ တာရှည်ထားလေလေ၊ လေးလေလေ၊ နံစော်လေလေပဲ။ သိကြပြီလား။ သိပါပြီ ဆရာမ။

ဆရာမက ဒေါသရဲ့အပြစ်ကို မြင်အောင်ကြည့်တတ်စေပြီး မေတ္တာရဲ့အကျိုးကိုသိအောင်၊ ကျင့်အောင် တပည့်များကို နားလည်စေခဲ့ပါသတဲ့။ စာအုပ်တစ်အုပ်ထဲက ဇာတ်လမ်းတစ်ပုဒ်ရဲ့ အတိုချုပ် ပြန်ပြောပြတာပါ။

**ဒေါသနဲ့မေတ္တာမှာ ကိုယ်ကြိုက်ရာရွေးခွင့် ရှိကြပါတယ်။ ဘာကိုရွေးမလဲ။ မိမိဆုံးဖြတ်ရမယ်။**

**အမုန်းနဲ့အချစ်၊ ခင်မင်မှု၊ ဘာကိုရွေးမလဲ။ ကိုယ်ကိုယ်တိုင်ရွေးချယ်ခွင့် လူတိုင်းရှိတာပဲလေ။**

ဒေါသကိုရွေးတယ်၊ အမုန်းကိုယူလိုက်တယ်။ ရန်လိုမှု၊ အပြစ်မြင်မှု၊ အထင်သေးမှု၊ ပျက်စီးစေလိုမှု၊ ဒုက္ခတွေ့စေချင်မှု၊ အကုသိုလ်ဒုစရိုက်၊ အဆိုးတွေချည်းသာ အကြိမ်ကြိမ်အခါခါ စုဆောင်းသိုမှီးနေတာ ကောင်းရဲ့လား။

ဒေါသတွေကိုစုဆောင်း၊ ရန်လိုမှုတွေ သိုမှီး၊ အမုန်းတရားမီးတွေ တောက်လောင်နေတဲ့ လူတွေရဲ့ အသားအရေက ခြောက်သွေ့နေတာ မဆန်းပါဘူး။ သူတို့မျက်နှာတွေက မပြုံးနိုင်၊ မပျော်နိုင်၊ ဒေါသ အမုန်းအငြိုးတွေကြောင့် အိုစာရင့်ရော်နေကြတာဟာ အချိန် လေးငါးနှစ်ကြာတော့ သိသာလာပါပြီ။ ပေါ်လွင်ထင်ရှား မြင်ကြရပြီ။ အသက်အရွယ်အရ အိုမင်းရင့်ရော်တာအပြင် ဒေါသ၊ မောဟ၊ မကျေနပ်မှု၊ အကြမ်းဖက်ရန်လိုမှုနဲ့ ပူလောင်နေရတဲ့လူမှာ ဘယ်မှာ ကြည်သာအေးချမ်းနိုင်ပါ့မလဲ။

ဒါတွေလာပြောမနေပါနဲ့။ နှမ်းတစ်စေ့နဲ့ ဆီမဖြစ်ပါဘူးလို့ တားမြစ်မယ့်လူစားလည်း ရှိနိုင်ပါသေးတယ်။ သူပြောတာကို လက်ခံလို့မရပါ။ နှမ်းတစ်စေ့နဲ့ ဆီမဖြစ်ပေမယ့် နှမ်းဆီဆိုတာ နှမ်းစေ့တွေကို ကြိတ်လို့သာ ဖြစ်ပေါ်လာတယ်ဆိုတဲ့အချက်ကို လက်ခံရမယ်လေ။

ခင်ဗျားက ဘာကောင်မို့လို့လဲ မေးချင်မေးပါ။ စိတ်မဆိုးပါဘူး။ ကျွန်တော်က ဘာကောင်မှမဟုတ်ပါဘူး။ စာရေးရတာ ကျေနပ်နှစ်သက်တတ်လို့ စာရေးနေတဲ့သူပါ။ နှစ်ပေါင်းများစွာ စာရေးလာခဲ့သူပါ။ မကြားဖူးပါဘူးလား။ ကိစ္စမရှိပါဘူး။ စာရေးသူက လူသိများချင်လို့ စာရေးနေတာမှမဟုတ်တာ။ ငွေကြေးကို မက်မောလို့လည်း မဟုတ်ဘူး။ နာမည်ကြီးချင်လို့လည်း မဟုတ်ဘူး။ ဝါသနာပါလို့ ရေးချင်လို့ ရေးနေတာလေ။

စာရေးသူက ဘဝင်မမြင့်ပါဘူး။ သာမန်လူတွေထဲက သာမန်စာရေးသူတစ်ယောက်ပါပဲ။ တစ်ယောက်ကောင်းသော် တစ်သောင်းဗိုလ်ခြေ ညက်ညက်ကြေ ဆိုတဲ့စကားလည်း ရှိပေသားပဲ။ တိုင်းပြည်၊ နိုင်ငံဆိုတာ သမိုင်းရှိခဲ့တယ်။ လက်ရှိကာလမှာ အသက်ရှင်နေကြတဲ့ အသက်ကြီးသူရော၊ ငယ်သူရော၊ အမျိုးသားတွေရော၊ အမျိုးသမီးတွေရော၊ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို အေးချမ်းလုံခြုံအောင်၊ သာယာဖွံ့ဖြိုးအောင်၊ တိုးတက်မြင့်မားအောင်၊ နောင်လာနောက်သား၊ သားစဉ်မြေးဆက်၊ မျိုးဆက်သစ်တွေရဲ့ အနာဂတ်ခေတ်မှာ လှပစည်ကားအောင် အမွေအနှစ် ပေးထားရစ်ရမှာ မဟုတ်လား။

ကိုယ့်အိမ်အမိုးကို ဖျက်ဆီးလို့ ဘယ်ဖြစ်မလဲ။ ကိုယ့်အိမ်တိုင်ကို ဖြိုလှဲမီးဆိုက်လို့ ဘယ်တော်မှာလဲ။ ခုတော့ အိမ်တိုင်နွယ်ရစ်၊ တောခြုံဖြစ်လို့။ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်လမ်း၊ ကိုယ့်ကျောင်း၊ ကိုယ့်ရေကန်၊ ကိုယ့်ရေတွင်းကို စာရေးသူတို့ကိုယ်တိုင် သန့်ရှင်းကြည်လင်အောင် လုပ်ဆောင်နေကြရမှာလေ။ ဒါတွေဟာ ဘာမှဝန်လေးစရာအလုပ် မဟုတ်ပါဘူး။ **စာရေးသူတို့ ဘိုးဘေးမိဘတွေက ဒီမြေ ဒီရေကို ကျယ်ကျယ်ဝန်းဝန်း၊ သန့်သန့်ပြန့်ပြန့်၊ လှလှပပ အမွေပေးထားခဲ့တာလေ။ တို့ပိုင်တဲ့မြေ၊ တို့ပိုင်တဲ့ပြည်။ စာရေးသူတို့က ကာကွယ်စောင့်ရှောက်ရမယ်လေ။**

အိမ်နီးချင်းနိုင်ငံတွေနဲ့ သမိုင်းတစ်လျှောက် ချစ်ချစ်ခင်ခင်၊ အရောင်းအဝယ်၊ အသွားအလာတွေ ကောင်းခဲ့ကြတဲ့ ခေတ်ကာလတွေလည်း ရှိခဲ့တာပေါ့။ နှစ်ဖက်စလုံး သင့်သင့်မြတ်မြတ် ရင်းရင်းနှီးနှီး နေခဲ့တဲ့ အချိန်တွေမှာ ကိုယ့်ပြည်သူတွေ ပျော်ရွှင်လုံခြုံတာပေါ့။

မြန်မာပြည်က သယံဇာတပေါများကြွယ်ဝပြီး ရာသီဥတု မျှတကောင်းမွန်တယ်။ တောတောင် ရေမြေ၊ သဘာဝကျောက်မျက်ရတနာ ရွှေငွေအဖိုးတန်သတ္တုတွေလည်း ရှိနေတယ်။ လူဦးရေကနည်းပါးပေမယ့် နယ်မြေဧရိယာက အင်္ဂလန်ထက် နှစ်ဆကျယ်ဝန်းတယ်။ ပြင်သစ်တို့၊ ဂျာမနီနိုင်ငံတို့ထက်လည်း ပိုကြီးတယ်။ ဂျပန်ကျွန်း လေးကျွန်းရှိတဲ့နိုင်ငံထက်လည်း နှစ်ဆကျော် ကျယ်ပါတယ်။ ထိုင်းထက်လည်း ပိုကျယ်ဝန်းတာပဲ။ အနောက်ဘက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်မြေအကျယ်အဝန်းထက် ငါးဆရှိတယ်။ သူတို့ လူဦးရေက သန်းပေါင်း ၁၇၀ နီးနီးရှိနေပြီ။ မြန်မာက တိုင်းရင်းသားအားလုံးပေါင်းမှ ၅၁ သန်းကျော် လောက်ပဲရှိတာမို့ လူဦးရေနည်းနည်းနဲ့ ရေမြေပိုင်နက်အကျယ်အဝန်းအရ အများကြီးကျယ်ဝန်းသလို ဖြစ်နေတာပေါ့ကွယ်။

မှန်တာပြောရရင် ရှေးရှေးက ဘိုးဘေးဘီဘင် မြန်မာတွေဟာ ကိုယ့်မြေကိုယ့်ရေ တစ်လက်မမျှ မပါရအောင် ရှိသမျှနိုင်ငံသား လူဦးရေနည်းနည်းလေးနဲ့ ကာကွယ်တွန်းလှန်ပြီး နယ်နိမိတ်ခိုင်မာအောင် ထိန်းနိုင်ခဲ့ကြတယ်။

အင်္ဂလိပ်နယ်ချဲ့က ၁၉ ရာစုထဲမှာ သုံးကြိမ်ကျူးကျော်ပြီး မြန်မာတစ်ပြည်လုံး သိမ်းပိုက်လိုက်လို့ ကိုလိုနီလက်အောက်ခံဘဝ ၆၂ နှစ်လောက် ကျရောက်ခဲ့ရဖူးတယ်။ ဖက်ဆစ်ဂျပန်လက်အောက် သုံး၊ လေးနှစ်လောက်လည်း ကျရောက်ခဲ့ရဖူးပါရဲ့။

ငါတို့ရေမြေ၊ ငါတို့တိုင်းပြည်၊ ငါတို့လူမျိုးရဲ့ ပထဝီနဲ့ သမိုင်းကိုတော့ မောင်တို့မယ်တို့ စိတ်ဝင်တစား၊ ကြိုးပမ်းလေ့လာ သိမြင်ကြစေလိုပါတယ်။ မိမိတို့ လာရာကိုသိမှ အနာဂတ်လားရာကိုတွက်ဆမျှော်မှန်းတတ်ပေလိမ့်မယ်။ ကိုယ့်သမိုင်းကိုယ်သိပြီးမှသာ ယနေ့ တို့ကိုယ်တိုင်ရေးနေကြတဲ့သမိုင်းကို မရိုင်းအောင် ရေးနိုင်ကြလိမ့်မယ်။ နိုင်ငံတော်ရဲ့နယ်နိမိတ်ဆိုတာ စစ်သည်တော် နိုင်ငံသားတွေရဲ့ သွေးနဲ့သာ ရေးကြရတာပဲ။ ဘယ်နိုင်ငံမဆို ဒီသဘောပဲနော်။

ယနေ့လူငယ်တွေက ပတ်ဝန်းကျင်အခြေအနေနဲ့ ယနေ့ပကတိအခြေအနေကို မသိမြင်၊ မရိပ်မိတဲ့ အပြင် သူခိုးကိုဓားရိုးကမ်းတဲ့ မိုက်မှားမှုတွေ ပြုနေကြတဲ့ ပညာရည်ဉာဏ်ရည်နိမ့်ပါးသူတွေ ရှိနေကြတာဟာ မိမိတို့ရဲ့ အားနည်းချက်တွေပဲ။ ဗဟုသုတ အမြင်ကျယ်အောင် လေ့လာဖတ်ရှုဆည်းပူးကြပါ။

စိတ်ကူးပေါ်ရာ လိုက်မလုပ်ပါနဲ့။

ခြေဦးတည့်ရာ လျှောက်မသွားပါနဲ့။

၂၁ ရာစုခေတ်ဟာ ဉာဏသမ္ပယုတ်၊ ပညာဉာဏ်အမြင် ယှဉ်တွဲကာ ရွေးချယ်ပြောဆိုလုပ်ကိုင်ကြရမယ့် အခြေအနေ၊ အချိန်အခါမျိုးမို့ပါလေ။

တစ်ဦးချင်းဖြစ်ဖြစ်၊ အစုအဖွဲ့ဖြစ်ဖြစ်ပေါ့၊ ခြေဦးတည့်ရာ၊ လေလွင့်ကြွေရွက်ဝါတွေလို မမျောမိပါစေနဲ့။

ဘဝပန်းတိုင် ခိုင်ခိုင်မြဲမြဲစိုက်ထူပြီးမှ သွားလာလှုပ်ရှားပါ။ မဟာဗျူဟာအမြင် သဘောထားရှိရမယ်။

စိတ်ထင်ရာလုပ်ရင် အလွဲအချော်များတယ်။ စိတ်ထဲပေါ်ရာပြောရင် အမှားအယွင်းများတယ်။ မိမိတို့မှာ နာကျင်ခံစားခဲ့ရတဲ့ ဖြတ်သန်းမှုတွေ အတော်များခဲ့ပြီ။ ငါတို့လူမျိုး တော်တော်ကြီး ထိခိုက်နစ်နာခဲ့ရပြီ။ နာကျင်ခံစားခဲ့ရတဲ့ အတိတ်ကအမှားတွေကို သင်ခန်းစာအဖြစ် သင်ယူတတ်ရင် ဒါဟာ အမြတ်ထွက်နိုင်ပါသေးတယ်။ အပြစ်မဆိုချင်ပါ။

ဘဝဆိုတာ အဓိပ္ပာယ်မဲ့စွာ ရွှေ့လျားနေရတဲ့ မြေပြင်မဟုတ်ပါ။ ဘဝဆိုတာ စစ်တုရင် ကစားကွက်ဘုတ်ပြားပေါ်က စစ်သည်တော်တွေ၊ ဘုရင်၊ ဘုရင်မ၊ စစ်သူကြီး၊ သာသနာပိုင်စတဲ့ အင်အားတွေ။ အဖြူနဲ့ အမဲ(အမည်း) ကွဲပြားတာမြင်ရမယ်။

သူ့ဘာသာသူ သွားချင်ရာသွားနေတာမဟုတ်။ အကွက်နဲ့စိတ်ကူးနဲ့ ရွှေ့ကစားနေတာ။ ကစားကွက်အရ တက်ရာရွှေ့ရတာလေ။ အခု ဘာလုပ်နေတာလဲ။ နောက်အကွက်တွေက ဘာလှုပ်ရှားမှာလဲ။ သူ့ဘက်က ဘယ်လိုဆက်ကစားမှာလဲ။ ကိုယ့်နေရာကိုသိပါ။ ကိုယ့်တာဝန်ကို သိပါ။ အကွက်တိုင်းဟာ ရည်ရွယ်ချက်နဲ့သာ ရွှေ့လျားစစ်ကစားနေတာနော်။ အဓိပ္ပာယ်ရှိရှိ ကစားရမယ်လေ။

ဖြစ်ချင်ရာဖြစ်ပါစေ၊ ရေစုန်မမျှောရဘူး။ ငါတို့ဟာ သစ်တုံးဘဝမဟုတ်ကြဘူးလေ။ ထင်းတုံးမှန်ရင် စုန်လိမ့်မယ်။ မိချောင်းမှန်ရင် ဆန်လိမ့်မယ်။ စိန်ခေါ်တာတွေကို သတိနဲ့၊ ပညာနဲ့ ရင်ဆိုင်ပါ။

ကြီးကြီးငယ်ငယ်၊ ကျားကျားမမ၊ ဒီနိုင်ငံသား၊ ဒီတိုင်းရင်းသား၊ အဖျက်သမားဘက် ရောက်သွားပြီး ကိုယ့်ပြည်သူတွေကို သတ်ဖြတ်နှိပ်စက်၊ အကြမ်းဖက်သူဘက်တော့ မပါမိစေနဲ့။ မှားခဲ့ရင် ပြင်ဆင်ပါ။

စာဖတ်သူဟာ လူကြီးဖြစ်ဖြစ်၊ လူငယ်ဖြစ်ဖြစ်၊ အမျိုးသားဖြစ်ဖြစ်၊ အမျိုးသမီးပဲဖြစ်ဖြစ်၊ မြန်မာစာဖတ်နေတဲ့ မြန်မာလူမျိုး စာဖတ်ပရိသတ်အတွက် ပညာအရည်အချင်း၊ ဇာတိဒေသမခွဲ၊ အလုပ်အကိုင်မရွေး၊ ဘယ်ပါတီ ဘယ်အုပ်စုကပဲ ဖြစ်နေနေ စာရေးသူ မျှဝေချင်တဲ့ ဗဟုသုတနှစ်ခုကိုတော့ ဘဝမှာ အသုံးချ၊ ကျင့်သုံးကြည့်ပါ။ အထူးအကျိုးအမြတ် ရရှိကြောင်း လက်တွေ့ခံစားရမှာပါ။ တရုတ်ပညာရှိ ကွန်ဖြူးရှပ်(ဘီစီ ၅၅၁-၄၇၉)ကပြောခဲ့တဲ့ အချက်လေးချက်ကို သင့်ရဲ့ဘဝအတွက် စဉ်းစားပါ-

၁။ **Jen =** **Humanitarianism**၊ လူသားဆန်ခြင်း ကိုယ်ချင်းစာတတ်ခြင်း၊ စာနာမှုဝါဒ။

၂။ **Yi=** **Righteous** တရားသဖြင့် နည်းလမ်းကျခြင်း၊ ဖြောင့်မတ်ခြင်း၊ တော်မှန်ခြင်း။

၃။ **Li=** **Property** ပစ္စည်းဥစ္စာ၊ ပိုင်ဆိုင်မှု၊ ကုသိုလ်၊ ပညာ၊ မိတ်ဆွေ၊ မြေယာ၊ အဆောက်အအုံ။

၄။ **Hsing= Human Nature** လူ့သဘော၊ လူ့သဘာဝ၊မျိုးရိုးစဉ်လာ ဓလေ့ထုံးစံအရ တန်ဖိုးကြီးမားလှတဲ့ ဒီလိုသိတတ်ခြင်း သမ္ပဇညလေးပါးကို မှတ်သားပါ။

၁။ ပစ္စုပ္ပန်၊ သံသရာအတွက် အကျိုးရှိ၊ မရှိ

၂။ မိမိပြောတာ ပြုတာက လျှောက်ပတ်၏၊ မလျှောက်ပတ်၏။

၃။ သမထဘာဝနာ ဝိပဿနာကမ္မဋ္ဌာန်းကို မပြတ်မလပ် အာရုံပြုရမည်ကို သိတတ်ခြင်း ရှိ၊ မရှိ

၄။ ဣရိယာပုတ်လေးပါး၌ ရုပ်နာမ်စသည်ကို သိတတ်ခြင်း ရှိ၊ မရှိ

နိဂုံးချုပ်ပါပြီ။

စာဖတ်သူအတွက် စာရေးသူ ဖော်ပြမျှဝေပေးတဲ့ စာမျက်နှာမှာ ဆုံတွေ့ခွင့်ရခြင်းအတွက် နှစ်ဦးနှစ်ဖက် အသက်ရှင်နေကြစဉ် ရေးရေစက် ရှိခဲ့ကြလို့ပါ။ သံသရာခရီးရှည်ကြီးမှာ တစ်ကြိမ်တစ်ခါက တစ်လှေတည်းစီးခဲ့ဖူးခြင်း၊ တစ်ခရီးတည်း သွားခဲ့ဖူးခြင်း သို့မဟုတ် ဆွေမျိုးသားချင်းတော်စပ်၊ နီးကပ်ခဲ့ခြင်း ရှိနိုင်လောက်ပါပေတယ်။ တန်ဖိုးရှိတဲ့ အသိအမြင်များဟာ ဘဝတစ်သက်တာ အသုံးချရင် ကောင်းကျိုးရပါလိမ့်မယ်။ တိုးတက်၊ အောင်မြင်၊ ပျော်ရွှင်ပါစေ။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံကေ ၂၄၃၀ စိုက်ပျိုးမည်



ယခင်နှစ်က ပန်းဂေါ်ဖီစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် နိုဝင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ဧက ၂၄၃၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ လျာထားဧက ၂၄၃၀ ကို ယခုနှစ် နိုဝင်ဘာလ စတုတ္ထပတ်တွင် စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ ယခုနှစ် စားဖိုဆောင်သီးနှံများ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဌာနနှင့် ဒေသခံတောင်သူများ ပေါင်းစပ်ဆောင်ရွက်နေကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံတွေ လျာထားချက်အတိုင်း စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စားဖိုဆောင်သီးနှံတွေ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့ အသီးအနှံတွေမှာ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ ဈေးကွက်ဝင် အသီးအနှံတွေ စိုက်ပျိုးနိုင်စေဖို့ နည်းပညာနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံတွေမစိုက်မီ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းတွေကိုဆောင်ရွက်ပေးနေပါတယ်။ အခုနှစ် စားဖိုဆောင်သီးနှံကို ဒေသနဲ့ကိုက်ညီပြီး ဈေးကွက်ရှိတဲ့ သီးနှံတွေကို အများဆုံးစိုက်ပျိုးဖို့ရှိပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ဧက ၂၄၃၀ စိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ နံနံ၊ ဟင်းနုနယ်၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ဘူး၊ သခွားသီး၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန်စသည့်သီးနှံများကိုအများဆုံးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမည့် စားဖိုဆောင်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးနှင့် သဘာဝပိုးသတ်ဆေး၊ သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲတတ်စေရေး စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းများကို ပို့ချဆောင်ရွက်ပေးနေကြောင်း သိရသည်။

စားဖိုဆောင် သီးနှံများကို အထွက်နှုန်းနှင့် အရည်အသွေးတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ စားဖိုဆောင်သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# သာယာဝတီမြို့နယ် ရွာမကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲပြုလုပ်

**သာယာဝတီ နိုဝင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်း ဆင်းပွဲကို ယနေ့နံနက်ပိုင်းက ရွာမကျေးရွာအုပ်စု၊ ရွာမကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်က သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ဆက်လက်၍ သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းက သင်တန်းမှ သင်ယူခဲ့သော သင်ခန်းစာများကို လက်တွေ့နယ်ပယ်၌ အကျိုးရှိစွာ အသုံးချနိုင်ကြပြီး မိသားစုအတွက် အကျိုးပြုနိုင်ကြစေရေး ပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံ စက်ချုပ်သင်တန်းကို သာယာဝတီမြို့နယ် အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းနည်းပြဆရာမက စာတွေ့ လက်တွေ့ဖြင့် အောက်တိုဘာ ၂ ရက်မှ နိုဝင်ဘာ ၁၅ ရက်ထိ ၄၅ ကြာ အခမဲ့သင်ကြားပို့ချခဲ့ခြင်းဖြစ်ကြောင်း သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သုတ**

## အများအကျိုး ထမ်းရွက်သယ်ပိုး

\- အများအကျိုးအတွက်
ထမ်းပိုးရွက် ဖေးမကူ၊
မနာလို ဝန်တိုကင်း
သန့်ရှင်းကြည်ဖြူ၊
ကိုယ့်တန်ဖိုး မြှင့်ကာထူ
ဘဝဟူသည် တစ်ခဏ၊
ကိုယ့်ဝန်းကျင် ကောင်းကျိုး
သယ်ပိုးထာဝရ။

\- မကောင်းမှုတွေ ရှောင်ရှားကြ
ထောင်လွှားမာန အတ္တတွေ၊
စိတ်သန္တာန် ကိုယ့်ရင်တွင်း
ကင်းရှင်းပါစေ၊
အမုန်းမရှိ အချစ်တွေ
ပေါက်ဖွားစေ ရှင်သန်လျက်၊
အချင်းချင်းကို ဖေးကူလို့
လျှောက်စို့ ရှေ့ဆက်။

\- မေတ္တာကို ရင်ဝယ်ဖက်
လက်ချင်းဆက် ရှေ့ဆက်ကာ၊
အများလိုအင် ဖြည့်ဆည်းပေး
နွေးထွေးကြင်နာ၊
အများကောင်းစား မုဒိတာ
ပွားများကာ ကြည်နူးလို့၊
ရခဲလှ လူ့ဘဝဝယ်
ထုဆစ်မယ် အများကောင်းကျိုး
သယ်ပိုးကြစို့။ ။

**ချစ်သက်(မြန်မာစာ)**

# ပြင်ဦးလွင်မြို့နယ် အင်းကြီးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပြင်ဦးလွင် နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းကြီးကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညို၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် ခရိုင်၊ မြို့နယ် တာဝန်ခံ အင်ဂျင်နီယာများက အင်းကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများကို ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အင်းကြီးကျေးရွာ၌ အရှည်ပေ ၈၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေကန် တည်ဆောက်ခြင်းနှင့် ရေပန့်တပ်ဆင်ခြင်း လုပ်ငန်းများကို ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက ယခုဘဏ္ဍာနှစ်တွင် VDP စီမံကိန်း ရန်ပုံငွေကျပ် ၁၀ သန်းဖြင့် ဩဂုတ်လစတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

## နိုင်ငံတကာ သတင်းများ

# အစ္စရေး၏နယ်စပ်တံတိုင်းကိစ္စ ကုလသမဂ္ဂလုံခြုံရေး ကောင်စီထံ ကန့်ကွက်စာတင်ရန် လက်ဘနွန်စီစဉ်

**ဘေရွတ် နိုဝင်ဘာ ၁၆**

လက်ဘနွန်နိုင်ငံ တောင်ပိုင်း နယ်စပ်တစ်လျှောက်၌ အစ္စရေး နိုင်ငံက ကွန်ကရစ်တံတိုင်းတည် ဆောက်နေမှုကို လက်ဘနွန်နိုင်ငံ က ကုလသမဂ္ဂလုံခြုံရေးကောင်စီ ထံ ကန့်ကွက်လွှာတင်သွင်းမည် ဖြစ်ကြောင်း Xinhua သတင်းဌာန က နိုဝင်ဘာ ၁၅ ရက်တွင် ဖော်ပြ ခဲ့သည်။

အစ္စရေးနိုင်ငံက တည်ဆောက် နေသည့် ကွန်ကရစ်တံတိုင်းသည် အစ္စရေးနိုင်ငံနှင့် လက်ဘနွန်နိုင်ငံ နယ်စပ်မျဉ်းကို ကျော်လွန်၍ လက်ဘနွန်နိုင်ငံ ပိုင်နက်အတွင်း ဝင်ရောက်နေကြောင်း လက်ဘနွန် သမ္မတရုံးက သတင်းထုတ်ပြန် ထားသည်။

အစ္စရေးနိုင်ငံက ထိန်းချုပ်ထား သည့် ဂိုလန်ကုန်းမြင့်ဒေသနှင့် လက်ဘနွန်နိုင်ငံတို့ကြားတွင် မျဉ်း ပြာစည်းအမည်ရှိ နယ်စပ်စည်းကို ကုလသမဂ္ဂက ရေးဆွဲသတ်မှတ် ပေးထားသည်။

အစ္စရေးနိုင်ငံက မျဉ်းပြာနယ်စပ် စည်းတစ်လျှောက် တည်ဆောက် နေသည့် ကွန်ကရစ်တံတိုင်းမှာ လက်ဘနွန်နိုင်ငံ ပိုင်နက်အတွင်း ဝင်ရောက်နေပြီဖြစ်ရာ ၎င်းကိစ္စနှင့် ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေး ကောင်စီထံ ကန့်ကွက်လွှာ တင်သွင်းရန် စီစဉ်ထားကြောင်း လက်ဘနွန်သမ္မတရုံး သတင်းထုတ် ပြန်ချက်တွင် ဖော်ပြထားသည်။

ကုလသမဂ္ဂ၏အဆိုအရ အဆိုပါ ကွန်ကရစ်တံတိုင်းမှာ လက်ဘနွန် နယ်မြေအတွင်းသို့ တစ်ဧကနီးပါး ကျူးဝင်နေကြောင်း သိရသည်။

သို့ရာတွင် အစ္စရေးနိုင်ငံက မျဉ်းပြာနယ်စပ်စည်းတစ်လျှောက် တည်ဆောက်နေသည့် နယ်စပ် တံတိုင်းမှာ လက်ဘနွန်နိုင်ငံ ပိုင်နက်အတွင်း ကျူးဝင်နေသည်ဆို သည့် ပြောကြားချက်များကို အစ္စရေးတပ်မတော်က ငြင်းပယ် ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# လစ်ဗျားကမ်းလွန်၌ ရေယာဉ်နှစ်စီး နစ်မြုပ် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူ လေးဦး သေဆုံး

**ဆာနား နိုဝင်ဘာ ၁၆**

လစ်ဗျားနိုင်ငံ အယ်လ်ဟာမ်းစ် ကမ်းရိုးတန်း ကမ်းလွန်ရေပြင်၌ တရားမဝင် ရွှေ့ပြောင်းဝင်ရောက် သူများလိုက်ပါလာသည့် ရေယာဉ် နှစ်စီး တိမ်းမှောက်ခဲ့ရာ အနည်းဆုံး လူလေးဦးသေဆုံးခဲ့ကြောင်း RT သတင်းဌာနက နိုဝင်ဘာ ၁၅ ရက် တွင် ဖော်ပြခဲ့သည်။

ပထမဆုံး တိမ်းမှောက်ခဲ့သည့် ရေယာဉ်ပေါ်တွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံသား ရွှေ့ပြောင်းဝင်ရောက်သူ ၂၆ ဦး လိုက်ပါပြီး လေးဦးသေဆုံးခဲ့ ကြောင်း လစ်ဗျားကြက်ခြေနီ အဖွဲ့က ထုတ်ဖော်ပြောကြားထား ကြောင်း သိရသည်။

ဒုတိယမြောက် တိမ်းမှောက်ခဲ့ သည့် ရေယာဉ်ပေါ်တွင် အီဂျစ်နှင့် ဆူဒန်နိုင်ငံသား ၆၉ ဦး လိုက်ပါပြီး ၎င်းတို့၏ အခြေအနေကို မသိရ သေးသော်လည်း အဆိုပါရေယာဉ် နှစ်စီးလုံးသည် အယ်လ်ဟာမ်းစ်မြို့ ကမ်းလွန်၌ နိုဝင်ဘာ ၁၄ ရက်က တိမ်းမှောက်ခဲ့ကြခြင်းဖြစ်သည်။

လစ်ဗျားနိုင်ငံသည် မြေထဲ ပင်လယ်ကိုဖြတ်၍ ဥရောပသို့ သွားရောက်လိုသည့် တရားမဝင် ရွှေ့ပြောင်း ဝင်ရောက်သူများ၏ အဓိက ကြားစခန်းနိုင်ငံဖြစ်လာ ခဲ့သည်။

အလားတူ နိုဝင်ဘာ ၁၂ ရက် ကလည်း လစ်ဗျားကမ်းရိုးတန်း အနောက်မြောက်ဘက် ကမ်းရိုး တန်း ကမ်းလွန်၌ ရော်ဘာလှေ တစ်စီးတိမ်းမှောက်ခဲ့ရာ လူ ၄၂ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ဂါဇာငြိမ်းချမ်းရေးအစီအစဉ်ကို နိုဝင်ဘာ ၁၇ ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက မဲခွဲအတည်ပြုမည်



**နယူးယောက် နိုဝင်ဘာ ၁၆**

အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်၏ ဂါဇာငြိမ်းချမ်းရေးအစီ အစဉ်ကို အတည်ပြုပေးထားသည့် ဆုံးဖြတ်ချက်မူကြမ်းကို နိုဝင်ဘာ ၁၇ ရက်တွင် မဲခွဲအတည်ပြုမည်ဖြစ် ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

သမ္မတဒေါ်နယ်ထရမ့်၏ ဂါဇာ ငြိမ်းချမ်းရေးအစီအစဉ်ကို အတည် ပြုနိုင်ရေးအတွက် အမေရိကန် တာဝန်ရှိသူများသည် ပြီးခဲ့သည့် ရက်သတ္တပတ်ကပင် လုံခြုံရေး ကောင်စီအဖွဲ့ဝင် နိုင်ငံများနှင့် စတင်ဆွေးနွေးညှိနှိုင်းခဲ့သည်။

အမေရိကန်အစိုးရက တင်သွင်း ထားသော ဆုံးဖြတ်ချက်မူကြမ်း၌ ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့ ဖွဲ့စည်း ရေးအစီအစဉ်ကို ကြိုဆိုထားသည်။

သမ္မတဒေါ်နယ်ထရမ့်၏ ဂါဇာ ငြိမ်းချမ်းရေးအစီအစဉ်တွင် ဂါဇာ ဒေသကို ၂၀၂၇ ခုနှစ်ထိ ယာယီ အုပ်ချုပ်မည့်ကြားကာလ အုပ်ချုပ် ရေးအဖွဲ့ဖြစ်သည့် ဂါဇာငြိမ်းချမ်း ရေးဘုတ်အဖွဲ့ ဖွဲ့စည်းရန်အဆိုပြု ထားသည်။

ထို့ပြင် သမ္မတဒေါ်နယ်ထရမ့်၏ ဂါဇာငြိမ်းချမ်းရေးအစီအစဉ်တွင် ဂါဇာဒေသ တည်ငြိမ်ရေးအတွက် နိုင်ငံတကာတပ်ဖွဲ့ တစ်ဖွဲ့ ဖွဲ့စည်း ရန် အဆိုပြုထားသည်။

သမ္မတဒေါ်နယ်ထရမ့်၏ ဂါဇာ ငြိမ်းချမ်းရေးအစီအစဉ်ကို အတည် ပြုထားသည့် ဆုံးဖြတ်ချက်မူကြမ်း ကို အမြန်ဆုံးအတည်ပြုပေးရန် အမေရိကန်နိုင်ငံနှင့် အာရပ်နိုင်ငံများ က ကုလသမဂ္ဂလုံခြုံရေး ကောင်စီ ကို တောင်းဆိုထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ပေါ်တိုပရင့်စ်မြို့ အမေရိကန်သံရုံးအစောင့်တပ်ကို ဟေတီလက်နက်ကိုင်များ ပစ်ခတ်တိုက်ခိုက်

**ပေါ်တိုပရင့်စ် နိုဝင်ဘာ ၁၆**

ပေါ်တိုပရင့်စ်မြို့ရှိ အမေရိကန် သံရုံးကိုအကာအကွယ်ပေးနေသည့် မရိန်းတပ်ဖွဲ့ဝင်များကို ဟေတီ လက်နက်ကိုင်များက ပစ်ခတ် တိုက်ခိုက်ခဲ့ကြောင်း အမေရိကန် အစိုးရ တာဝန်ရှိသူများက နိုဝင်ဘာ ၁၅ ရက်တွင် ထုတ်ဖော် ပြောကြားခဲ့ကြောင်း RT သတင်း ဌာနက ယနေ့တွင် ဖော်ပြ ထားသည်။

နိုဝင်ဘာ ၁၄ ရက်တွင် ဖြစ်ပွား ခဲ့သော အဆိုပါပစ်ခတ်မှုသည် ဟေတီနိုင်ငံ၏ လုံခြုံရေးအခြေ အနေ မည်မျှဆိုးရွားနေသည်ကို ပြသနေကြောင်း အမေရိကန် အစိုးရတာဝန်ရှိသူများက သုံးသပ် ထားသည်။

ဟေတီ လက်နက်ကိုင်များ၏ ပစ်ခတ်မှုကို အမေရိကန် မရိန်း တပ်ဖွဲ့ဝင်များကလည်း ပြန်လည် တုံ့ပြန်ပစ်ခတ်ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁၄ ရက် အပြန်အလှန် ပစ်ခတ်မှုဖြစ်စဉ်အတွင်း သံရုံး ကာကွယ်ရေးတာဝန်ယူထားသည့် မရိန်းတပ်ဖွဲ့ဝင်များ ထိခိုက်မှုမရှိ ခဲ့ကြောင်း အမေရိကန် တာဝန်ရှိ သူများက ထုတ်ဖော်ပြောကြား ထားသည်။

ဟေတီနိုင်ငံ ပေါ်တိုပရင့်စ်မြို့၏ ၉၀ ရာခိုင်နှုန်းကို လက်နက်ကိုင် ဂိုဏ်းအဖွဲ့များက ထိန်းချုပ် ထားသည်။

အမေရိကန်အစိုးရသည် ဟေတီ နိုင်ငံသို့သွားရောက်မည့် အမေရိ ကန်နိုင်ငံသားများကို ရှောင်ရှားရန် သတိပေးထားသော်လည်း ပေါ်တို ပရင့်စ်မြို့၌ သံရုံးကို ဖွင့်လှစ်ထား ဆဲဖြစ်သည်။

Ref : RT

Trs : KKO

# ပါရှန်ပင်လယ်ကွေ့ရေပြင်အတွင်း ရေနံတင်သင်္ဘောတစ်စီးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း အီရန်အစိုးရ အတည်ပြု

**တီဟီရန် နိုဝင်ဘာ ၁၆**

ပါရှန်ပင်လယ်ကွေ့ ရေပြင် အတွင်း ရေနံတင်သင်္ဘောတစ်စီး ကို အီရန်တော်လှန်ရေး အစောင့် တပ်က ဖမ်းဆီးထိန်းသိမ်းထား ကြောင်း အီရန်အစိုးရက နိုဝင်ဘာ ၁၅ ရက်တွင် အတည်ပြုခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။




တာလာရာအမည်ရှိ မာရှယ်လ် ကျွန်းစုမှတ်ပုံတင် ရေနံတင် သင်္ဘောတစ်စီးကို အီရန် တပ်မတော်က နိုဝင်ဘာ ၁၄ ရက် တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး အီရန် ရေပိုင်နက်အတွင်းသို့ ခေါ်ယူသွား ကြောင်း ပင်လယ်ရေကြောင်း လုံခြုံရေးသတင်းအရင်းအမြစ်များ က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ယခုနှစ် ဇွန်လအတွင်း အီရန် နျူကလီးယားအဆောက်အအုံများ ကို အစ္စရေးနိုင်ငံနှင့် အမေရိကန် နိုင်ငံတို့က တိုက်ခိုက်ခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် အီရန် တပ်မတော်က ပါရှန်ပင်လယ်ကွေ့ အတွင်း ပြည်ပ ရေနံတင်သင်္ဘော တစ်စီးကို ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်း ဖြစ်သည်။

မာရှယ်လ်ကျွန်းစု မှတ်ပုံတင် ရေနံတင်သင်္ဘောတစ်စီးဖြစ်သည့် တာလာရာ ရေနံတင်သင်္ဘောကို တရားမဝင် ကုန်ပစ္စည်းများ သယ်ဆောင်ထားမှုဖြင့် အီရန် တော်လှန်ရေး အစောင့်တပ်က ဖမ်းဆီးထားကြောင်း အီရန်နိုင်ငံ မီဒီယာများက နိုဝင်ဘာ ၁၅ တွင် အတည်ပြုထားသည်။

တာလာရာ ရေနံတင်သင်္ဘော သည် ယူအေအီးနိုင်ငံမှ စင်ကာပူ နိုင်ငံသို့ ဦးတည်ခုတ်မောင်းနေစဉ် အီရန်တပ်မတော်၏ ဖမ်းဆီးမှုခံခဲ့ ရခြင်းဖြစ်သည်။


တာလာရာ ရေနံတင်သင်္ဘော သည် ဆာလဖာပါဝင်မှုမြင့်မား သော ဒီဇယ်ဆီတစ်မျိုးတင်ဆောင် ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## စကြဝဠာကြီးအတွင်း နေအဖွဲ့အစည်းမျောလွင့်ရွေ့လျားမှု အမြန်နှုန်း ယခင်ခန့်မှန်းခဲ့ကြသည်ထက် သုံးဆပိုမြန်နေ



**ဘာလင် နိုဝင်ဘာ ၁၆**

စကြဝဠာကြီးအတွင်း နေအဖွဲ့အစည်း မျောလွင့်ရွေ့လျားမှု အမြန်နှုန်းမှာ ယခင်ခန့်မှန်းခဲ့ကြသည်ထက် သုံးဆပိုမြန်နေကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ နိုဝင်ဘာ ၁၅ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

စကြဝဠာအတွင်း နေအဖွဲ့အစည်း မျောလွင့်ရွေ့လျားမှုအမြန်နှုန်းသည် လက်ရှိ စံပြုပုံစံများနှင့် တွက်ချက်ထားသည့် အမြန်နှုန်းထက် သုံးဆပိုမြန်နေကြောင်း ဂျာမနီ သိပ္ပံပညာရှင်များက ပြောကြားသည်။

ဂျာမနီသိပ္ပံပညာရှင်များသည် လိုဖာအမည်ရှိ ရေဒီယိုတယ်လီစကုပ်ကွန်ရက်ကို အသုံးပြု၍ ရေဒီယိုကြယ်စုများ ပျံ့နှံ့တည်ရှိပုံကို မြေပုံရေးတွက်ပြီး နေအဖွဲ့အစည်း၏ရွေ့လျားမှုအမြန်နှုန်းကို တွက်ချက်ခဲ့ကြခြင်းဖြစ်သည်။

မိမိတို့၏လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ နေအဖွဲ့အစည်း၏ ရွေ့လျားမှုအမြန်နှုန်းသည် လက်ရှိစကြဝဠာ စံပြုပုံစံများဖြင့် တိုင်းတာတွက်ချက်ထားသည့် အမြန်နှုန်းနှင့်ကွဲလွဲနေပြီး ၃ ဒသမ ၇ ဆထိ ပိုမြန်နေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဂျာမနီ သိပ္ပံပညာရှင်များ၏ အထက်ပါ လေ့လာတွေ့ရှိချက်ကြောင့် လက်ရှိလက်ခံထားသော စကြဝဠာစံပြုပုံစံများကို ပြန်လည်သုံးသပ်ရဖွယ်ရှိသည်။

ဂျာမနီသိပ္ပံပညာရှင်များသည် နေအဖွဲ့အစည်း၏ ရွေ့လျားမှုအမြန်နှုန်းကို တွက်ချက်ရေးအတွက် လိုဖာတယ်လီစကုပ်ကွန်ရက်အပြင် အခြားရေဒီယိုတယ်လီစကုပ်များမှ အချက်အလက်များကိုလည်း ရယူအသုံးပြုခဲ့သည်။

**Ref : Russia Today**

**Trs : KKO**


## C 1 2025 K1 (ATLAS) ကြယ်တံခွန်က နေကိုအနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းခဲ့ပြီးနောက် အစိတ်အပိုင်းသုံးခုအဖြစ် ပြိုကွဲသွားပြီဖြစ်

**ရောမ နိုဝင်ဘာ ၁၆**

C 1 2025 K1 (ATLAS) ကြယ်တံခွန်သည် နေကိုအနီးဆုံးမှတ်မှ ဖြတ်ကျော် ပျံသန်းခဲ့ပြီးနောက် အစိတ်အပိုင်း သုံးခုအဖြစ် ပြိုကွဲသွားပြီဖြစ်ကြောင်း အီတလီ သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ နိုဝင်ဘာ ၁၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

C 1 2025 K1 (ATLAS) ကြယ်တံခွန်သည် အောက်တိုဘာ ၈ ရက်တွင် နေကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းခဲ့ပြီး နိုဝင်ဘာ ၁၁ ရက်တွင် ပြိုကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

C 1 2025 K1 (ATLAS) ကြယ်တံခွန်ပြိုကွဲမှုကို အီတလီသိပ္ပံပညာရှင်များက ကိုပါနီးကပ်စ်အမည်ရှိ ရေဒီယိုတယ်လီစကုပ်အကူအညီဖြင့် စောင့်ကြည့်နိုင်ခဲ့သည်။



C 1 2025 K1 (ATLAS) ကြယ်တံခွန်သည် နေကိုအနီးဆုံးမှတ်မှ ဖြတ်ကျော် ပျံသန်းခဲ့ပြီးနောက် အစိတ်အပိုင်းသုံးခုအဖြစ် ပြိုကွဲသွားကြောင်း အီတလီသိပ္ပံပညာရှင်များက ပြောကြားသည်။

C 1 2025 K1 (ATLAS) ကြယ်တံခွန်သည် နေအဖွဲ့အစည်း၏ ကွီပါခါးပတ်ကွင်း နယ်မြေထဲမှ ပေါ်ထွက်လာသည့် ကြယ်တံခွန်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အီတလီ သိပ္ပံပညာရှင်များသည် C 1 2025 K1 (ATLAS) ကြယ်တံခွန်ပြိုကွဲမှုကို နိုဝင်ဘာ ၁၁ ရက်မှ ၁၂ ရက်ထိ ကိုပါနီးကပ်စ် ရေဒီယိုတယ်လီစကုပ်ဖြင့် စောင့်ကြည့်နိုင်ခဲ့သည်။

**Ref : Sputnik News**

**Trs : KKO**

## နေမျက်နှာပြင်သံလိုက်စက်ကွင်းနယ်မြေ စွမ်းအင်ပေါက်ကွဲမှုက ယခုနှစ်၏ ဒုတိယမြောက် အပြင်းထန်ဆုံးနေမျက်နှာပြင် စွမ်းအင်ပေါက်ကွဲမှုဖြစ်

**ဝါရှင်တန် နိုဝင်ဘာ ၁၆**

နိုဝင်ဘာ ၁၄ ရက်ကဖြစ်ပွားခဲ့သော နေမျက်နှာပြင် သံလိုက်စက်ကွင်းနယ်မြေ စွမ်းအင်ပေါက်ကွဲမှုသည် ယခုနှစ်၏ ဒုတိယမြောက် အပြင်းထန်ဆုံး နေမျက်နှာပြင် စွမ်းအင်ပေါက်ကွဲမှုဖြစ်ကြောင်း နိုဝင်ဘာ ၁၅ ရက် သတင်းများတွင်ဖော်ပြထားသည်။

အဆိုပါ နေမျက်နှာပြင် စွမ်းအင်ပေါက်ကွဲမှုသည် အေအာရ် ၄၂၇၄ အမည်ရှိ နေမျက်နှာပြင် သံလိုက်စက်ကွင်းနယ်မြေ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၁၄ ရက် နေမျက်နှာပြင် သံလိုက်စက်ကွင်းနယ်မြေ စွမ်းအင်ပေါက်ကွဲမှုကြောင့် အာဖရိကတိုက် အလယ်ပိုင်းနှင့်အရှေ့ပိုင်းဒေသများ၌ ရေဒီယိုအဆက်အသွယ်များ ပြတ်တောက်ခဲ့ရကြောင်း သိရသည်။

ယခုနှစ်၏ အပြင်းထန်ဆုံး နေမျက်နှာပြင် စွမ်းအင်ပေါက်ကွဲမှုသည်လည်း အေအာရ် ၄၂၇၄ နယ်မြေမှာပင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နေမျက်နှာပြင်စွမ်းအင် ပေါက်ကွဲမှုများ၏ ပြင်းထန်မှုအဆင့်ကို အေ၊ ဘီ၊ စီ၊ အမ်နှင့်အိတ်စ်ဟူ၍ အင်္ဂလိပ်အက္ခရာများဖြင့် သတ်မှတ်ထားရာ နိုဝင်ဘာ ၁၄ ရက် ပေါက်ကွဲမှုသည်ပြင်းအားအိတ်စ်-၄ အဆင့်ရှိသည်ဟု အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

နေမျက်နှာပြင်စွမ်းအင်ပေါက်ကွဲမှုများမှ ပေါ်ထွက်လာသည့် လျှပ်စစ် သံလိုက်လှိုင်းများသည် ရှစ်မိနစ်အတွင်း ကမ္ဘာမြေဆီသို့ ရောက်ရှိလာတတ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## Enlicitide ဆေးသစ်တစ်မျိုးက သွေးအတွင်း ကိုလက်စထရောပါဝင်မှုကို လျှော့ချနိုင်ဖွယ်ရှိ

**နယူးယောက် နိုဝင်ဘာ ၁၆**

အမေရိကန်နိုင်ငံအခြေစိုက် Merck ဇီဝနည်းပညာကုမ္ပဏီက ထုတ်လုပ်ထားသော Enlicitide ဆေးသစ်တစ်မျိုးသည် သွေးအတွင်း ကိုလက်စထရော ပါဝင်မှုကို ထိရောက်စွာ လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း နိုဝင်ဘာ ၁၅ ရက် သတင်းများတွင်ဖော်ပြထားသည်။

လက်တွေ့ စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်များအရ Enlicitide အမည်ရှိ အထက်ပါ ဆေးသည် သွေးအတွင်း LDL ကိုလက်စထရောပါဝင်မှုကို ၂၄ ပတ်အတွင်း ၆၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

Enlicitide သောက်ဆေး၏ LDL ကိုလက်စထရောပါဝင်မှုနှုန်း လျှော့ချနိုင်စွမ်းသည် လက်ရှိတွင် ဈေးကွက်တင်ထားသော ACSK 9 ထိုးဆေး၏ လျှော့ချနိုင်စွမ်းနှင့် အတူတူလောက်ပင် ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် နှလုံးရုတ်တရက်ဖောက်မှု၊ လေဖြတ်မှုနှင့် အခြားနှလုံးသွေးကြောရောဂါများ ဖြစ်ပွားခဲ့ဖူးသူ အရွယ်ရောက်လူနာ ၂၉၁၂ ဦးတို့ဖြင့် Enlicitide သောက်ဆေးကို စမ်းသပ်ခဲ့ကြခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အမေရိကန် သုတေသန ပညာရှင်များသည် Enlicitide ဆေးကို လူနာဦးရေ ၁၄၅၀၀ တို့ဖြင့် ထပ်မံစမ်းသပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## တစ်ကမ္ဘာလုံးအတိုင်းအတာအရ လူပေါင်း သုံးဘီလီယံခန့် ခေါင်းကိုက်ဝေဒနာခံစားနေရ

**နယူးယောက် နိုဝင်ဘာ ၁၆**

တစ်ကမ္ဘာလုံးအတိုင်းအတာအရ လူသုံးဦးလျှင်တစ်ဦးနီးပါးနှုန်း သို့မဟုတ် လူပေါင်း သုံးဘီလီယံခန့်သည် ခေါင်းကိုက်ဝေဒနာခံစားနေကြရကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ နိုဝင်ဘာ ၁၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

အထူးသဖြင့် ခေါင်းကိုက်မှုနှင့် ပတ်သက်၍ ကျန်းမာရေးပြဿနာများကို အမျိုးသားများထက် အမျိုးသမီးများက ပိုမိုရင်ဆိုင်နေကြရကြောင်း အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် နိုင်ငံပေါင်း ၁၈ နိုင်ငံတို့မှ လူဦးရေ ၄၂၀၀၀ ခန့်တို့၏ အချက်အလက်များကို လေ့လာပြီးနောက် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ခေါင်းကိုက်ဝေဒနာခံစားနေရသူ အရေအတွက်ကို တွက်ချက်ခဲ့ခြင်းဖြစ်သည်။

အမေရိကန် သုတေသနပညာရှင်များ၏ တွေ့ရှိချက်အရ ခေါင်းကိုက်ဝေဒနာနှင့် ဆက်စပ်နေသော ကျန်းမာရေး ပြဿနာများကို အမျိုးသမီးများက အမျိုးသားများထက် ပိုခံစားကြရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ အမျိုးသမီးများအနေဖြင့် အမျိုးသားများထက် ခေါင်းကိုက်ဝေဒနာဖြစ်ပွားမှု ကြိမ်ရေလည်း ပိုများသကဲ့သို့ ဝေဒနာခံစားရသည့် ကာလလည်း ပို၍ရှည်ကြာကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ခေါင်းကိုက်ဝေဒနာသည် ပြည်သူများအတွက် ကျန်းမာရေးဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်နေကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

**Ref : Russia Today**

**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## ကာလာဖီအိုရီနှင့် ဂါဘရီရယ်တို့ ဒဏ်ရာရရှိခဲ့သည့်အတွက် စိုးရိမ်ကြောင်း အာဆင်နယ်အသင်း ထုတ်ပြန်

လန်ဒန် နိုဝင်ဘာ ၁၆

အာဆင်နယ်အသင်းသည် နိုင်ငံကိုယ်စားပြု စေလွှတ်ထားသည့် အီတလီအသင်းမှ ကာလာဖီအိုရီနှင့် ဘရာဇီးအသင်းမှ ဂါဘရီရယ်တို့ ဒဏ်ရာရရှိခဲ့သောကြောင့် နည်းပြ အာတီတာက ကစားသမားများ၏ ဒဏ်ရာအတွက် စိုးရိမ်နေကြောင်း Daily mail သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ခံစစ်ကစားသမား ကာလာဖီအိုရီသည် ယခုလတွင် ကစားရမည့် မော်ဒိုဗာအသင်း၊ နော်ဝေအသင်းတို့ပွဲစဉ်တွင် အီတလီအသင်း၌ ရွေးချယ်ခံရသော်လည်း တင်ပါးဒဏ်ရာရရှိနေသောကြောင့် မော်ဒိုဗာအသင်းနှင့်ပွဲစဉ်တွင် ကစားသမားစာရင်းတွင် ပါဝင်သော်လည်း ပွဲထွက်ခွင့်မရခဲ့ဘဲ အသင်းလူစာရင်းမှထွက်ခွာ၍ အာဆင်နယ်အသင်းသို့ ပြန်လည်ရောက်ရှိခဲ့သည်။

အလားတူ ဘရာဇီးလက်ရွေးစင်အသင်းတွင် ရွေးချယ်ခံရသည့် ခံစစ်ကစားသမား ဂါဘရီရယ်သည်လည်း ဆီနီဂေါအသင်းနှင့် ကစားခဲ့သည့်ခြေစမ်းပွဲစဉ်တွင် ပွဲကစားချိန် ၆၃ မိနစ်တွင် ဒဏ်ရာပြဿနာ ကြုံတွေ့ခဲ့ပြီး ဒဏ်ရာအခြေအနေမှာ ပြင်းထန်မှုရှိသောကြောင့် နည်းပြအာတီတာက လာမည့်ဒါဘီပွဲစဉ်အတွက် အဓိက ကစားသမားများ မပါဝင်နိုင်မည်ကို စိုးရိမ်နေခြင်းဖြစ်သည်။

ကာလာဖီအိုရီသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ ၁၁ ပွဲစလုံး ပါဝင်ခွင့်ရခဲ့ရာတွင် သွင်းဂိုး တစ်ဂိုးနှင့် ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်ပြီး ခြေစွမ်းပြသနိုင်သကဲ့သို့ ခံစစ်ကစားသမားဂါဘရီရယ်သည်လည်း ပြိုင်ပွဲစုံအားလုံး ပါဝင်ကစားခွင့်ရသည့် ကစားသမားဖြစ်ပြီး နည်းပြအာတီတာ၏ ခံစစ်ပိုင်းကို အကောင်းဆုံး ကာကွယ်နိုင်သည့်အတွက် လာမည့် စပါးအသင်းနှင့် ဒါဘီပွဲစဉ်ကို ဒဏ်ရာကြောင့် လွဲချော်နိုင်ကြောင်း သိရသည်။

Ref : Daily mail

Trs : ML




## အားကစားသတင်းအတိုအထွာများ

- ဆွီဒင်အသင်းကို စတင်တာဝန်ယူခဲ့ပြီးနောက် နည်းပြပေါ်တာသည် ဆွစ်ဇာလန်အသင်းကို ရှုံးပွဲကြုံခဲ့ပြီး ခြေစစ်ပွဲငါးပွဲ ကစားအပြီးတွင် လေးပွဲရှုံး တစ်ပွဲသရေရလဒ်သာ ထွက်ပေါ်ခဲ့ကြောင်း သိရသည်။
- ကွင်းလယ်ကစားသမား ကက်စမဲရိုးက မန်ယူအသင်း၏ လုပ်ခလစာလျှော့၍ သက်တမ်းတိုးကမ်းလှမ်းမှုကို လက်မခံသောကြောင့် မန်ယူအသင်း တာဝန်ရှိသူများက ရီးရဲလ်မက်ဒရစ်အသင်းမှ ကွင်းလယ်ကစားသမား ချူအာမန်နီကိုခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- စပါးအသင်းက တိုက်စစ်ပိုင်းတွင် နေရာစုံအသုံးပြုနိုင်သည့် ဘာစီလိုနာအသင်း တိုက်စစ်ကစားသမား ဖာရန်တောရက်စ်ကို ပြောင်းရွှေ့ကြေး ယူရို ၆၅ သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။

ML

## လူဇင်ဘတ်အသင်းကို အနိုင်ရခဲ့သည့် ဂျာမနီအသင်း ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ရန်နီးစပ်လာ

ဘာလင် နိုဝင်ဘာ ၁၆



၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အဖြစ်ကစားခဲ့သည့် လူဇင်ဘတ်အသင်းနှင့် ဂျာမနီအသင်းတို့ပွဲစဉ်တွင် ဂျာမနီအသင်းက တိုက်စစ်မှူး ဝိုလ်တီမာဒီ၏ သွင်းဂိုးများဖြင့် နိုင်ပွဲရခဲ့ပြီးနောက် ခြေစစ်ပွဲအောင်မြင်ရန် နီးစပ်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျာမနီအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုအဆင့်တွင် ဆလိုဗက်ကီးယားအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ဖိအားအောက်ကျရောက်ခဲ့ရကာ မြောက်အိုင်ယာလန်အသင်းကို သုံးဂိုး တစ်ဂိုး၊ လူဇင်ဘတ်အသင်းကို လေးဂိုး ဂိုးမရှိ၊ မြောက်အိုင်ယာလန်အသင်းကို ဒုတိယအကျော့တွင် တစ်ဂိုး ဂိုးမရှိ၊ လူဇင်ဘတ်အသင်းကို ဒုတိယအကျော့တွင် နှစ်ဂိုး ဂိုးမရှိတို့ဖြင့် အနိုင်ရခဲ့သောကြောင့် ရမှတ် ၁၂ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ပြီး ခြေစစ်ပွဲအောင်မြင်ရန် နီးစပ်ခဲ့ကြောင်း သိရသည်။

လူဇင်ဘတ်အသင်းနှင့် ပွဲစဉ်တွင် ဂျာမနီအသင်းသည် ပထမပိုင်းပွဲကစားချိန်တွင် လူဇင်ဘတ်အသင်း၏ အမြန်နှုန်းနှင့် ကြံ့ခိုင်မှုတို့ကြောင့် ဦးဆောင်ဂိုးရယူနိုင်ရန် အခွင့်အရေးမရခဲ့ဘဲ ဂိုးမရှိ သရေရလဒ်သာထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်း ပွဲကစားချိန်တွင် နည်းပြ နာဂျယ်စမန်းက တိုက်စစ်ကစားပုံ ပြောင်းလဲလာသည့်အတွက် ပြိုင်ဘက်ကို ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၄၉ မိနစ်တွင် ဝိုလ်တီမာဒီ ဦးဆောင်ဂိုးသွင်းယူနိုင်ပြီးနောက် ဂျာမနီအသင်း ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားနိုင်ခဲ့ပြီး ပွဲချိန် ၆၉ မိနစ်တွင် ဝိုလ်တီမာဒီက ဒုတိယဂိုးထပ်မံရရှိခဲ့သဖြင့် နှစ်ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့ခြင်းဖြစ်သည်။

ဂျာမနီအသင်းသည် နောက်ဆုံးပွဲစဉ်ကို ဆလိုဗက်ကီးယားအသင်းနှင့် ကစားရမည်ဖြစ်သော်လည်း အိမ်ကွင်းတွင် ဧည့်ခံကစားရမည်ဖြစ်သည့်အပြင် အနိမ့်ဆုံး သရေတစ်မှတ်ရရှိပါက ကမ္ဘာ့ဖလားတိုက်ရိုက် ဝင်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

## DP World Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို မက်အီလ်ရွိုင်းနှင့် ရက်စ်မက်တို့က ပူးတွဲဦးဆောင်

ဒူဘိုင်း နိုဝင်ဘာ ၁၆

ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် ကျင်းပနေသည့် DP World Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် မြောက်အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းနှင့် ဒိန်းမတ် ဂေါက်သီးရိုက်ကစားသမားရက်စ်မက်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန် ဂေါက်သီးရိုက်ကစားသမား ဖလက်ဝုဒ်အပါအဝင် ပြိုင်ပွဲဝင်ခြောက်ဦးက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိကြောင်း သိရသည်။

တတိယနေ့ပြီးသည်ထိ ပြိုင်ပွဲမှာ အကြိတ်အနယ်ရှိခဲ့ကာ ပြိုင်ပွဲဝင်များအကြား ရိုက်ချက်ကွာဟမှု ကျဉ်းမြောင်းပြီး ချန်ပီယံအဆုံးအဖြတ်အတွက် နောက်ဆုံးနေ့ထိ ကစားသွားရဖွယ် ရှိနေကြောင်း သိရသည်။

ကမ္ဘာ့အဆင့်(၂) ဂေါက်သီးရိုက်ကစားသမားမက်အီလ်ရွိုင်း အနေဖြင့် တတိယနေ့တွင် ရလဒ်သိသိသာသာ ကောင်းမွန်ခဲ့ခြင်းကြောင့် အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

မက်အီလ်ရွိုင်းက “ရာသီပိတ်ရဲ့ ပြိုင်ပွဲဖြစ်တဲ့အတွက် အကောင်းဆုံးရလဒ်နဲ့ အဆုံးသတ်ခွင့်ရချင်တယ်။ အောင်မြင်မှုသာ ရခဲ့မယ်ဆိုရင် ကျွန်တော့်အတွက် တကယ့်ကို ဂုဏ်ယူဖွယ် ရာသီအဆုံးသတ်မှုမျိုး ဖြစ်လိမ့်မယ်။ ပြိုင်ပွဲတွေမှာ စွမ်းဆောင်ရည်က မတည်မငြိမ်ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ တကယ်လိုအပ်လာရင် လိုအပ်သလိုမျိုးတော့ရလဒ်ကောင်းအောင် ကစားနိုင်ခဲ့ပါတယ်။ အခုလဲ ရာသီတစ်ခုကို ပျော်ရွှင်စွာ အဆုံးသတ်နိုင်ဖို့အတွက် ရလဒ်ကောင်းရယူနိုင်အောင် ကြိုးစားရမဲ့ အခြေအနေ ရောက်လာပြီ”ဟု ပြောကြားခဲ့ကြောင်းသိရသည်။

Ref : TSN

Trs : AZL

## စီရော်နယ်ဒို၏ အနီကတ်ပြစ်ဒဏ်နှင့်ပတ်သက်ပြီး ပေါ်တူဂီနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ထံ အယူခံဝင်ရောက်သွားမည်

လစ္စဘွန်း နိုဝင်ဘာ ၁၆



ပေါ်တူဂီ အသင်းခေါင်းဆောင် စီရော်နယ်ဒို၏ အနီကတ်ပြစ်ဒဏ်နှင့်ပတ်သက်ပြီး ပေါ်တူဂီနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ထံ အယူခံဝင်ရောက်သွားမည်ဟု Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

စီရော်နယ်ဒိုသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ(ဥရောပဇုန်) အုပ်စုပွဲစဉ်အဖြစ် ကစားခဲ့သည့် ပေါ်တူဂီအသင်းက အိုင်ယာလန်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ပွဲချိန် ၅၉ မိနစ်တွင် ပြိုင်ဘက် အသင်းကစားသမားကို ဖျက်ထုတ်ပုံ ကြမ်းတမ်းခဲ့သောကြောင့် တိုက်ရိုက်အနီကတ်ပြသပြီး ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် အိုင်ယာလန်အသင်းနှင့်ပွဲစဉ်တွင် အနီကတ်ပြသခံခဲ့ရသည့်အတွက် နိုင်ငံအသင်း ကစားသမားဘဝတွင် ပထမဆုံးအကြိမ်အဖြစ် အနီကတ်ပြသခံခဲ့ရခြင်းဖြစ်သည်။

စီရော်နယ်ဒိုအနေဖြင့် အနီကတ်ပြစ်ဒဏ်ကြောင့် အနည်းဆုံး နှစ်ပွဲပယ်ပြစ်ဒဏ်နှင့် အများဆုံး သုံးပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရမည်ဖြစ်သည့်အတွက် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ်ကစားခဲ့သည့် အယ်လ်မေးနီးယားနှင့် ပွဲစဉ်ကိုလည်း လွဲချော်ခဲ့ရသည်။

စီရော်နယ်ဒိုအနေဖြင့် နှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရမည် ဆိုပါက အယ်လ်မေးနီးယား အသင်းနှင့် ပွဲစဉ်ကို လွဲချော်ခဲ့သည့်အပြင် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်ကိုလည်း လွဲချော်ရမည်ဖြစ်သည်။

ထို့ပြင် သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရမည်ဆိုပါက လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ် နှစ်ပွဲထိလွဲချော်ရမည် ဖြစ်သည့်အတွက် ပေါ်တူဂီနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က စီရော်နယ်ဒို၏ အနီကတ်ပြစ်ဒဏ်နှင့်ပတ်သက်ပြီး အယူခံဝင်ရောက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# ATP Finals တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်ကို ဂျန်နစ်ခ်ဆင်နာ နှင့် အယ်ကာရက်ဇ်တို့တက်ရောက်




**တူရင် နိုဝင်ဘာ ၁၆**

အီတလီနိုင်ငံ တူရင်မြို့တွင် ကျင်းပနေသည့် ATP Finals တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် နိုင်ပွဲအသီးသီးရရှိခဲ့သည့် ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ကမ္ဘာ့အဆင့်(၂) တင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာတို့ ဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ခဲ့ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စပိန် တင်းနစ်ကစားသမား အယ်ကာရက်ဇ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် ကနေဒါတင်းနစ်ကစားသမား ဖီလစ်အူကာနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၆-၂၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

အယ်ကာရက်ဇ်သည် နှစ်ပွဲပြတ်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဖိုင်နယ်အဆင့်ကို ထိုက်ထိုက်တန်တန်ဖြင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် အီတလီ တင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာသည် ဩစတြေးလျ တင်းနစ်ကစားသမား ဒီမီနောနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ခ်ဆင်နာက(၇-၅၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် ပထမပွဲငယ်တွင် ခက်ခက်ခဲခဲဖြင့် tie-break အဆင့်ထိ ကစားခဲ့ရပြီးမှ အနိုင်ရခဲ့ခြင်း ဖြစ်သော်လည်း ဒုတိယပွဲငယ်တွင် ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲစဉ်သည် ပရိသတ်များ မျှော်လင့်ထားသည့် ပြိုင်ဘက်နှစ်ဦး ထိပ်တိုက်တွေ့ဆုံတော့မည်ဖြစ်ပြီး ဂျန်နစ်ခ်ဆင်နာက "ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်ဟာ ကျွန်တော့်အတွက် ခက်ခဲတဲ့ ပွဲစဉ်ဖြစ်ခဲ့ပါတယ်။ အထူးသဖြင့် ပထမပွဲငယ်မှာ ပိုပြီးတော့ ခက်ခဲခဲ့ပါတယ်။ ဒီမီနောရဲ့ စပေးဘောတွေက အရမ်းကောင်းခဲ့ပါတယ်။ ဒုတိယပွဲငယ်မှာတော့ ကျွန်တော့်ရဲ့ လယ်ဗယ်တွေကို မြှင့်တင်နိုင်ခဲ့ပြီးတော့ အကောင်းဆုံးကစားနိုင်ခဲ့တဲ့အတွက် ရလဒ်ကောင်းနဲ့ အနိုင်ရရှိခဲ့ပါတယ်။ ဗိုလ်လုပွဲအဆင့်ဟာ အရမ်းကို ခက်ခဲမဲ့ ပွဲစဉ်ဖြစ်လာပါလိမ့်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် အီတလီမြေ၊ အီတလီပရိသတ်တွေ ရှေ့မှာ အောင်မြင်မှု လိုချင်ပါတယ်။ ကျွန်တော့်အတွက် ကောင်းမွန်တဲ့ ရက်သတ္တပတ် ဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Espn**

**Trs : AZL**

# မြန်မာအသင်းပါဝင်မည့် ၂၀၂၆ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲ(2026 ASEAN Hyundai Cup)ကို ၂၀၂၆ ခုနှစ် ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၂၆ ရက်ထိ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

အာဆီယံ ဘောလုံးအဖွဲ့ချုပ် (ASEAN)က လာမည့် ၂၀၂၆ ခုနှစ်တွင် ကျင်းပမည့် ၂၀၂၆ အာဆီယံ ချန်ပီယံရှစ်ပြိုင်ပွဲ (2026 ASEAN Hyundai Cup)ကို ၂၀၂၆ ခုနှစ် ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၂၆ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၅ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

အာဆီယံ ဘောလုံးအဖွဲ့ချုပ်က အာဆီယံချန်ပီယံရှစ် ပြိုင်ပွဲကို ၁၉၉၆ ခုနှစ်မှ စတင်ပြီး တိုက်ဂါးဖလားပြိုင်ပွဲအမည်ဖြင့် စတင်ကျင်းပခဲ့ရာ လာမည့် ၂၀၂၆ ခုနှစ်တွင် ကျင်းပမည့်ပြိုင်ပွဲသည် နှစ် ၃၀ ပြည့်ပြိုင်ပွဲအဖြစ် ကျင်းပသွားမည်ဖြစ်သည့်အပြင် ပြိုင်ပွဲကိုလည်း ပုံမှန်ကျင်းပနေကျအချိန်မဟုတ်ဘဲ ကာလပြောင်းလဲကျင်းပသွားမည်ဖြစ်သည်။

အာဆီယံ ဘောလုံးအဖွဲ့ချုပ်က အာဆီယံချန်ပီယံရှစ် အစောပိုင်းပြိုင်ပွဲများကို နှစ်ကုန်ပိုင်းခန့်တွင် ကျင်းပလေ့ရှိသော်လည်း လာမည့် ၂၀၂၆ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇူလိုင် ၂၄ ရက်မှ စတင်ကျင်းပမည်ဖြစ်ပြီး ဩဂုတ် ၂၆ ရက်ထိ ကျင်းပသွားမည်ဖြစ်၍ ပြိုင်ပွဲသမိုင်းတစ်လျှောက် နှစ်လယ်ပိုင်းတွင် ပထမဆုံးကျင်းပသည့် ပြိုင်ပွဲဖြစ်လာမည်ဖြစ်သည်။

အာဆီယံ ဘောလုံးအဖွဲ့ချုပ်က အာဆီယံချန်ပီယံရှစ် ပြိုင်ပွဲကို ပြိုင်ပွဲစပွန်ဆာ ပေးအပ်သည့်များ အပေါ်မူတည်ပြီး ပြိုင်ပွဲအမည်ကို အပြောင်းအလဲလုပ်ကာ ကျင်းပခြင်းဖြစ်ပြီး လာမည့် ၂၀၂၆ အာဆီယံ ချန်ပီယံရှစ် ပြိုင်ပွဲကိုလည်း စပွန်ဆာအပေါ်မူတည်ပြီး 2026 ASEAN Hyundai Cup အမည်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# မကျေပွဲစဉ်တွင် ကွန်နာဘင်းက ခရစ်အူဘန့်ဂျူနီယာကို ဒိုင်အမှတ်ဖြင့် အနိုင်ရရှိ

**လန်ဒန် နိုဝင်ဘာ ၁၆**

၂၀၂၅ ခုနှစ် ဧပြီ ၁၅ ရက်တွင် အင်္ဂလန်လက်ဝှေ့သမား ခရစ်အူဘန့်ဂျူနီယာကို ရှုံးနိမ့်ခဲ့သည့် အင်္ဂလန်လက်ဝှေ့သမား ကွန်နာဘင်းက မကျေပွဲစဉ်ထိုးသတ်ရန်အတွက် ပြန်လည်စိန်ခေါ်မှုပြုလုပ်ခဲ့ပြီးနောက် နိုဝင်ဘာ ၁၅ ရက်က လန်ဒန်မြို့တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ကွန်နာဘင်းက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိပြီး ရှုံးကြွေးကို ပြန်ဆပ်နိုင်ခဲ့ကြောင်း Fight Mag သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။




ကွန်နာဘင်းနှင့် ခရစ်အူဘန့်ဂျူနီယာတို့မှာ ဝိတ်တန်းမတူကြသော်လည်း ဝိတ်တန်းညှိကာ ဝယ်သာဝိတ်တန်းတွင် စိန်ခေါ်ထိုးသတ်ခဲ့ကြရာ ကွန်နာဘင်းက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ကွန်နာဘင်းက "ကျွန်တော် လိုချင်နေတဲ့ အနိုင်ရလဒ်ကို ရရှိခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ အခုဆိုရင် ကျွန်တော့်ရဲ့အဓိကရည်မှန်းချက်ဖြစ်တဲ့ WBC ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဘာရီယိုနဲ့ ထိုးသတ်ခွင့်ရဖို့ပဲဖြစ်ပါတယ်။ ကမ္ဘာ့ချန်ပီယံဖြစ်ခွင့်ရဖို့ဆိုတာကလဲ ကျွန်တော့် အိပ်မက်တစ်ခု ဖြစ်တဲ့အတွက် အိပ်မက်ကို အကောင်အထည်ဖော်သွားမှာလဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့စိန်ခေါ်မှုကို ဘာရီယိုအနေနဲ့ လက်ခံမယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့သည်။

ကွန်နာဘင်းသည် WBA Continental (Europe) ဝယ်သာဝိတ်တန်း လက်ရှိချန်ပီယံကို ခုနစ်ကြိမ်ထိ ကာကွယ်နိုင်ခဲ့သူတစ်ဦးဖြစ်ပြီး ပထမဆုံးသော ကမ္ဘာ့ချန်ပီယံ ခါးပတ်ကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Fight Mag**

**Trs : AZL**

# အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် အားကစားနှင့် ကာယပညာသိပ္ပံအသင်းက နာဂိုယောင်းအသင်းကို ရှုံးနိမ့်

**ရန်ကုန် နိုဝင်ဘာ ၁၆**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(C) အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် နိုဝင်ဘာ ၁၅ ရက် ညပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် အိမ်ရှင်အားကစားနှင့်ကာယပညာသိပ္ပံအသင်းနှင့် မြောက်ကိုရီးယားနိုင်ငံကိုယ်စားပြုကလပ် နာဂိုယောင်းအသင်းတို့ ကစားခဲ့ရာ အားကစားနှင့် ကာယပညာသိပ္ပံအသင်းက သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အားကစားနှင့် ကာယပညာသိပ္ပံအသင်းသည် အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲကို ခြေစစ်ပွဲအဆင့်မှ စတင်ကစားခဲ့ရခြင်းဖြစ်ပြီး ခြေစစ်ပွဲအဆင့်တွင် အုပ်စုပွဲစဉ်အားလုံးအနိုင်ရရှိခဲ့ပြီး အုပ်စုပထမဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့သော်လည်း ပြိုင်ပွဲအုပ်စုပွဲစဉ်များတွင် ရလဒ်များဆိုးရွားခဲ့ပြီး အုပ်စုအဆင့်မှပင် ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

အားကစားနှင့် ကာယပညာသိပ္ပံအသင်းသည် အာရှချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဆင့်တွင် အာရှထိပ်တန်းကလပ်အသင်းများဖြစ်သည့် ဂျပန်ကလပ် တိုကျိုဗာဒီအသင်း၊ တောင်ကိုရီးယားကလပ် ဆူဝမ်အသင်း၊ မြောက်ကိုရီးယားကလပ် နာဂိုယောင်းအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့ရာ အုပ်စုပထမပွဲစဉ်တွင် ဆူဝမ်အသင်းကို ငါးဂိုး ဂိုးမရှိ၊ တိုကျိုဗာဒီအသင်းကို တစ်ဂိုး ဂိုးမရှိ၊ နာဂိုယောင်းအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး သွင်းဂိုး မရရှိခဲ့သည့်အပြင် သုံးပွဲလုံးရှုံးနိမ့်ခဲ့ကာ ရမှတ်မရရှိခဲ့ဘဲအုပ်စုအဆင့်မှထွက်ခွာခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ **STA**

# ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့သည့် မန်ယူအသင်း ခံစစ်ကစားသမား မာတီနက်ဇ် အဲဗာတန်အသင်းနှင့်ပွဲစဉ်တွင် ပြန်လည်ပါဝင်မည်



**မန်ချက်စတာ နိုဝင်ဘာ ၁၆**

ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ကာလရှည် အနားယူနေခဲ့ရသည့် မန်ယူအသင်း ခံစစ်ကစားသမား မာတီနက်ဇ်သည် ဒဏ်ရာမှပြန်လည်သက်သာလာခဲ့ပြီး လေ့ကျင့်ခန်းများ အပြည့်အဝ ပြန်လည်လုပ်ဆောင်နိုင်ပြီဖြစ်သည့်အတွက် လာမည့် အဲဗာတန်အသင်းနှင့် ပွဲစဉ်တွင် ပြန်လည်ပါဝင်မည်ဟု Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

မာတီနက်ဇ်သည် ပြီးခဲ့သည့် ဘောလုံးရာသီ ဖေဖော်ဝါရီ ၂ ရက်က ကစားခဲ့သည့် ပဲလေ့စ်အသင်းနှင့် မန်ယူအသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင် ပြင်းထန်သည့် ဒူးအရွတ်စုတ်ပြဲဒဏ်ရာ ရရှိခဲ့သည့်အတွက် ကာလရှည် အနားယူနေခဲ့ရသူဖြစ်သည်။

မာတီနက်ဇ်သည် ယခုနှစ် ဘောလုံးရာသီတွင် ဒဏ်ရာကြောင့် တစ်ပွဲမျှ ပါဝင်ကစားနိုင်ခြင်းမရှိသေးသော်လည်း လက်ရှိကျင်းပနေသည့် နိုင်ငံတကာပြိုင်ပွဲများ မတိုင်မီ ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့သည့် အတွက် အာဂျင်တီးနားအသင်းနှင့် ပူးပေါင်းခဲ့ခြင်းဖြစ်သည်။

မာတီနက်ဇ်သည် အာဂျင်တီးနားအသင်းနှင့် ပူးပေါင်းခဲ့သော်လည်း ပွဲစဉ်များ ကစားခဲ့ခြင်းမရှိဘဲ အာဂျင်တီးနားအသင်းနှင့် အသင်းလိုက်လေ့ကျင့်ခန်းများသာ လိုက်ပါလုပ်ဆောင်ခဲ့ပြီးနောက် ယခုအခါ ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့ပြီး လေ့ကျင့်ခန်းများ အပြည့်အဝ လုပ်ဆောင်လာနိုင်သည့် အတွက် အဲဗာတန်အသင်းနှင့် ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : STA**

# နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့

**မောင်သောင်းဝင်း(တမန်ဟောင်း)**

"ပညာ"ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို သိရှိနားလည်ပြီး စဉ်းစားတွေးခေါ် ဝေဖန်ပိုင်းခြားနိုင်သည့် "အသိဉာဏ်ပင်ဖြစ်သည်။ "ပညာရဲရင့် ပွဲလယ်တင့်"၊ "ပညာရွှေအိုး၊ လူမခိုး"ဟူသည့်ဆိုစကား အဆုံးအမများသည် ပညာ၏တန်ဖိုးများပင်ဖြစ်ပြီး "ငယ်စဉ်အခါ ပညာရှာ"ဆိုသည့်စကားသည် နုပျိုငယ်ရွယ်စဉ်တွင် ပညာရှာဖွေရန် တိုက်တွန်းထားခြင်းပင်ဖြစ်သည်။ ပညာဆည်းပူးခြင်းသည် လူ့စွမ်းအားအရင်းအမြစ်ကို ရှာဖွေနေခြင်းပင်ဖြစ်သည်။ ပညာပြည့်ဝမှသာလျှင် ရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်မည်ဖြစ်သည်။

**ကျောင်းထွက်မှုနှုန်းမြင့်မား**

မြန်မာနိုင်ငံတွင် နိုင်ငံလူဦးရေအချိုးအစားနှင့် နှိုင်းယှဉ်လျှင် ကျောင်းတက်ရောက်နိုင်သည့် အချိုးအစားနည်းပါးလျက်ရှိသည်။ စာမတတ်သူနှင့် ပညာနိမ့်ပါးသူတို့များပြားခြင်းသည် နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုး ပိုမိုဖြစ်ပေါ်စေသည်။ ပညာပြည့်ဝသူများဖြင့်သာလျှင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မရှိမဖြစ်လိုအပ်သည့် တန်ဖိုးမြင့်လူ့စွမ်းအား အရင်းအမြစ်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် စာမတတ်သူများပြားခြင်း၊ အလုပ်လက်မဲ့ပေါများခြင်းတို့သည် ရာဇဝတ်မှုများကို ထူပြောစေပြီး လက်နက်ကိုင်ဆူပူသောင်းကျန်းမှုများကိုလည်း ပိုမိုဖြစ်ပေါ်လာစေနိုင်သည်။ ထို့ပြင် လူညံ့၊ လူဆိုးများ အင်အားကြီးမားသည်နှင့်အမျှ လူ့အဖွဲ့အစည်းကိုလည်း ပြန်လည်ခြိမ်းခြောက်ပြီး အန္တရာယ်ပေးလာနိုင်သည်။

မြန်မာနိုင်ငံတွင် လူဦးရေစုစုပေါင်း ၅၁ သန်းကျော်ရှိသည့်အနက် ဘွဲ့ရသူမှာ သုံးသန်းခန့်သာရှိသည်။ မဟာဘွဲ့၊ ပါရဂူဘွဲ့များဆိုလျှင် ထိုအရေအတွက်ထက်နည်းပါးနေမည်ဖြစ်သည်။ အသက် ၂၅ နှစ်အထက် လူဦးရေ ၂၅ သန်းကျော်ရှိရာ ၎င်းလူဦးရေ၏ သုံးပုံနှစ်ပုံကျော်သည် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့်၌ပင် ကျောင်းထွက်ထားကြသူများဖြစ်သည်။ အများစုသည် အခြေခံပညာမူလတန်းပြီးဆုံးချိန်တွင် ကျောင်းထွက်သွားကြခြင်းဖြစ်သည်။

အမှန်တွင် ရပ်ရွာများ တည်ငြိမ်အေးချမ်းမှု ပျက်ပြားခြင်းနှင့် ဆင်းရဲမှုသည် ပညာရေးအတွက် အနုတ်လက္ခဏာများပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် တိုင်းပြည်စီးပွားရေး ကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စီးပွားရေးကောင်းမွန်လာစေရေးအတွက် အသိပညာ၊ အတတ်ပညာမြင့်မားကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ နိုင်ငံ၏လူဦးရေအချိုးနှင့်အညီ မွေးထုတ်ပေးနိုင်ရန် လုပ်ဆောင်လျက်ရှိသည်။ ထိုသို့လုပ်ဆောင်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံးအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပေသည်။

**ဘက်ပေါင်းစုံမှမြင့်တင်**

နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးအားနည်းနေခြင်းသည် စီးပွားရေးကို ထိရောက်စွာလုပ်ဆောင်နိုင်မည့် လူသားအရင်းအမြစ် နည်းပါးနေသောကြောင့်ဖြစ်သည်။ နိုင်ငံကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ပညာတတ်များ ပေါ်များကြွယ်ဝခြင်းသည် ထိုနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကအရင်းအမြစ်ပင်ဖြစ်သည်။ အတတ်ပညာ၊ အသိပညာများသည် အတန်းပညာကို အခြေခံတည်ဆောက်ထားခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးကိုဘက်ပေါင်းစုံမှ အားပေးမြှင့်တင် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

အမှန်တွင် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အရေးကြီးသောကဏ္ဍများဖြစ်သည်။ အဆိုပါကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အသိပညာ၊ အတတ်ပညာ၊ နည်းပညာကြွယ်ဝတတ်မြောက်ကျွမ်းကျင်သော လူသားအရင်းအမြစ်များ များစွာ

> ❖ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပညာသည်အခြေခံအုတ်မြစ်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာ၊ တွေးခေါ်မြော်မြင်မှု၊ ကျွမ်းကျင်မှုတို့နှင့် ပြည့်စုံသည့်နိုင်ငံသားတို့၏အားဖြင့်သာ နိုင်ငံကိုပုံဖော်တည်ဆောက်သွားကြရမည်ဖြစ်ရာ ပညာရေးအားကောင်းမောင်းသန်ဖြစ်နေရန်လိုအပ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ပညာရေးကိုအားပေးခြင်းသည် နိုင်ငံသားအားလုံး ကျရာကဏ္ဍမှ ထမ်းဆောင်ကြရမည့်တာဝန်တစ်ရပ်ပင်ဖြစ်သည်။ နိုင်ငံ၏အနာဂတ်စွမ်းအားဖြစ်သည့် လူငယ်များစွမ်းရည်မြင့်မားနေမှသာလျှင် အနာဂတ်လူ့ဘောင်ကို ပုံဖော်တည်ဆောက်ရာတွင် များစွာအထောက်အကူပြုစေမည်ဖြစ်သည်။ ❖

လိုအပ်သည်။ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတိုင်းတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာအသက်မွေးဝမ်းကျောင်းအတတ်ပညာကျောင်းများကို နိုင်ငံအနှံ့တည်ဆောက်ဖွင့်လှစ်ပေးထားသည်။ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုး၊ မွေးမြူ၊ စက်မှုဆိုင်ရာ တက္ကသိုလ်ကောလိပ်များကို တည်ဆောက်ထားပြီး နိုင်ငံ၏ပညာရေးအပေါ်မူတည်၍ ယခုအခါ စိုက်ပျိုး၊ မွေးမြူ၊ စက်မှုအထက်တန်းကျောင်းများကို ဖွင့်လှစ်ပေးထားသည်။

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရသည် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ရရှိရန်အတွက် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပညာရေးဝန်ကြီးဌာနကလည်း နိုင်ငံတော်စဉ်ဆက်မပြတ် တိုးတက်စေရန် အဓိကမဏ္ဍိုင်တစ်ခုဖြစ်သည့် "အမျိုးသားပညာရေးကဏ္ဍ"ကို တာဝန်ယူပုံဖော်ပေးလျက်ရှိသည်။ အထူးသဖြင့် နိုင်ငံသားတိုင်း ပညာတတ်မြောက်စေရန် KG+12 အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ ထို့ပြင် Grade-9 အောင်မြင်ပြီး Grade-12 ဆက်လက်မတက်ရောက်လိုပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းများကို ရွေးချယ်တက်ရောက်နိုင်ရန်လည်း စီစဉ်ပေးထားသည်။

ထို့ပြင် နိုင်ငံတော်အစိုးရသည် တိုင်းပြည်အတွင်း ပညာတတ်များမွေးထုတ်နိုင်ရေး ရည်မှန်းချက်ဖြင့် လက်ရှိအချိန်တွင် ပညာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ် ၃၀ အမျိုးသားပညာရေးစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးတစ်ခုလျှင် အနည်းဆုံးတက္ကသိုလ်တစ်ခု၌ Ph.D သင်တန်းဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ကျောင်းသား၊ ကျောင်းသူအားလုံး ပညာများအမှန်တကယ်တတ်မြောက်ပြီး ပုံမှန်တန်းစဉ်ကူးပြောင်းနိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများကို မွမ်းမံသင်တန်းများပို့ချပေးရန်စီစဉ်လျက်ရှိသည်။ တစ်ဖက်တစ်လမ်းမှလည်း ဆရာ၊ ဆရာမများ လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် စီမံလျက်ရှိသည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် စိန်ခေါ်မှုများစွာဖြင့် ရင်ဆိုင်ရလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် မျက်မှောက်ကာလစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်မည့် စဉ်ဆက်မပြတ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာနိုင်ရေးအတွက် လူငယ်တိုင်းပညာသင်ယူခွင့်ရရှိရေး စီမံဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းသား၊ ဆရာ၊ မိဘ၊ ပြည်သူများနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့တို့အကြား တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ပေသည်။

မျိုးဆက်သစ်လူငယ်များ ထိရောက်အောင်မြင်စွာ စာပေလေ့လာသင်ယူနိုင်ရန်အတွက် ပတ်ဝန်းကျင်အခြေအနေကောင်းများ ဖန်တီးပေးရန်လိုအပ်ပေသည်။ စာသင်ကျောင်းများ၊ သင်ထောက်ကူပစ္စည်းများအပြင် အထောက်အကူပြုကျောင်းစာကြည့်တိုက်များလည်း ဖန်တီးပေးရန်လိုအပ်ပေသည်။ အထူးသဖြင့် စာသင်ကျောင်းများသည် တိတ်ဆိတ်ငြိမ်သက်မှုရှိသည့်နေရာများတွင်သာ ရှိသင့်သည်။ ထိုသို့တိတ်ဆိတ်ငြိမ်သက်သည့် နေရာမျိုး၌ ကျောင်းသားလူငယ်များ အနှောင့်အယှက်ကင်းစွာ ပညာသင်ကြားနိုင်သဖြင့် ထူးချွန်ထက်မြက်သည့် လူငယ်များပေါ်ထွန်းရေးတွင် များစွာအထောက်အကူပြုပေသည်။

**နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့**

စင်စစ်အားဖြင့် ပညာရေးသည် လူတစ်ဦးတစ်ယောက်အတွက်သာလျှင် အရေးပါခြင်းမဟုတ်ဘဲ လူ့ပတ်ဝန်းကျင်တည်ဆောက်ခြင်းနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတွင်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားများ ကျန်းမာကြံ့ခိုင်ပြီး ပညာအရည်အချင်းပြည့်ဝသည့် လူငယ်များ၏စွမ်းအားများ များစွာလိုအပ်သည်။ နိုင်ငံသားတိုင်း အသိဉာဏ်ပညာပြည့်စုံမှသာလျှင် နိုင်ငံ့အကျိုးသယ်ပိုးနိုင်သည့်စစ်မှန်သော အင်အားတစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်သည်။

ဆိုရလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပညာသည်အခြေခံအုတ်မြစ်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာ၊ တွေးခေါ်မြော်မြင်မှု၊ ကျွမ်းကျင်မှုတို့နှင့် ပြည့်စုံသည့် နိုင်ငံသားတို့၏အားဖြင့်သာ နိုင်ငံကိုပုံဖော်တည်ဆောက်သွားကြရမည်ဖြစ်ရာ ပညာရေးအားကောင်းမောင်းသန်ဖြစ်နေရန်လိုအပ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ပညာရေးကို အားပေးခြင်းသည် နိုင်ငံသားအားလုံး ကျရာကဏ္ဍမှ ထမ်းဆောင်ကြရမည့်တာဝန်တစ်ရပ်ပင်ဖြစ်သည်။ နိုင်ငံ၏အနာဂတ်စွမ်းအားဖြစ်သည့် လူငယ်များစွမ်းရည်မြင့်မားနေမှသာလျှင် အနာဂတ်လူ့ဘောင်ကို ပုံဖော်တည်ဆောက်ရာတွင် များစွာအထောက်အကူပြုစေမည်ဖြစ်သည်။

ဆိုရလျှင် "ပညာသမာ အာဘာနတ္ထိ-ပညာနှင့်တူသော အလင်းရောင်သည်မရှိ"ဟူ၍ မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ရာ ပညာတန်ဆောင်အလင်းရောင်ဖြင့် ဘဝကိုအောင်မြင်အောင် တည်ဆောက်နိုင်ရေး၊ ပညာအလင်းကင်းမဲ့စွာဖြင့် အမိုက်မှောင်တွင်း သက်ဆင်းကျရောက်မသွားစေရေး၊ အသိပညာရှင်၊ အတတ်ပညာရှင်တစ်ဦးအဖြစ် နိုင်ငံကို အလုပ်အကျွေးပြုနိုင်ရေးအတွက် မျိုးဆက်သစ်လူငယ်များပညာသင်ယူခွင့်ရရှိရေး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်သည်။

မည်သို့ပင်ဆိုစေ နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှုအဆင့်အတန်းပေါ်တွင် များစွာတည်မှီလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ဘက်စုံထူးချွန်သော မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းရေး ဘက်ပေါင်းစုံမှ စဉ်းစားသုံးသပ်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အဆင့်မြင့်ပညာသင်ယူနိုင်သူအရေအတွက်တိုးတက်လာမှသာလျှင် လူသားအရင်းအမြစ်များဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျကျ ဖော်ဆောင်နိုင်မည်ဖြစ်သည့်အတွက် မျိုးဆက်သစ်များပညာရည်မြင့်မားရေးအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ။**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အစ္စရေး BlueBird Aero Systems ကုမ္ပဏီက SpyX ကာမီကာဇီဒရုန်းများထုတ်လုပ်ရန် မော်ရိုကို၌ စက်ရုံဖွင့်လှစ်



အစ္စရေးနိုင်ငံ Israel Aerospace Industries ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော BlueBird Aero Systems ကုမ္ပဏီသည် SpyX အမည်ရှိ ကာမီကာဇီဒရုန်းများ ထုတ်လုပ်ရန် မော်ရိုကိုနိုင်ငံ၌ စက်ရုံဖွင့်လှစ်ခဲ့ကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစက်ရုံသည် မော်ရိုကိုနိုင်ငံ Casablanca–Settat ဒေသ Benslimane မြို့၌တည်ရှိပြီး အစ္စရေးနိုင်ငံပြီးလျှင် မြောက်အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသတွင် ကာမီကာဇီဒရုန်းများကို ထုတ်လုပ်သည့် ပထမဦးဆုံးနိုင်ငံ ဖြစ်လာခဲ့ကြောင်း သိရသည်။

စက်ရုံတည်ထောင်ခြင်းတွင် မော်ရိုကိုနိုင်ငံမှ အင်ဂျင်နီယာများကို ဒရုန်းစနစ်များ တပ်ဆင်ထိန်းသိမ်းနိုင်ရန် လေ့ကျင့်သင်တန်းပေးမည့် နည်းပညာလွှဲပြောင်းရေး အစီအစဉ်လည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

SpyX ဒရုန်းသည် ပစ်မှတ်ကို တိကျစွာတိုက်ခိုက်နိုင်သော နည်းဗျူဟာမြောက်ဒရုန်းအမျိုးအစားဖြစ်ပြီး စစ်မြေပြင်တွင် ထိရောက်စွာ အသုံးပြုနိုင်မည်ဖြစ်သည်။ ၎င်း၏အဓိကစွမ်းဆောင်ရည်မှာ တင့်ကားများ၊ သံချပ်ကာယာဉ်များနှင့် တပ်တည်၊ တပ်လှုပ်စုရပ်နေရာများကို အကွာအဝေး ကီလိုမီတာ ၅၀ အတွင်း တိကျစွာပစ်မှတ်ထား တိုက်ခိုက်နိုင်ခြင်းဖြစ်သည်။ ၎င်းတွင် ၂ ဒသမ ၅ ကီလိုဂရမ် အလေးချိန်ရှိသော ထိပ်ဖူးတပ်ဆင်ထားပြီး အမြင့်ဆုံး အမြန်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၂၅၀ ထိ ပျံသန်းစစ်ဆင်နိုင်မည်ဖြစ်သည်။ ထို့ပြင် လေထဲတွင် မိနစ် ၉၀ ထိ အလိုအလျောက်ပျံသန်း၍ စစ်ဆင်ရေးတာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မော်ရိုကိုနိုင်ငံ Benslimane မြို့တွင် BlueBird Aero Systems စက်ရုံတည်ထောင်ခြင်းသည် မော်ရိုကိုအစိုးရ၏ လက်နက်ကိုင်တပ်ဖွဲ့များကို ခေတ်မီအောင် လုပ်ဆောင်ရန်နှင့် ကာကွယ်ရေးမိတ်ဖက်ဆက်ဆံရေးများကို တိုးချဲ့ရန် ချမှတ်ထားသော မဟာဗျူဟာ၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဤမဟာဗျူဟာအရ မော်ရိုကိုနိုင်ငံသည် အစ္စရေးနှင့် ပူးပေါင်းမှုအပြင် အခြားနိုင်ငံများနှင့်လည်း ကာကွယ်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိရာ တူကီယဲနိုင်ငံမှ Baykar ကုမ္ပဏီနှင့် ဒရုန်းထုတ်လုပ်ရေးစက်ရုံများ၊ အိန္ဒိယနိုင်ငံမှ Tata Advanced Systems Maroc တို့နှင့် ပူးပေါင်းဆောင်ရွက်မှုများ ပါဝင်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် အမေရိကန်နိုင်ငံမှ Abrams တင့်ကား၊ စစ်လက်နက်ပစ္စည်း ဝယ်ယူမှုများကိုလည်း တိုးချဲ့လျက်ရှိသည်။ မော်ရိုကိုနိုင်ငံသည် ၂၀၂၆ ခုနှစ်အတွက် ကာကွယ်ရေးဘတ်ဂျက်ကို အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၇ ဘီလီယံခန့်ထိ မြှင့်တင်ထားပြီး ၎င်း၏ရည်ရွယ်ချက်မှာ နည်းပညာပိုင်းဆိုင်ရာ ကိုယ်ပိုင်ဖန်တီးနိုင်စွမ်းကို အားဖြည့်ပေးကာ ဒေသတွင်း စစ်ရေးထုတ်လုပ်မှုကွန်ရက်တစ်ခု ဖန်တီးရန်ဖြစ်သည်။

BlueBird Aero Systems ကုမ္ပဏီက SpyX ကာမီကာဇီဒရုန်းများကို မော်ရိုကိုနိုင်ငံတွင် စတင်ထုတ်လုပ်ခြင်းသည် မော်ရိုကို၏ ကာကွယ်ရေးမူဝါဒတွင် ကြီးမားသော အလှည့်အပြောင်းကို ဖော်ပြနေသည်။ ၎င်းသည် မော်ရိုကိုနိုင်ငံကို မြောက်အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသတွင် အစ္စရေးနိုင်ငံပြီးနောက် ဒရုန်းများ ထုတ်လုပ်နိုင်သည့် ပထမဆုံးနိုင်ငံဖြစ်စေရုံသာမက နည်းပညာလွှဲပြောင်းရေးအစီအစဉ်ပါဝင်ခြင်းကြောင့် နည်းပညာပိုင်းဆိုင်ရာ ကိုယ်ပိုင်ဖန်တီးနိုင်ခွင့်ကိုပါ ရည်မှန်းထားသည်ဟု ပြသနေကြောင်း သိရသည်။

**Israeli Company Opens Kamikaze Drone Plant in Morocco** ကို ဘာသာပြန်ဆိုထားပါသည်။

## ခရိုအေးရှားနိုင်ငံ Redwire Corporation ကုမ္ပဏီက မောင်းသူမဲ့လေယာဉ်စနစ်များ နယ်ခြားစောင့်တပ်ဖွဲ့ကို တပ်ဆင်ပေးရန်စီစဉ်နေ

ခရိုအေးရှားနိုင်ငံ ကာကွယ်ရေးကုမ္ပဏီ Redwire Corporation သည် ၎င်း၏ မောင်းသူမဲ့လေယာဉ်စနစ်များဖြင့် နယ်ခြားစောင့်တပ်ဖွဲ့ကို တပ်ဆင်ပေးရန် စီစဉ်နေကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Redwire ၏လုပ်ငန်းခွဲ Edge Autonomy သည် Octopus gimbal ကင်မရာများ တပ်ဆင်ထားသည့် ဒေါင်လိုက်ပျံတက်ဆင်းသက်နိုင်သော မောင်းသူမဲ့လေယာဉ်များကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ဤမောင်းသူမဲ့လေယာဉ်စနစ်များသည် ခရိုအေးရှားအာဏာပိုင်များကို ကျယ်ပြန့်သော နယ်စပ်ဒေသများ စောင့်ကြည့်ရန်နှင့် ဖြစ်နိုင်ခြေရှိသော ခြိမ်းခြောက်မှုများကို ပိုမိုထိရောက်စွာ ထောက်လှမ်းနိုင်ရန် ကူညီပေးနိုင်မည်ဖြစ်သည်။

Edge Autonomy ကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်သူ Steve Adlich က Redwire အနေဖြင့် ကျွန်ုပ်တို့မဟာမိတ်များ၏ အမျိုးသားလုံခြုံရေး အရေးပါပုံကို နားလည်ပြီး ၎င်းတို့၏ နယ်နိမိတ်များကို ကာကွယ်ပေးနိုင်သည့် စောင့်ကြည့်ရေးနှင့် ထောက်လှမ်းရေးမစ်ရှင်များကို ကူညီပံ့ပိုးရန် ကျွန်ုပ်တို့ကတိပြုထားကြောင်း ပြောကြားခဲ့သည်။

ခရိုအေးရှားနိုင်ငံက ဒေါင်လိုက်ပျံတက်ဆင်းသက်နိုင်သော မောင်းသူမဲ့လေယာဉ်စနစ်များကို ဝယ်ယူအသုံးပြုလာခြင်းသည် ၎င်း၏ လေကြောင်းစောင့်ကြည့်ရေးစွမ်းရည်များကို ခေတ်မီအောင်လုပ်ဆောင်ရန် ကြိုးပမ်းအားထုတ်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ဒေါင်လိုက်ပျံတက်ဆင်းသက်နိုင်သော မောင်းသူမဲ့လေယာဉ်သည် သမားရိုးကျ လေယာဉ်ပြေးလမ်းမျိုး မလိုအပ်ဘဲ လည်ပတ်နိုင်သည့်အပြင် Octopus gimbal ကင်မရာများသည် အရည်အသွေးမြင့် ဓာတ်ပုံများကို အချိန်နှင့်တစ်ပြေးညီ ပို့လွှတ်နိုင်သောကြောင့် နယ်ခြားစောင့်အရာရှိများအတွက် အခြေအနေအရပ်ရပ်ကို ပိုမိုသိရှိနားလည်နိုင်စေသည်။

ယခင်က ခရိုအေးရှားအာဏာပိုင်များသည် ကမ်းရိုးတန်းစောင့်ကြည့်ရေးအတွက် Schiebel Camcopter S–100 ကဲ့သို့သော တောင်ပံပုံသေတပ်ထားသည့် မောင်းသူမဲ့လေယာဉ်များ၊ နယ်စပ်သစ်တောများ စောင့်ကြည့်ရေးအတွက် SenseFly eBee ဒရုန်းများကို အသုံးပြုခဲ့ကြသည်။ ယခု ဒေါင်လိုက်ပျံတက်ဆင်းသက်နိုင်သော မောင်းသူမဲ့လေယာဉ်များ ထပ်မံဖြည့်တင်းလိုက်ခြင်းသည် လျင်မြန်စွာ တုံ့ပြန်နိုင်မှု၊ အချိန်ကြာမြင့်စွာ မစ်ရှင်ထမ်းဆောင်နိုင်မှုနှင့် ကျဉ်းမြောင်းသော သို့မဟုတ် သွားလာရခက်ခဲသော နေရာများတွင် စစ်ဆင်ရေးများ လုပ်ဆောင်နိုင်မှုအတွက် ပြောင်းလွယ်ပြင်လွယ်ရှိမှုကို ပိုမိုပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်ကြောင်း သိရသည်။



ဤလုပ်ဆောင်ချက်သည် Adriatic ပင်လယ်တစ်လျှောက် ခရိုအေးရှားနိုင်ငံ၏ ရေကြောင်း ရေဒါကွန်ရက်ကို အဆင့်မြှင့်တင်ခြင်းနှင့် မောင်းသူမဲ့လေယာဉ် ဒေတာများကို နိုင်ငံတော် နယ်ခြားကွပ်ကဲမှုနှင့် ထိန်းချုပ်မှုစနစ်ထဲသို့ ပေါင်းစပ်ထည့်သွင်းခြင်းအပါအဝင် ဒေသတွင်း ခေတ်မီရေး အစီအစဉ်များကို ဖြည့်ဆည်းပေးလိုက်ခြင်းလည်းဖြစ်သည်။

ခရိုအေးရှားနိုင်ငံ၏ နယ်ခြားစောင့်တပ်ဖွဲ့အတွက် ဒေါင်လိုက်ပျံတက်ဆင်းသက်နိုင်သော မောင်းသူမဲ့လေယာဉ်များ ဝယ်ယူလိုက်ခြင်းသည် အဆင့်မြင့် နယ်ခြားလုံခြုံရေး မဟာဗျူဟာကို ထင်ဟပ်စေသည်။ ဤစနစ်များသည် သမားရိုးကျလေယာဉ်ပြေးလမ်း မလိုအပ်ဘဲ လျင်မြန်စွာတုံ့ပြန်နိုင်သော စွမ်းရည်၊ Octopus ကင်မရာများဖြင့် အချိန်နှင့်တစ်ပြေးညီ မြင့်မားသော ရုပ်ပုံဖော်နိုင်မှုတို့ကို ပေးစွမ်းသောကြောင့် နယ်စပ်စောင့်ကြည့်ရေးစွမ်းရည်ကို သိသိသာသာ မြှင့်တင်ပေးကြောင်း သိရသည်။

**Croatia to Receive Redwire VTOL Drones** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing meets with officials from the State, District, and Township level departments, along with town elders, in Mon State to discuss regional development



Senior General Min Aung Hlaing meets with officials from the State, District, and Township level departments, and town elders in Mon State.

**Nay Pyi Taw November 16**

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing met with Mon State-level, District-level, and Township-level departmental officials and local town elders at the State Hall in Mawlamyine this morning to discuss regional development matters.

Also, present at the meeting were Commission Secretary and Joint Executive Chief General Ye Win Oo, Union Ministers, Chief Minister of Mon State U Aung Kyi Thein, senior military officers from the Commander-in-Chief of Defence Services Office, the Commander of the South East Command, Deputy Ministers, Mon State, District, and Township-level departmental officials, town elders, MSME (Micro, Small, and Medium Enterprises) entrepreneurs, and invited guests from Mon State.

**A presentation detailing the implementation of regional development and the required necessities**

First, U Aung Kyi Thein, the Chief Minister of Mon State, presented a briefing on the state of development in the agriculture sector; efforts to develop the industrial sector and increase rubber production; the output of fishery products and the export of solar-dried salt; activities to promote MSME development; the ongoing industrial activities and the hosting of MSME product exhibitions and competitions; efforts to improve the education sector within the State; student attendance at industrial, agriculture, and livestock training schools; activities to enhance the health sector; preparations for the successful holding of the multi-party democracy general election; and the execution of public awareness activities regarding voting with the Myanmar Electronic Voting Machine (MEVM).

Next, the town elders and entrepreneurs presented their needs, requesting low-interest capital funding to install solar power generation systems to supply electricity to hotels and guesthouses, given that the State is a highly visited area. They also requested the expansion of flight routes because the State attracts domestic and international tourists with numerous destinations. Other requests included the provision of pure, breeder seeds (RS) to expand seed-producing farms, the issuance of additional agricultural and livestock loans from the State Economic Promotion Fund to further expand rubber cultivation and livestock breeding, and support from the State Economic Promotion Fund to increase rice mill operations within the State, along with other necessities.

**The Chief Minister of Mon State and the Union Ministers then provided explanations and discussed the points raised in the presentations**

Regarding the presentations, the Chief Minister of Mon State supplemented the discussion by elaborating on the arrangements for providing the necessary loans to hotel entrepreneurs for solar power generation systems in accordance with the procedures, the ongoing plans to expand flight routes, the measures being taken to ensure a sufficient supply of pure breeder paddy seeds, the current issuance of capital loans for agriculture, livestock, and MSME sectors and the steps to process further loan requirements according to the procedures, and the ongoing and future plans for upgrading rural inter-village roads.

Following that, the Union Ministers and Deputy Ministers provided explanations on their respective sectors, detailing the issuance of necessary capital loans for agriculture, livestock, and MSME sectors from the State Economic Promotion Fund and the arrangements to provide additional capital to regions and states in accordance with laws and procedures; the distribution of quality seeds to farmers to ensure sufficient supply; the need to cultivate Lowland Coffee (Robusta variety) in Mon State where it can thrive; arrangements to ensure the provision of region-appropriate crop varieties for agricultural work; efforts to improve rubber yields; plans to cultivate human resources; the ongoing decrease in forest cover in Mon State and the necessary expansion of coastal mangrove planting; efforts to prevent deforestation and expand forest and tree planting; the potential for Mon State to produce bamboo-based products due to its abundant bamboo growth; efforts to enhance the public health sector; and other relevant sector-specific matters.

**Matters related to improving the socio-economic status of the local people in Mon State and enhancing the regional economy**

Next, the Senior General gave a speech, stating that he was very pleased to see the noticeable development of the Mawlamyine region during this visit, recognizing Mon State as an economically prosperous State with many places capable of attracting domestic and international tourists. Therefore, he emphasized the need to keep the surrounding towns and villages clean, pleasant, and beautiful, citing the saying, "Guests will come only if the home is pleasant". Similarly, he noted the abundance of ancient and historical buildings and stressed the importance of their preservation and maintenance to allow both domestic and international tourists to visit and study them.

He stated that for the public to freely relax along the Mawlamyine Strand Road, they will upgrade the pedestrian walk and construct areas for physical exercise and sports. Regarding the Mawlamyine Airport, he noted that they are planning and implementing the expansion of the airport and the further extension of domestic airline routes, which are already operating to Mawlamyine. Similarly, he mentioned that the railway sector is being enhanced through the upgrading and repairing of railway lines. However, he noted that the mining and bombing activities of some terrorists are disrupting the flow of goods, and while the State Government is providing and constructing basic infrastructure, some of these built roads, bridges, and buildings have been destroyed by saboteurs. He added that the need to reconstruct


Senior General Min Aung Hlaing views MSME products.

See Page 13





Senior General Min Aung Hlaing inspects the Yamanya Stadium.

*From Page 12*

what has been destroyed by these acts of sabotage is causing a delay in implementing projects for the greater development of the nation.

He then stated that they are planning to issue additional State Economic Promotion Funds required for agriculture, livestock, and production sectors, and he also stressed the importance of systematically repaying the capital loans provided by the State within the stipulated timeframe.

He also stated that they support regional economic development, emphasizing that just as agricultural work needs to be carried out systematically, livestock breeding must also be conducted systematically. He mentioned that they have made arrangements to ensure that agricultural products fetch fair prices, and noted that if production costs decrease, domestic commodity prices will also fall. He stressed the need to systematically carry out production by calculating the supply and demand necessary for the region, which would then allow surplus products to be exported to other regions and foreign countries, thereby contributing to increased regional income.

He stated that if they can increase the paddy yield per acre, it will greatly support food self-sufficiency in the region. He noted that the country is currently losing approximately US$8 billion annually because it fails to achieve the targeted yields per acre for both paddy and other key crops. Therefore, he urged efforts to increase the yields per acre. He emphasized that achieving the full paddy yield per acre requires systematic cultivation and ensuring correct and sufficient spacing between plants and rows. He concluded that by systematically utilizing Seed, Soil, Water, and Method, the yields per acre would improve.

Industrial, agriculture and livestock basic education high schools are being operated in districts of Mon State. However, the number of students attending these schools remains low. By operating these industrial, agriculture and livestock education basic education high schools, the region can secure essential human resources needed for local production industries. Livestock farming is particularly important for increasing the production of key food items such as meat, fish, and eggs, ensuring food security and affordable prices. If the region can produce sufficient meat, fish, and eggs, market prices for these products will stabilize. Therefore, livestock operations need to be systematically expanded, and cultivation of kitchen-use crops should also be increased. By producing high-value products such as frozen meat and fish for export to foreign markets with demand, these efforts can significantly contribute to national economic development.

To ensure the successful operation of such production industries, it is essential to have well-educated and skilled human resources. Therefore, education is being given special emphasis and promoted. In Mon State, although the matriculation pass rate is high, the rate of increasing the learning grades remains low, and support is needed to improve it. Efforts must also focus on raising transition rates compared to previous years and ensuring that all school-age children have access to education. Students who have taken matriculation exams but were unsuccessful, as well as those who only completed basic or middle education, should also be given employment opportunities and a chance to contribute to national development. Accordingly, Polytechnic schools are being opened and operated to provide training in relevant fields, enabling students to enter the workforce and participate in development efforts.

In the field of education, efforts are being made to develop sports programs at universities, colleges, and basic education schools to a high standard. Not only academic learning but also physical exercise and sports are necessary to produce healthy, strong, and capable human resources. Teachers are expected to ensure that their students achieve genuine literacy and are provided with solid foundations in knowledge, enabling them to navigate their future paths without unnecessary struggles.

Due to declining stability in the border areas, some border gates have been closed. It has been found that certain service personnel, as well as ethnic armed organizations that have signed peace agreements with the government, have been involved in illegal trade for their own benefit, without maintaining loyalty to the State. Such illegal trade not only prolongs the presence of armed groups in the border areas but also causes losses to the State, as the government does not receive the taxes and revenue it is entitled to. Similarly, efforts are being given priority to prevent online scams and online gambling in the border areas. Basic infrastructure used to support these illegal activities is being dismantled, and further decisive action will continue to eliminate them completely.

If successful cultivation of high-quality crops can be achieved in Mon State, it will contribute to greater economic development for both the region and the country. Regarding coffee, highland coffee is already being cultivated successfully in the country, and lowland varieties (Robusta) are also being grown. If lowland coffee is planted among long-term crops such as rubber, mango, and durian in Mon State, it could generate significant additional income. To support agricultural activities, river water projects are being implemented to ensure the necessary water supply for cultivation.

The government has provided appropriate methods, suggestions, and guidance to promote development across the country according to regional needs and has also implemented the necessary measures to support these efforts. The true beneficiaries of these initiatives are the local residents living in each region. The socioeconomic development of individuals and the growth of each region contribute to strengthening the national economy. Therefore, Mon State is urged to place emphasis on and actively work together to promote the development and progress of its own regions.

The Senior General interestingly viewed round display of the products of MSME businesses in Mon State at relevant booths and gave necessary guidance to officials.

On his inspection tour of the Yamanya Stadium of the Department of Sports and Physical Education under the Mon State Government, the Senior General heard reports on construction of the Yamanya Stadium and the sports ground for student at the state level, opening of the youth centre and construction of the Mon State sports park.

After asking about something he wanted to know, the Senior General guided that when reviewing and implementing planned projects, potential future conditions should also be considered to ensure actions yield long-term benefits. Sports fields should be developed to a high standard, allowing athletes to compete at appropriate levels, while spectators should be able to watch and support events in a manner consistent with state-level standards.

The Senior General inspected the Yamanya Stadium and gave necessary guidance to officials.

The Senior General and party viewed round the Mawlamyine Education Degree College in a motorcade. 100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects general staff, adjutant and quartermaster affairs of South East Command, speaks words of sympathy to officers, other ranks, families reciving treatments at local defence services hospital



Senior General Min Aung Hlaing gives guidance during the inspection of general staff, adjutant and quartermaster affairs of South East Command.

**Nay Pyi Taw November 16**

Chairman of the State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by senior officers from the Office of the Commander-in-Chief of Defence Services, inspected general staff, adjutant and quartermaster affairs of South East Command this morning.

First, Commander of South East Command Maj-Gen Kyaw Lin Maung reported to the Senior General on measures taken for security, territorial control and the rule of law in the areas of the command, facilitation of transportation security, demolition of illegally built online scam and gambling buildings in KK Park in Myawady Township in Kayin State, prevention of illegal trade, the rule of law and online scams and online gambling in border areas and others.

**Necessary to always emphasize security awareness of the region and the State**

After hearing the reports, the Senior General said it is necessary to successfully carry out tasks for operations, security and area control in the territory of the command, to emphasize security awareness of the region and the State, to always carry out all the required security tasks, to take measures to travel safely along all strategic routes in the areas of the command and to continue to combat online scams and gambling as a national duty.

All personnel in the area of the command are required to preserve the image of one's units and the institution out of the spirit of good warriors and to train oneself to be a systematically disciplined units with high capabilites of fighting. Battalions and units are required to take correct training measures to enhance their defence capabilities and to intill the will and morale to fight in individual personnel. It is also necessary to place emphasis on successfully holding the upcoming multi-party democracy general election. In conclusion, the Senior General urged local battalions and units to make efforts as much as possible for regional development and interests of the people in addition to security and defence affairs.

**Senior General cordially greets and speaks words of sampathy to patients**

Then, the Senior General proceeded to the local defence services hospital and asked officers and other ranks who were injured during their performance of national defence and security duties about the situations, in which they sustained injuries, and recovery processes cordially one by one, and spoke words of sympathy before fulilling the needs of them.

Then, the Senior General asked about the needs of the hospital and attended to the needs. 100



Senior General Min Aung Hlaing provides foodstuffs to a patient.

# Venezuelan president urges permanent vigil, mobilization against U.S. threats

**Caracas November 16**

Venezuelan President Nicolas Maduro on Saturday called for a permanent vigil and mobilization in the country's eastern region in response to the announcement of joint military exercises by the United States and Trinidad and Tobago in the Caribbean.

"I once again call on all the people of the eastern states -- from southern Bolivar, Delta Amacuro, Monagas, Sucre, Anzoategui and Nueva Esparta -- to maintain perfect unity among citizens, military forces and police, to stand vigil and march in the streets with the Venezuelan flag held high," Maduro said during a public event in Petare, in the northern state of Miranda.

He stressed that the call serves as a directive to all social and political sectors to remain alert and not fall for provocations.

Maduro made the remarks after Trinidad and Tobago announced a new deployment of military exercises with the United States, "using its waters off the coast of Sucre state."

He criticized the move as an attempt to threaten the regional peace, and reiterated his call for mobilization "with patriotic fervor" to reject what he described as aggression.

Trinidad and Tobago announced on Friday that it would resume military exercises with the United States, which maintains a deployment in the Caribbean. This marks the second joint drill in less than a month.

Maduro also addressed the American public, urging them to halt "the frenzied hand of those who order a war to be waged in South America and the Caribbean."

Xinhua

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၅၄၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး နိုဝင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၅၄၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဒီပဲယင်းမြို့နယ်တွင် ပဲတီစိမ်း ၃၉၃၉ ဧကစိုက်ပျိုးရန် လျာထားပြီး အဆိုပါ ပဲတီစိမ်းစိုက်ပျိုးမှုကို အောက်တိုဘာလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၅၄၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ပဲတီစိမ်း ဧက ၃၉၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့မှာ ဧက ၃၅၀၀ ကျော်ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိမယ်၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် ဒီပဲယင်းမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးမုတ်ပိဿာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ငပုတော နိုဝင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးမုတ်ပိဿာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ခိုင်က ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလက ငါးမုတ်ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငါးမုတ်ပိဿာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

" ဒေသထွက် ရေထွက်ကုန်တွေထဲမှာ ငါးမုတ်တွေပိုမိုတင်ပို့ရောင်းချအားကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ငါးမုတ်ပိဿာချိန် ၇၁၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကနေ ဒီဘက်က တင်ပို့ရောင်းချတဲ့ ငါးမုတ်တွေ အဝယ်လိုက်လာလို့ တင်ပို့အားတက်ခဲ့တာပါ။ ဒေသပွဲရုံတွေဆီ ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီဝင်လာတဲ့ ငါးတွေကလဲ လတ်ဆတ်မှုရှိပါတယ်"ဟု ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်ခိုင်က ပြောပြသည်။

ငပုတောမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးမုတ်များ အပါအဝင် ရေထွက်ကုန်များကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ငါးမုတ်တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဇေယျာသီရိမြို့နယ် ရွှေတွင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် နိုဝင်ဘာ ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေဆင်းကျေးရွာအုပ်စု ရွှေတွင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၅ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၈၅သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရွှေတွင်းကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ်သိန်း ၁၀၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၁၀၀ ကို ငွေကျပ် ၃၉၈ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၈၇ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၈၅ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နော်လူး**




# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# အုတ်တွင်းမြို့နယ် ဒေါင်းသိုက်ကျေးရွာ၌ ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး



**အုတ်တွင်း နိုဝင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် သံဘိုကျေးရွာအုပ်စု ဒေါင်းသိုက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၁၅ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဒေါင်းသိုက်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ သတ်မှတ် စံချိန်၊စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အုတ်တွင်းမြို့နယ် ဒေါင်းသိုက်ကျေးရွာ၌ လမ်းအရှည် ပေ၂၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း အသုံးပြုပြီး အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် နိုဝင်ဘာ ၂ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ဒေါင်းသိုက်ကျေးရွာရှိ အိမ်ခြေ ၅၅ အိမ်မှ လူဦးရေ၂၇၅ဦးတို့၏ သွားလာရေး လွယ်ကူစေမည် ဖြစ်ကြောင်း သိရသည်။ **ချိုလေး**


ကိုဗစ် - ၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် - ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွန်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

**ရှေ့ဖုံးမှအဆက်**

တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မွန်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ MSME လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှုနှင့်ရော်ဘာထုတ်လုပ်မှုများတိုးတက်စေရေးဆောင်ရွက်လျက်ရှိမှု၊ ရေထွက်ကုန်များထုတ်လုပ်လျက်ရှိမှုနှင့် နေလှန်းဆားများထုတ်လုပ်၍ ပြည်ပသို့တင်ပို့နေမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် MSME ထုတ်ကုန်များပြပွဲ၊ ပြိုင်ပွဲများကျင်းပပြုလုပ်လျက်ရှိမှု၊ ပြည်နယ်အတွင်း ပညာရေးကဏ္ဍမြှင့်တင်ရေးဆောင်ရွက်လျက်ရှိမှု၊ စက်မှု၊ စိုက်ပျိုးမွေးမြူရေးသင်တန်းကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိမှု၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များဖြင့် ဆန္ဒမဲပေးမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များကခရီးသွားလာမှုများပြားသည့်ပြည်နယ်ဖြစ်သည့်အတွက် ဟိုတယ်နှင့်တည်းခိုခန်းများတွင် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစနစ် အသုံးပြု၍ လျှပ်စစ်မီးပေးနိုင်ရေးရင်းနှီးမတည်ငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်ပေးစေလိုမှု၊ မွန်ပြည်နယ်အတွင်း၌ ခရီးစဉ်ဒေသများစွာဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်ထားရှိသဖြင့် လေကြောင်းခရီးစဉ် တိုးချဲ့ပျံသန်းပြေးဆွဲပေးစေလိုမှု၊ မျိုးစေ့ထုတ်စိုက်ခင်းများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မျိုးသန့်မျိုးပွားမျိုးစေ့(RS)များ ပံ့ပိုးပေးစေလိုမှု၊ ရော်ဘာစိုက်ပျိုးမှုလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးတို့အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးမွေးမြူရေးချေးငွေများ ထပ်မံထုတ်ပေးစေလိုမှု၊ ပြည်နယ်အတွင်း ဆန်စက်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးကူညီပေးစေလိုမှုနှင့် အခြားလိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

**တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေး**

တင်ပြမှုများနှင့်ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဟိုတယ်လုပ်ငန်းရှင်များ၏ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ထုတ်ချေးငွေများရရှိစေရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ လေကြောင်းခရီးစဉ်တိုးချဲ့ပျံသန်းပြေးဆွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ စပါးမျိုးသန့်မျိုးပွားမျိုးစေ့များ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများအတွက် လိုအပ်သည့် ရင်းနှီးမတည်ငွေများကို ထုတ်ချေးပေးထားပြီး ထပ်မံလိုအပ်မှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ကျေးရွာချင်းဆက်လမ်းကို အဆင့်မြှင့်တင်မှုများဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍ အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည့်အခြေအနေများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများအတွက် လိုအပ်သည့် ရင်းနှီးမတည်ငွေများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထုတ်ချေးပေးထားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ထပ်မံလိုအပ်သည့် ရင်းနှီးမတည်ငွေများကိုလည်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ မျိုးကောင်းမျိုးသန့်များ လုံလောက်စွာရရှိစေရေး တောင်သူများလက်ဝယ်သို့ ဖြန့်ဖြူးပေးလျက်ရှိမှု၊ မွန်ပြည်နယ်အတွင်း မြေနိမ့်ကော်ဖီ(ရိုဘက်စတာမျိုး)များ စိုက်ပျိုးဖြစ်ထွန်းနိုင်သဖြင့် စိုက်ပျိုးဆောင်ရွက်သွားကြရန်လိုအပ်မှု၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ဒေသနှင့်ကိုက်ညီသည့် မျိုးများဖြစ်စေရေး ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ရော်ဘာအထွက်နှုန်း ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိမှု၊ လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိမှု၊ မွန်ပြည်နယ်အတွင်း သစ်တောဖုံးလွှမ်းမှုများလျော့ကျလျက်ရှိမှု၊ ကမ်းရိုးတန်းဒီရေတောများ ပိုမိုတိုးချဲ့စိုက်ပျိုးပေးနိုင်မှု၊ သစ်တော၊ သစ်ပင်များ ပြုန်းတီးမှုမရှိစေရေး သစ်ပင်သစ်တောများ တိုးချဲ့စိုက်ပျိုးလျက်ရှိမှု၊ မွန်ပြည်နယ်အတွင်း ဝါးများပေါကြွယ်ဝစွာပေါက်ရောက်သည့်အတွက် ဝါးကိုအခြေခံသည့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်မှု၊ ပြည်သူများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးဆောင်ရွက်ပေးလျက်ရှိမှုနှင့် အခြားသက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

**မွန်ပြည်နယ်ရှိ ဒေသခံများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးနှင့် ဒေသစီးပွားရေးကောင်းမွန်ရေးအတွက် ဆွေးနွေးမှာကြား**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယခုတစ်ကြိမ် မော်လမြိုင်ခရီးစဉ်၌ မော်လမြိုင်ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို သိသာစွာမြင်တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ မွန်ပြည်နယ်သည် စီးပွားရေးတိုးတက်ကောင်းမွန်သည့်ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ မွန်ပြည်နယ်အတွင်း ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့်နေရာများစွာရှိကြောင်း၊ ထို့ကြောင့် **“အိမ်သာမှ ဧည့်လာမည်”** ဆိုသည့်အတိုင်း မိမိတို့မြို့ရွာပတ်ဝန်းကျင်များ သန့်ရှင်းသာယာလှပအောင်ဆောင်ရွက်သွားကြရန် လိုကြောင်း၊အလားတူရှေးဟောင်းသမိုင်းဝင်အဆောက်အအုံများလည်း များစွာရှိသဖြင့် ပြန်လည်ပြုပြင်ထိန်းသိမ်း၍ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လေ့လာနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း။

**မော်လမြိုင်ကမ်းနားလမ်းတစ်လျှောက် ပြည်သူများ လွတ်လပ်စွာအပန်းဖြေအနားယူနိုင်ရေးအတွက် လူသွားလမ်းကို အဆင့်မြှင့်တင်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်နိုင်သည့် နေရာများကို တည်ဆောက်ပေးသွားမည်ဖြစ်**ကြောင်း၊ **မော်လမြိုင်လေဆိပ် တိုးချဲ့နိုင်ရေးနှင့် ပြည်တွင်းလေကြောင်းလိုင်းများ အနေဖြင့် မော်လမြိုင်လေဆိပ်သို့ ဆင်းသက်ပြေးဆွဲလျက်ရှိပြီး ထပ်မံတိုးချဲ့ပြေးဆွဲနိုင်ရေးအတွက်လည်း မိမိတို့အနေဖြင့် စီမံဆောင်ရွက်လျက်**ရှိကြောင်း၊ အလားတူ မီးရထားပို့ဆောင်မှုကဏ္ဍမြှင့်တင်နိုင်ရေးအတွက်လည်း ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် အချို့သောအကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ကုန်စည်စီးဆင်းမှုကို အနှောင့်အယှက်ဖြစ်စေလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်း တည်ဆောက်ပေးလျက်ရှိသော်လည်း အဖျက်သမားအချို့ကြောင့် တည်ဆောက်ပြီး လမ်း၊ တံတား၊ အဆောက်အအုံများ ပျက်စီးခဲ့ရမှုများရှိကြောင်း၊ ၎င်းတို့ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့ရသည်များကို ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေရသဖြင့် နိုင်ငံတော်ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် နှောင့်နှေးနေရကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက်လိုအပ်သည့်နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကိုလည်း ထပ်မံထုတ်ချေးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်က ထုတ်ချေးပေးထားသည့် ရင်းနှီးမတည်ငွေများကိုလည်း သတ်မှတ်ထားသည့် အချိန်ကာလအတွင်း စနစ်တကျ ပြန်လည်ပေးဆပ်ကြရန်လည်း လိုကြောင်း။

မိမိတို့အနေဖြင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုအားပေးကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်လိုသကဲ့သို့ မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများထိုက်သင့်သည့်ဈေးနှုန်းများဖြစ်စေရေး မိမိတို့အနေဖြင့်စီမံဆောင်ရွက်ပေးထားကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များ လျော့နည်းလာမည်ဆိုပါက ပြည်တွင်းကုန်ဈေးနှုန်းများလည်းကျဆင်းလာမည်ဖြစ်ကြောင်း၊ မိမိတို့



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် မွန်ပြည်နယ်အတွင်းရှိ အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရာမညအားကစားကွင်း တည်ဆောက်ထားရှိမှုအခြေအနေများနှင့် ပတ်သက်၍ ပြည်နယ်လူမှုရေးရာဝန်ကြီးက ရှင်းလင်းတင်ပြစဉ်။

**မော်လမြိုင်ကမ်းနားလမ်းတစ်လျှောက် ပြည်သူများ လွတ်လပ်စွာအပန်းဖြေအနားယူနိုင်ရေးအတွက် လူသွားလမ်းကို အဆင့်မြှင့်တင်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်နိုင်သည့်နေရာများကို တည်ဆောက်ပေးသွားမည်ဖြစ် . . .**

**မော်လမြိုင်လေဆိပ် တိုးချဲ့နိုင်ရေးနှင့် ပြည်တွင်းလေကြောင်းလိုင်းများအနေဖြင့် မော်လမြိုင်လေဆိပ်သို့ ဆင်းသက်ပြေးဆွဲလျက်ရှိပြီး ထပ်မံတိုးချဲ့ပြေးဆွဲနိုင်ရေးအတွက်လည်း မိမိတို့အနေဖြင့် စီမံဆောင်ရွက်လျက်ရှိ . . .**

ဒေသတွင်းလိုအပ်သည့် ရောင်းလိုအားနှင့် ဝယ်လိုအားကိုတွက်ချက်၍ ကုန်ထုတ်လုပ်မှုများကိုစနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ ထိုမှတစ်ဆင့် ပိုလျှံသည့်ထုတ်ကုန်များကို အခြားဒေသများနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်သဖြင့် ဒေသဝင်ငွေတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ တစ်ဧကအထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းဝမ်းစာဖူလုံမှုကိုများစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စပါးစိုက်ပျိုးမှုအပါအဝင် ပန်းတိုင်ရည်မှန်းချက်ပေးထားသည့် သီးနှံများ တစ်ဧကအထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် နှစ်စဉ်အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံခန့်ဆုံးရှုံးနေရကြောင်း၊ ထို့ကြောင့် တစ်ဧကအထွက်နှုန်းများတိုးတက်စေရေးကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စပါးတစ်ဧကအထွက်နှုန်းပြည့်မီရေးအတွက် နည်းစနစ်တကျစိုက်ပျိုးရန်လိုပြီး ပင်ကြားတန်းကြားများပြည့်မီအောင် စိုက်ပျိုးကြရန်လိုကြောင်း၊ မျိုး၊ မြေ၊ ရေ၊ နည်းစသည့် လေးမျိုးကို စနစ်တကျအသုံးချ၍ စိုက်ပျိုးဆောင်ရွက်သွားမည်ဆိုပါက တစ်ဧက အထွက်နှုန်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း။

မွန်ပြည်နယ်နှင့်ပတ်သက်၍ ခရိုင်များအလိုက် စိုက်ပျိုးမွေးမြူရေးနှင့်စက်မှုအခြေခံပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထိုသို့ဖွင့်လှစ်ရာတွင် မွေးမြူရေးပညာရပ်အတွက် တက်ရောက်သည့် ကျောင်းသား၊ ကျောင်းသူဦးရေမှာနည်းပါးလျက်ရှိကြောင်း၊ အဆိုပါစိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအခြေခံပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် ဒေသ၏ကုန်ထုတ်လုပ်ငန်းများအတွက် မဖြစ်မနေလိုအပ်သည့် လူသားအရင်းအမြစ်များကို ရရှိမည်ဖြစ်ကြောင်း၊ စားရေရိက္ခာဖူလုံရေး၌အရေးပါသည့်အသား၊ ငါး၊ ဥများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် သက်သာသောဈေးနှုန်းရရှိစေရေး မွေးမြူရေးလုပ်ငန်းသည်အရေးကြီးကြောင်း၊ ဒေသအတွက်လိုအပ်သည့် အသား၊ ငါးနှင့် ဥများကို လုံလောက်စွာထုတ်လုပ်နိုင်မည်ဆိုပါက အသား၊ငါးနှင့်ဥများ၏ဈေးနှုန်းများတည်ငြိမ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျတိုးချဲ့ဆောင်ရွက်သွားကြရန်လိုသကဲ့သို့ မီးဖိုချောင်သုံးသီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ဒေသမှထွက်ရှိသည့် အသား၊ ငါးများကို အေးခဲအသား၊ ငါးများအဖြစ် အဆင့်မြင့် ကုန်ချောထုတ်ကုန်များပြုလုပ်ကာ ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည်ဆိုပါကလည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုများစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊

ထိုကဲ့သို့ ကုန်ထုတ်လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရေးအထူးအလေးပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မွန်ပြည်နယ်အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားသော်လည်း တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်းမှာ နည်းပါးနေသေးသဖြင့် အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ တန်းစဉ်ကူးပြောင်းမှု ရာခိုင်နှုန်းများ ယခင်ကထက်မြင့်မားလာစေရေး၊ ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းတက်ရောက်ပညာသင်ယူနိုင်ရေး အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်မှုမရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ၊ အခြေခံပညာအလယ်တန်းအဆင့်ပြီးဆုံးသည်အထိသာ ကျောင်းတက်ရောက်ခဲ့ရသူများကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရေး၊နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုလမ်းစဉ်များတွင် တစ်ဖက်တစ်လမ်းမှ အားဖြည့်ပါဝင်နိုင်ရေး စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ထို့ကြောင့် သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic ကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း။

ပညာရေးနှင့်ဆက်စပ်၍ တက္ကသိုလ်များ၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများ၌ အားကစားကို အဆင့်မီမီဆောင်ရွက်နိုင်ရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာသင်ယူရုံသာမကပဲ ကိုယ်လက်လှုပ်ရှား အားကစားကိုလည်း ဆောင်ရွက်မှသာလျှင် ကျန်းမာကြံ့ခိုင်သန်စွမ်းသည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများထွက်ပေါ်လာမည်ဖြစ်ကြောင်း၊ သင်ကြားရေးတာဝန်ယူထားရသည့် ဆရာ၊ ဆရာမများအနေဖြင့်လည်း မိမိတို့၏ တပည့်သားသမီးများ အမှန်တကယ်စာတတ်မြောက်စေရေး၊ အနာဂတ်ဘဝလမ်းခရီးကို ပညာရပ်များအသုံးချ၍ ပင်ပန်းကြောင့်ကြမှုကင်းစွာဖြတ်သန်းသွားနိုင်ရေးအခြေခံအုတ်မြစ်ကောင်းများ ချမှတ်ပေးနိုင်ရမည်ဖြစ်ကြောင်း။

နယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းမှုအားနည်းလာသဖြင့် အချို့သောနယ်စပ်ဂိတ်များကို ပိတ်ထားရကြောင်း၊ **အချို့သော ဝန်ထမ်းများ၊ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အပေါ်သစ္စာစောင့်သိမှုမရှိဘဲ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် တရားမဝင်ကုန်သွယ်မှုများတွင် ပါဝင်ပတ်သက်လျက်ရှိ**ကြောင်း၊ **ထိုကဲ့သို့ တရားမဝင်ကုန်သွယ်မှုများဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဒေသများရှိ လက်နက်ကိုင်အဖွဲ့အစည်းများကို သက်ဆိုးရှည်စေနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း ရသင့်ရထိုက်သည့်အခွန်အခများ ရရှိမှုမရှိသည့်အတွက် ထိခိုက်နစ်နာရလျက်**ရှိကြောင်း၊ အလားတူ **နယ်စပ်ဒေသများ၌ အွန်လိုင်းအသုံးပြုလိမ်လည်မှု(Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) ကျူးလွန်နေသူများမရှိစေရေးအလေးထားဆောင်ရွက်လျက်ရှိပြီး ၎င်းတို့အခြေပြုဆောင်ရွက်လျက်ရှိသည့် အခြေခံအဆောက်အအုံများကိုပါ ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍အမြစ်ပြတ်ချေမှုန်းရှင်းလင်းသွားမည်ဖြစ်**ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် မွန်ပြည်နယ်အတွင်း ဧရာတ်ကောင်းစိုက်ပျိုးမှုကိုအောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံ၏စီးပွားရေး ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ကော်ဖီနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် ကုန်းမြင့်ကော်ဖီများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသကဲ့သို့ မြေနိမ့်ကော်ဖီဖြစ်သည့် (ရိုဘက်စတာမျိုး)များ စိုက်ပျိုးဖြစ်ထွန်းသည်ကိုတွေ့ရကြောင်း၊ မွန်ပြည်နယ်တွင် စိုက်ပျိုးထားရှိပြီးဖြစ်သည့် ရော်ဘာ၊ မင်းကွတ်၊ ဒူးရင်းစသည့်နှစ်ရှည်ပင်များအတွင်း မြေနိမ့်ကော်ဖီကို သီးညှပ်စိုက်ပျိုးသွားမည်ဆိုပါက ဝင်ငွေများစွာတိုးတက်ဖြစ်ထွန်းလာစေနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်သုံးရေရရှိစေရေးအတွက်လည်း မြစ်ရေတင်စီမံကိန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် **နိုင်ငံတစ်ဝန်းလုံးတွင် ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ်စေရေး ဖြစ်သင့်ဖြစ်ထိုက်သည့် နည်းလမ်းများနှင့် အကြံပြုချက်များ၊ လမ်းညွှန်ချက်များပေးခဲ့ပြီး ဖြည့်ဆည်းပေးရန်လိုအပ်သည်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ**ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်း၏အသီးအပွင့်များကို အမှန်တကယ်အကျိုးခံစားရမည်မှာ ၎င်းဒေသတွင် နေထိုင်သည့် ဒေသခံများပင်ဖြစ်ကြောင်း၊ လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်မှု၊ ဒေသတစ်ခုချင်းစီအလိုက်ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် နိုင်ငံ့စီးပွားရေးအားသည်လည်းကောင်းလာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မွန်ပြည်နယ်အနေဖြင့်လည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်စေရေးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက်ထားတိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် မွန်ပြည်နယ်အတွင်းရှိအသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများမှထွက်ရှိသည့်ထုတ်ကုန်ပစ္စည်းများကို ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ်လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ်အစိုးရအဖွဲ့ အားကစားနှင့်ကာယပညာဦးစီးဌာန ရာမညအားကစားကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်ခန်းမတွင် ပြည်နယ်လူမှုရေးရာဝန်ကြီးက ရာမညအားကစားကွင်း တည်ဆောက်ထားရှိမှု အခြေအနေများ၊ ပြည်နယ် ကျောင်းသားအားကစားကွင်း တည်ဆောက်ထားရှိမှု အခြေအနေများ၊ လူငယ်စင်တာဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပြည်နယ်အားကစားဥယျာဉ် တည်ဆောက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက သိရှိလိုသည်များ ပြန်လည်မေးမြန်းပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နောင်တွင်ဖြစ်ပေါ်လာနိုင်မည့်အခြေအနေအရပ်ရပ်ကိုပါ ထည့်သွင်းတွက်ချက်၍ ရေရှည်အကျိုးဖြစ်စေသည့် ဆောင်ရွက်မှုများဖြစ်ရန် လိုကြောင်း၊ အားကစားကွင်းများသည် အဆင့်မီရမည်ဖြစ်ပြီး အားကစားသမားများအနေဖြင့် အဆင့်အတန်းရှိစွာဖြင့် ကစားနိုင်သည့်အနေအထားဖြစ်ရန်လိုသကဲ့သို့ ပွဲကြည့်ပရိသတ်များအနေဖြင့်လည်း ပြည်နယ်အဆင့်နှင့် လျော်ညီစွာ ကြည့်ရှုအားပေးနိုင်ရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ရာမညအားကစားကွင်းကိုကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ပညာရေးဒီဂရီကောလိပ် အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ အမှာစကားပြောကြားစဉ်။

☆ ကျောဖုံးမှအဆက်

တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှု၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်ရေးနှင့် လုံခြုံမှုရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသော တရားမဝင်ဆောက်လုပ်ထားသည့် KK Park အဆောက်အအုံများအား ရှင်းလင်းဆောင်ရွက်လျက်ရှိမှု၊ နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုများမရှိစေရေး၊ တရားဥပဒေစိုးမိုးရေး၊ အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများမရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိမှုနှင့် အခြားလိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

**ဒေသတွင်း လုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ပတ်သက်လာပါက အစဉ်အမြဲဂရုပြုနေရန်နှင့် အလေးအနက်ထား ဆောင်ရွက်သွားရန်လို**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း စစ်ဆင်ရေး၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အောင်မြင်အောင် လုပ်ဆောင်နိုင်ရန်လိုကြောင်း၊ ဒေသတွင်းလုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေးနှင့်ပတ်သက်လာပါက အစဉ်အမြဲဂရုပြုနေရန်နှင့် အလေးအနက်ထားဆောင်ရွက်သွားရန်လိုကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်သည့် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များအားလုံးကိုလည်း အမြဲမပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း မဟာဗျူဟာအရ အရေးကြီးသည့် လမ်းကြောင်းများအားလုံး လုံခြုံချောမွေ့စွာဖြင့် သွားလာအသုံးပြုနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊


**လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များအပြင် ဒေသဖွံ့ဖြိုးရေး၊ နယ်မြေခံလူထု၏ အကျိုးစီးပွားဖော်ဆောင်ရေးတို့ကိုလည်း သက်ဆိုင်ရာ နယ်မြေအလိုက်ရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ် . . .**

အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများကိုလည်း မိမိတို့အနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ ဆက်လက်ရှင်းလင်းတိုက်ဖျက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ တပ်များအားလုံး၊ စစ်သည်များအားလုံးအနေဖြင့် စစ်သည်တော်ကောင်းစိတ်ဓာတ်ဖြင့် မိမိတို့တပ်ဖွဲ့၊ အဖွဲ့အစည်း၏ဂုဏ်ကို ထိန်းသိမ်း စောင့်ရှောက်သွားကြရန်လိုကြောင်း၊ စည်းကမ်းစနစ်တကျရှိပြီး တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ ပြည့်ဝသည့် တပ်များဖြစ်စေရေးအတွက်လည်း ကြပ်မတ်လေ့ကျင့် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ကာကွယ်ရေးစွမ်းပကားမြင့်မားစေရေးအတွက်လည်း မိမိတို့တပ်ရင်း၊ တပ်ဖွဲ့များအလိုက် လေ့ကျင့်ရေးလုပ်ငန်းများကို မှန်မှန်ကန်ကန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးတစ်ယောက်ချင်းစီအလိုက် တိုက်ပွဲဝင်လိုသည့် စိတ်ဓာတ်၊ တိုက်ပွဲဝင်ရဲသည့်စိတ်ဓာတ်များ ရှိစေရေးအတွက်လည်း လုပ်ဆောင်ပေးရမည် ဖြစ်ကြောင်း၊ မကြာမီကျင်းပပြုလုပ်သွားမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စေရေးအတွက်လည်း လိုအပ်သည်များကို အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း၊ **လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များအပြင် ဒေသဖွံ့ဖြိုးရေး၊ နယ်မြေခံလူထု၏ အကျိုးစီးပွားဖော်ဆောင်ရေးတို့ကိုလည်း သက်ဆိုင်ရာ နယ်မြေအလိုက်ရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်**ကြောင်း ဖြင့် မှာကြားသည်။

**ဆေးရုံတက်ရောက် ကုသမှုခံယူနေသူများကို ရင်းရင်းနှီးနှီး လိုက်လံအားပေး**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မော်လမြိုင်တပ်နယ်ရှိ နယ်မြေခံ တပ်မတော်ဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကား ပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားစဉ်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များကို မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

**တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်**

နေပြည်တော် နိုဝင်ဘာ ၁၆

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆ဝ ဖြစ်သည်။ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **(မိုး/ဇလ)**

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြစ်ကြီးနားမြို့၌ လူမျိုးပေါင်းစုံယဉ်ကျေးမှုဖလှယ်ပွဲနှင့် တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ




**မြစ်ကြီးနား နိုဝင်ဘာ ၁၆**

ကချင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူးကျင်းပသည့် လူမျိုးပေါင်းစုံယဉ်ကျေးမှုဖလှယ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ဗဟိုအကြံပေးအဖွဲ့ဝင်များ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် မြန်မာ-တရုတ်-အိန္ဒိယ ကုန်စည်စီးဆင်းဖလှယ်ရေးအသင်းဥက္ကဋ္ဌတို့က လူမျိုးပေါင်းစုံယဉ်ကျေးမှုဖလှယ်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်းကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားများဖြစ်ကြသည့် ဂျိမ်းဖော၊ လော်ဝေါ်၊ လာချိဒ်၊ ဇိုင်ဝါး၊ လီဆူ၊ ရဝမ်မျိုးနွယ်စုခြောက်မျိုး၊ တိုင်းလိုင်၊ တိုင်းလုံ၊ တိုင်းလေ၊ တိုင်းဆာ၊ တိုင်းခမ်းတီ စသည့် ရှမ်းမျိုးနွယ်စု ငါးမျိုး၊ ဗမာတိုင်းရင်းသားမျိုးနွယ်စုတို့နှင့်အတူ ယှဉ်တွဲနေထိုင်လျက်ရှိကြသည့် ကရင်၊ ရခိုင်၊ ချင်း တိုင်းရင်းသားများစာပေနှင့် ယဉ်ကျေးမှုအကအဖွဲ့များ၊ တရုတ်၊ ဂေါ်ရခါး၊ ဆစ်ယဉ်ကျေးမှုအဖွဲ့များ စုစုပေါင်း အကအဖွဲ့ ၂၂ ဖွဲ့တို့က ရိုးရာယဉ်ကျေးမှုအလိုက် ဓလေ့ထုံးစံများကို ထုတ်ဖော်ပြသသည့် တေးသီချင်း၊ သရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေကပြတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အကအဖွဲ့ ၂၂ ဖွဲ့အတွက် တစ်ဖွဲ့လျှင် ငွေကျပ် ၁၀ သိန်းစီဖြင့် စုစုပေါင်းဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၂၀ ကို အကအဖွဲ့များထံ ပေးအပ်ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပသည့် ကချင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးဖလား တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်အားပေးကြသည်။

ဗိုလ်လုပွဲစဉ်အဖြစ် လာချိဒ်တိုင်းရင်းသားမျိုးနွယ်စုဘောလုံးအသင်းနှင့် ဇိုင်ဝါးတိုင်းရင်းသားမျိုးနွယ်စုဘောလုံးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ဇိုင်ဝါးမျိုးနွယ်စုအသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ရာ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက အသင်းလိုက်တတိယဆုရသည့် လော်ဝေါ်မျိုးနွယ်စုအသင်းအားတစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က အသင်းလိုက်ဒုတိယဆုရ လာချိဒ်မျိုးနွယ်စုအသင်းအားတစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပထမဆုရ ဇိုင်ဝါးမျိုးနွယ်စုအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၃၀ နှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**

# စင်ကာပူနိုင်ငံတွင်ကျင်းပသည့် ၁၂ ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေးနှင့်ပူးတွဲကျင်းပသည့် ဆွေးနွေးပွဲနှင့် အစည်းအဝေးများသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၆**

ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဋ္ဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံတရားလွှတ်တော်ချုပ် တရားသူကြီးချုပ် The Hon. Sundaresh Menon ၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်ထိ စင်ကာပူနိုင်ငံတွင် ကျင်းပသည့် ၁၂ ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီအစည်းအဝေးသို့ တက်ရောက်သည်။

အာဆီယံ တရားသူကြီးချုပ်များကောင်စီအစည်းအဝေးသည် ၂၀၁၃ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပသောအစည်းအဝေးဖြစ်ပြီး အဆိုပါအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များနှင့် တရားစီရင်ရေးဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

နိုဝင်ဘာ ၁၅ ရက်တွင် ပြည်ထောင်စုတရားသူကြီးချုပ်သည် စင်ကာပူနိုင်ငံတရားရုံးချုပ်၌ ကျင်းပသည့် ၁၂ ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေးသို့တက်ရောက်ပြီး အခြား အာဆီယံတရားသူကြီးချုပ်များ၊ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့နှင့်အတူ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ အာဆီယံတရားရေးပေါ်တယ် (ASEAN Judiciaries Portal) လုပ်ငန်းအဖွဲ့၊ တရားမမှုခင်းများဆိုင်ရာ (Civil Proceedings)လုပ်ငန်းအဖွဲ့၊ မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးနည်းပညာဆိုင်ရာ (Case Management and Court Tech-nology)လုပ်ငန်းအဖွဲ့၊ တရားစီရင်ရေးဆိုင်ရာလေ့ကျင့်ရေးနှင့် သင်ကြားရေးဆိုင်ရာ(Judicial Training and Educa-tion)လုပ်ငန်းအဖွဲ့၊ နိုင်ငံဖြတ်ကျော်ဖြစ်ပွားသည့် မိသားစုမှုခင်းဆိုင်ရာ ကလေးသူငယ်အငြင်းပွားမှုများ ဖြေရှင်းရေး (Cross-Border Disputes Involving Children) လုပ်ငန်းအဖွဲ့၊ ဗီဒီယိုကွန်ဖရင့်ဖြင့် အမှုကြားနာစစ်ဆေးခြင်းဆိုင်ရာ (Conduct of Video Conferencing Hearings)လုပ်ငန်းအဖွဲ့၊ အာဆီယံနှင့် အခြားမိတ်ဖက်နိုင်ငံများ တွေ့ဆုံဆွေးနွေးမှုပြုခြင်းဆိုင်ရာ (ASEAN + Meetings) လုပ်ငန်းအဖွဲ့နှင့် ရာသီဥတုဆိုင်ရာ တရားမျှတမှု (Climate Justice)လုပ်ငန်းအဖွဲ့တို့က ဆောင်ရွက်ပြီးလုပ်ငန်းများ၊ရရှိသည့်အောင်မြင်မှုများ၊ ဆက်လက်ဆောင်ရွက်မည့် အဆိုပြုချက်များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာများကို အာဆီယံတရားသူကြီးချုပ်များကောင်စီသို့ တင်ပြအတည်ပြုချက်ရယူကြရာ ပြည်ထောင်စုတရားသူကြီးချုပ်က မြန်မာနိုင်ငံတရားစီရင်ရေးနှင့် သက်ဆိုင်သည့်အကြောင်းအရာများကို ပါဝင်ဆွေးနွေးခဲ့သည်။




အစည်းအဝေးအပြီးတွင် ၁၂ ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးရလဒ်ဖြစ်သည့် စင်ကာပူကြေညာစာတမ်းကို အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များနှင့် ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်အားလုံးက ပါဝင်လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည်။

ပြည်ထောင်စု တရားသူကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၁၂ ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးနှင့်အတူ ပူးတွဲကျင်းပသည့် ဆွေးနွေးပွဲနှင့် အစည်းအဝေးများသို့ တက်ရောက်ခဲ့ရာ နိုဝင်ဘာ ၁၃ ရက်တွင် စင်ကာပူနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးတရားရုံးနှင့် စင်ကာပူနိုင်ငံ ဥပဒေအကယ်ဒမီတို့ ပူးပေါင်းကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အငြင်းပွားမှုများဆိုင်ရာဆွေးနွေးပွဲ (SICC-SAL Seminar on International Disputes)၊ နိုဝင်ဘာ ၁၄ ရက်တွင် လူမွဲခံယူခြင်းဆိုင်ရာအာဆီယံတရားသူကြီးများအစည်းအဝေး (ASEAN Insolvency Judges Meeting)၊ အာဆီယံဒေသတွင်း နိုင်ငံဖြတ်ကျော် ဥပဒေကျင့်သုံးမှုဆိုင်ရာဆွေးနွေးပွဲ (Seminar on Tran-snational Practice of Law in ASEAN)၊ လူမွဲခံယူခြင်းဆိုင်ရာ အာဆီယံတရားသူကြီးများနှင့် ကျွမ်းကျင်ပညာရှင်များ အစည်းအဝေး (ASEAN Insolvency Judges and Practitioners Meeting) နှင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အာဆီယံတရားသူကြီးများနှင့် ကျွမ်းကျင်ပညာရှင်များ အစည်းအဝေး(ASEAN IP Judges and Practitioners Meeting) တို့သို့ တက်ရောက်ဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးများနှင့် ဆွေးနွေးပွဲများသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူများပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | | | |
|---|---|---|---|---|
| ၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm) | ၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm) | ၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm) | ၄။ Myawady Webportal (https://myawady.net.mm) | ၅။ Myanmar National Portal (https://myanmar.gov.mm) |

# တရုတ်-မြန်မာ ၇၅ နှစ်မြောက် သံတမန်ဆက်ဆံရေးထူထောင်ခြင်းအထိမ်းအမှတ် ယဉ်ကျေးမှုဖလှယ်ရေးမြှင့်တင်မှု အစီအစဉ်တစ်ရပ်အဖြစ် တရုတ်ပုံရိပ်ရုပ်ရှင်ရက်သတ္တပတ်နှင့် တရုတ်-မြန်မာ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲကျင်းပ



ရန်ကုန် နိုဝင်ဘာ ၁၆

တရုတ်-မြန်မာ ၇၅ နှစ်မြောက် သံတမန်ဆက်ဆံရေး ထူထောင်ခြင်းအထိမ်းအမှတ် ယဉ်ကျေးမှုဖလှယ်ရေး မြှင့်တင်မှုအစီအစဉ်တစ်ရပ်အဖြစ် ၂၀၂၅ ခုနှစ် တရုတ်ပုံရိပ်ရုပ်ရှင် ရက်သတ္တပတ်နှင့် တရုတ်-မြန်မာ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ နေပြည်တော်ရုပ်ရှင်ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ရုပ်ရှင်ချစ်ပရိသတ်များ တက်ရောက်ကြသည်။

ဦးစွာ တရုတ်ပုံရိပ်ရုပ်ရှင်ရက်သတ္တပတ်နှင့် တရုတ်-မြန်မာ ရုပ်ရှင်ပွဲတော် ဖွင့်ပွဲမိတ်ဆက်ဗီဒီယိုကိုပြသသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျားက အမှာစကားပြောကြားသည်။ ယင်းနောက်ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယခင်က တရုတ်နိုင်ငံက လာရောက်ကျင်းပသည့် ရုပ်ရှင်ပွဲတော်များကို ရန်ကုန်၊ မန္တလေးမြို့ကြီးတို့တွင် နှစ်စဉ်ကျင်းပခဲ့သည်ဟုသိရပါကြောင်း၊ မြန်မာပရိသတ်များအနေဖြင့် တရုတ်ရုပ်ရှင်ဇာတ်ကားများကို ယခင်ကတည်းက နှစ်ခြိုက်ကြသည့်အတွက် တရုတ်ရုပ်ရှင်ပွဲတော်များတွင် စိတ်အားထက်သန်စွာ ကြည့်ရှုအားပေးခဲ့ကြပါကြောင်း၊ နိုင်ငံအချင်းချင်း၊ လူမျိုးအချင်းချင်းဆက်ဆံရာတွင် အချို့ပရိသတ်များသည် ဘာသာစကားနားမလည်သည့်တိုင် ရုပ်ရှင်၏ရိုက်ကူးဖော်ပြချက်များကြောင့် လူသားအချင်းချင်း၊ နှလုံးသားချင်း၊ ရင်ဘတ်ချင်း နားလည်မှုရရှိပြီး ပိုမိုရင်းနှီးလာစေပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြားတွင် ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ပြန်ကြားရေးနှင့် ယဉ်ကျေးမှုနယ်ပယ်တွင်လည်း နှစ်နိုင်ငံဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ကျင်းပသည့် ၂၀၂၅ ခုနှစ် တရုတ်ပုံရိပ်ရုပ်ရှင် ရက်သတ္တပတ်နှင့် တရုတ်-မြန်မာ ရုပ်ရှင်ပွဲတော် ဖွင့်ပွဲကိုလည်း မြန်မာပရိသတ်များအနေဖြင့် တရုတ်နိုင်ငံအကြောင်းကို ပိုမိုသိရှိနားလည်ပြီး နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို အရှိန်မြှင့်တင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုကဲ့သို့ တရုတ်-မြန်မာ ရုပ်ရှင်ပွဲတော်ကို ကောင်းမွန်သည့်အစဉ်အလာအဖြစ်ထိန်းသိမ်းရင်း နောင်လာမည့်နှစ်များတွင်လည်း ယခုထက် ဇာတ်ကားအရေအတွက် ပိုမိုပြသနိုင်ရန်နှင့် ပွဲတော်များကို ဆက်လက်ကျင်းပနိုင်ပါစေကြောင်း၊ တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုလည်း ပိုမိုခိုင်မြဲပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး "ဝူခုန်း"ရုပ်ရှင်ဇာတ်ကားပြသမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် တရုတ်ပုံရိပ်ရုပ်ရှင် ရက်သတ္တပတ်နှင့် တရုတ်-မြန်မာ ရုပ်ရှင်ပွဲတော်ကို နိုဝင်ဘာ ၁၉ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း ဝူခုန်း၊ မင်္ဂလာပါ မေမေ၊ လကမ္ဘာစွန့်စားခန်း၊ သူရဲကောင်း ရှစ်ရာ၊ ချစ်သော ဇာတိမြေ၊ စာဆိုတော်နှင့် ကြောင်နက်ရှင်၊ ကန္တာရခရီးသမား၊ အလွဲများနှင့်ဘဝ ဟူသည့် မြန်မာစာတန်းထိုး တရုတ်ရုပ်ရှင်ဇာတ်ကား ရှစ်ကားကို အခမဲ့ပြသသွားမည်ဖြစ်ကာ အမည်စာရင်းပေးသွင်း၍ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်ရှိ ဝဇီရာရုပ်ရှင်ရုံအား နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံ ကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ဗိသုကာကောင်စီဥက္ကဋ္ဌ၊ ရွှေတောင်ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဝဇီရာရုပ်ရှင်ရုံကို ၂၀၂၆ ခုနှစ် မတ်လ မတိုင်မီ ပြင်ဆင်ဆောင်ရွက်ပေးရန်နှင့် စံချိန်စံညွှန်းပြည့်ဝစွာ ပြင်ဆင်ပေးရန်၊ ထိုင်ခုံခင်းကျင်းမှုနှင့် အသံစနစ်၊ မီးစနစ်များ ကောင်းမွန်စေရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝဇီရာရုပ်ရှင်ရုံရှေ့ မြန်မာ့မီးရထားပိုင်မြေနေရာ၌ ယာဉ်ရပ်နားရန် လျာထားဆောင်ရွက်သွားမည့် နေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အစီအစဉ်ဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ပြည်သူ့အသိပညာပေးအစီအစဉ် (Public Service Announce-ment- PSA)ကို နာမည်ကျော်အနုပညာရှင်များဖြစ်ကြသည့် ရဲလေး၊ ဟဲလေး၊ မင်းစည်သူ၊ မျိုးမြတ်သူ၊ စိန်ဖြိုးလှိုင်၊ ဝိုင်းစုခိုင်သိန်း၊ စန္ဒီမြင့်လွင်၊ မေမဒီနှင့် ရီရီပွင့်ဖြူတို့နှင့် ရိုက်ကူးရေးဆောင်ရွက်မှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်၊ အနုပညာရှင်များနှင့် တွေ့ဆုံပြီး ရွေးကောက်ပွဲတွင် ပြည်သူများ လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မှန်ကန်စွာအသိပညာပေးနိုင်ရေး၊ ဆန္ဒမဲပေးခွင့်ရှိသော ပြည်သူများအနေဖြင့် မဲပေးခွင့်မဆုံးရှုံးစေရေးနှင့် နိုင်ငံနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဦးဆောင်နိုင်မည့်သူများအား မှန်ကန်စွာရွေးချယ်မဲပေးနိုင်ရေးတို့အတွက် အနုပညာရှင်များက ယခုကဲ့သို့ ဆန္ဒအလျောက်တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုအပေါ် ဂုဏ်ယူအသိအမှတ်ပြုပါကြောင်း၊ အနုပညာရှင်များအနေဖြင့်လည်း ပြည်သူချစ်သောအနုပညာရှင်များအဖြစ် အစဉ်အမြဲရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားကာ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၉)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆို




တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၉)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆိုနှုတ်ဆက်စဉ်။

နေပြည်တော် နိုဝင်ဘာ ၁၆

ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၉)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများ ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၉)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက အဆိုပါသင်တန်းသို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

# ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၆

**၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီဥက္ကဋ္ဌ ဦးရဲထွန်းက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



ဦးရဲထွန်း(ဥက္ကဋ္ဌ)၊ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ-**

ကျွန်တော်ကတော့ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံပါတီ) ဗဟိုအလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းဖြစ်ပါတယ်။ မိဘပြည်သူအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဂါရဝတရားရှေ့ထား၍ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ-**

ကျွန်တော်တို့ပါတီဟာ ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရေးအတွက် ၂၀၁၀ ပြည့်နှစ်ကတည်းက မှတ်ပုံတင်အမှတ်(၁၇)ဖြင့် တရားဝင် ရပ်တည်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သလို ၂၀၂၃ ခုနှစ်တွင် မှတ်ပုံတင်အမှတ်(၄၄)ဖြင့် ဆက်လက်ရပ်တည်ကာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ရွေးကောက်ပွဲမှာ အင်းစိန်ခရိုင်နှင့် တွံတေးခရိုင်တို့တွင် ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ရွေးကောက်ပွဲများနှင့် ထန်းတပင်မြို့နယ် မဲဆန္ဒနယ်တွင် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ပါဝင်အရွေးခံမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ-**

မြန်မာနိုင်ငံဟာ နယ်ချဲ့ဗြိတိသျှတို့၏ မတရားသိမ်းပိုက်ထားမှုအောက်မှာ နှစ်ပေါင်း ၁၀၀ ကျော် ကျွန်နိုင်ငံအဖြစ်နေခဲ့ရပြီး ကျွန်တော်တို့ ဘိုးဘွားများက အသက်သွေးချွေးပေးဆပ်စတေးကာ သူ့ကျွန်မခံတော်လှန်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲအလီလီကို ဆင်နွှဲခဲ့ကြသဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်မှာ လွတ်လပ်ရေးကြေညာနိုင်ခဲ့ပြီး ပါလီမန်ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကိုထူထောင်၍ ကမ္ဘာ့အလယ်မှာဝင့်ထည်စွာ ရပ်တည်နိုင်ခဲ့ပါတယ်။

သို့ပေမယ့် ၁၉၆၂ ခုနှစ် မတ် ၂ ရက်မှာ ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်သည့် တော်လှန်ရေးအစိုးရကို ဖွဲ့စည်းထူထောင်၍ ၁၉၇၄ ခုနှစ်၌ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းကာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဦးဆောင်သည့် တစ်ပါတီစနစ်ကို စတင်ကျင့်သုံးခဲ့ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ-**

ကျွန်တော်တို့မြန်မာနိုင်ငံဟာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သလို ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တစ်ပါတီစနစ်ကို ကျင့်သုံးခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေးကြိုးပမ်းခဲ့ကြသဖြင့် ၁၉၉၃ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အမျိုးသားညီလာခံကို ကျင်းပခဲ့ရာ ၁၅ နှစ်အကြာ ၂၀၀၈ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို အပြီးသတ်ရေးဆွဲနိုင်ခဲ့ပြီး မေ ၂၉ ရက်မှာ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ-**

အဲဒီနောက် ၂၀၁၀ ပြည့်နှစ် မတ် ၈ ရက်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့် လွှတ်တော်ရွေးကောက်ပွဲဥပဒေများထွက်ပေါ်လာခဲ့ရာ "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးခြင်းတည်းဟူသော ဝိသေသလက္ခဏာများနှင့် ငြိမ်းချမ်းသာယာသော လူနေမှုဘဝကိုပိုင်ဆိုင်သည့် နိုင်ငံဖြစ်ပေါ်ရေးအတွက် နိုင်ငံသားအားလုံးနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်" ဟု အဓိဋ္ဌာန်ပြုကာ ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR) ကို နိုင်ငံရေးပါတီအဖြစ် ထူထောင်ခဲ့ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ-**

ကျွန်တော်တို့ပါတီဟာ (၁) နိုင်ငံတော်အာဏာအရပ်ရပ်သည် နိုင်ငံသားများထံမှ ဆင်းသက်ရမည်ဟူသောမူကိုအခြေခံ၍ အမျိုးသားနိုင်ငံရေးဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံပေါ်ပေါက်ရေး၊ (၂) မတူကွဲပြားခြားနားသည့် သဘောထားအလျောက် နိုင်ငံရေးပါတီများ ဥပဒေနှင့်အညီ ထူထောင်ခွင့်ရှိပြီး တန်းတူညီမျှပါဝင်ယှဉ်ပြိုင်၍ နိုင်ငံတော်အာဏာကို ရယူသုံးစွဲခွင့်ရှိသော စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးသည့် နိုင်ငံတော်ဖြစ်ပေါ်ရေး၊ (၃) လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများနှင့်အညီ နိုင်ငံတော်နှင့်သက်ဆိုင်သည့် အရေးကိစ္စတိုင်းတွင် ဥပဒေနှင့်အညီ အခွင့်အရေးရှိသည့် နိုင်ငံသားတိုင်းက ကာယ ဉာဏ ဝီရိယ စွမ်းအားအလျောက် တန်းတူညီမျှ အခွင့်အရေးရှိသည့် လူနေမှုဘဝဖြစ်ပေါ်ရေး၊ (၄) အများစု၏ သဘောဆန္ဒကို အနည်းစုကလေးစားလိုက်နာခြင်း၊ အနည်းစု၏ သဘောဆန္ဒကို အများစုကတန်ဖိုးထား အသိအမှတ်ပြုခြင်းတည်းဟူသော ဒီမိုကရေစီကျင့်စဉ်အားကောင်းသည့်လူနေမှုဘဝဖြစ်ပေါ်ရေး၊ (၅) နိုင်ငံသားတိုင်း လူမျိုးဘာသာ၊ ဆင်းရဲ၊ ချမ်းသာ လိင်ကွဲပြားမှုကြောင့် တန်းတူညီမျှ အခွင့်အရေးခံစားခွင့်ရှိရေးကို ထိခိုက်မှုမရှိစေရန် အာမခံချက်ပေးနိုင်သည့် လူမှုဘဝဖြစ်ပေါ်ရေး၊ (၆) နိုင်ငံသားတိုင်း ကျန်းမာရေးစောင့်ရှောက်မှုကို အာမခံချက်ပေးနိုင်သည့် ဥပဒေပေါ်ပေါက်နိုင်စေရေး၊ (၇) နိုင်ငံသားတိုင်း၏ လုံခြုံမှုဆိုင်ရာ အာမခံချက်များရရှိစေရေး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ပညာရေးအာမခံချက်ရရှိစေရေး၊ (၈) နိုင်ငံသားတိုင်း အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိနိုင်ရန်အတွက် အတတ်ပညာ၊ နည်းပညာတို့ကို လွယ်ကူစွာသင်ကြားနိုင်စေရန် နိုင်ငံတော်မှပံ့ပိုးနိုင်ရေး၊ (၉) ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရများနှင့်လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သည့် မူဝါဒကျင့်သုံး၍ နိုင်ငံအတွက် အကျိုးရှိပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် နိုင်ငံခြားရေးမူဝါဒဖြစ်ပေါ်ရေး၊ (၁၀) တိုင်းရင်းသားလူမျိုးများ၏ဘာသာစာပေယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာဝိသေသလက္ခဏာများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ (၁၁) တောင်သူလယ်သမားတို့၏ ဘဝမြင့်မားလာစေရန် နိုင်ငံတော်မှ နည်းပညာ၊ ချေးငွေ၊ သီးနှံဈေးကွက်ရရှိရေးနှင့် စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲကျင့်သုံးနိုင်ရန် စက်ပစ္စည်းများဝယ်ယူတင်သွင်းခြင်း၊ စိုက်ပျိုးရေးသုံးပစ္စည်းများဝယ်ယူရေးတို့တွင် အခွန်အခများ သက်သာခွင့်ရရှိစေရန်၊ (၁၂) နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး အစဉ်အမြဲစောင့်ထိန်းနိုင်ရန် ခေတ်မီ၍အင်အားပြည့်ဝသော ကာကွယ်ရေးစနစ် ထွန်းကားလာစေရန် စသည့် ဦးတည်ချက်များထားရှိပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ-**

ကျွန်တော်တို့ပါတီဟာ (၁) လက်နက်ကိုင်ပဋိပက္ခ အမြစ်ပြတ်ချုပ်ငြိမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ (၂) ပါတီစုံဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ် ရှင်သန်ထွန်းကားရေး၊ (၃) လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊



ညီမျှခြင်း ဟူသော လောကပါလတရားများ ထွန်းကားရေး၊ (၄) ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်များကို အခြေခံ၍ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံထူထောင်ရေးဟူသည့် ရည်ရွယ်ချက်များထားရှိပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ-**

ကျွန်တော်တို့ပါတီဟာ (၁) ဒီမိုကရေစီစနစ်နှင့် ကိုက်ညီသော နိုင်ငံရေးစနစ်၊ ဈေးကွက်စီးပွားရေးနှင့် ကိုက်ညီသော စီးပွားရေးစနစ်၊ နိုင်ငံတော်နှင့် ပြည်သူကိုအကျိုးပြုနိုင်သည့် ဥပဒေပြုရေးစနစ်၊ ပြည်သူလူထုက ရွေးပိုင်ခွင့်ရှိသည့် အုပ်ချုပ်ရေးစနစ်၊ လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးစနစ်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ပညာသင်ကြားရေးစနစ်၊ အာမခံချက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်သော ကျန်းမာရေးစနစ်၊ နိုင်ငံသားတိုင်း ခွင့်တူညီမျှ ခံစားနိုင်သော မြေယာစနစ်၊ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများမှ အသိအမှတ်ပြုသော ငွေကြေးစနစ်၊ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါအန္တရာယ်တို့ကြောင့် ထိခိုက်မှုကိုတားဆီးကာကွယ်နိုင်သော စနစ်တို့ကို ခေတ်နှင့်အညီ အစဉ်အမြဲလွတ်လပ်စွာရှင်သန်တိုးတက် ဖြစ်ပေါ်လာစေရန် စီမံဆောင်ရွက်မည်။ (၂) နိုင်ငံသားများ၏ လွတ်လပ်ခွင့်များ အစဉ်အမြဲ ရှင်သန်နေစေရေးကိုရှေးရှု၍ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် သက်ဆိုင်သောအဖွဲ့အစည်းများ၊ လူထုလူတန်းစားနှင့်သက်ဆိုင်သောအဖွဲ့အစည်းများ၊ လူမှုရေးနှင့်သက်ဆိုင်သောအဖွဲ့အစည်းများ၊ ဘာသာရေးနှင့်သက်ဆိုင်သောအဖွဲ့အစည်းများ၊ စီးပွားရေးနှင့်သက်ဆိုင်သောအဖွဲ့အစည်းများ၊ အားကစားနှင့်သက်ဆိုင်သောအဖွဲ့အစည်းများ တည်ထောင်နိုင်ရေးအတွက် အားပေးဆောင်ရွက်သွားမည်ဟု လုပ်ငန်းစဉ်များချမှတ်ထားပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ-**

ကျွန်တော်တို့ပါတီဟာ (၁) နိုင်ငံတော်၊ နိုင်ငံသားနှင့် ပါတီ၏အရေးကိစ္စများကို ဆောင်ရွက်ရာတွင် လူ့ဂုဏ်သိက္ခာကင်းမဲ့ခြင်း၊ အများပြည်သူ၏ ကိုယ်ကျင့်သိက္ခာကို ထိခိုက်စေခြင်းမဖြစ်ပေါ်စေရန်၊ (၂) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာကောင်းများကို မပျက်ပြားစေဘဲ ဒီမိုကရေစီအခွင့်အရေးများ၊ အခြေခံလူ့အခွင့်အရေးများကို ပြည့်ပြည့်ဝဝကျင့်သုံးနိုင်ပြီး ငြိမ်းချမ်းစွာဖြစ်ပေါ်တိုးတက်ရေး နည်းလမ်းကို စောင့်ထိန်းလိုက်နာရန်၊ (၃) လူအုပ်စုဝါဒ၊ မင်းမဲ့ဝါဒ၊ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုဝါဒ၊ ဂိုဏ်းဂဏဝါဒ၊ အကြမ်းဖက်ဝါဒ၊ လူမျိုးရေးအစွန်းရောက်ဝါဒ၊ ဘာသာရေးအစွန်းရောက်ဝါဒတို့ကို ဆန့်ကျင်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကိုသာ ရှေးရှုဆောင်ရွက်သော နိုင်ငံရေးကျင့်စဉ်ကို စောင့်ထိန်းလိုက်နာကျင့်သုံးရန်၊ (၄) တိုင်းရင်းသားလူမျိုးများငြိမ်းချမ်းစွာစုပေါင်းနေထိုင်ခြင်း၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးခြင်းတည်းဟူသော ဝိသေသလက္ခဏာများ မပျောက်မပျက်ထာဝစဉ် ရှင်သန်သက်ဝင်နေသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်သိက္ခာရှိရှိရပ်တည်ရေးလမ်းစဉ်ကို စောင့်ထိန်းလိုက်နာရန် အခြေခံမူများချမှတ်ထားပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ-**

ကျွန်တော်တို့ပါတီဝင်တိုင်းဟာ နိုင်ငံတော်၊ နိုင်ငံသားများနှင့် ပါတီအပေါ်တွင် သစ္စာရှိခြင်း၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ခြင်း၊ တိုင်းရင်းသားအားလုံး ရင်းနှီးချစ်ကြည်ရေးနှင့် ပြည်ထောင်စုကြီးအဓွန့်ရှည်ကြာစွာတည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊

**စာမျက်နှာ ၂၂ သို့**

# ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တို့မှ ဥပဒေချုပ်များ၊ ဥပဒေအရာရှိများ၏ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ လုပ်ငန်းလမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကျင်းပ





**မန္တလေး နိုဝင်ဘာ ၁၆**

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တို့မှ ဥပဒေချုပ်များ၊ ဥပဒေအရာရှိများ၏ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ လုပ်ငန်းလမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လှမြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ ခရိုင်၊ မြို့နယ် ဥပဒေရုံးများမှ ဥပဒေအရာရှိများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ဥပဒေရုံးအဆင့်ဆင့်တို့သည် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍ သုံးရပ်လုံးတွင် ပါဝင်ဆောင်ရွက်နေရသည့် ဌာနအဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် ဥပဒေအရာရှိများ၏အခန်းကဏ္ဍသည် လွန်စွာအရေးကြီးပါကြောင်း၊ "ပြည်သူ့အတွက် တည်ဆောက်လျက် ဥပဒေယုံကြည်ချက်" ဟူသောဆောင်ပုဒ်ဖြင့် မူဝါဒများ၊ ရည်မှန်းချက်နှင့် တာဝန်များကို ၂၀၂၅-၂၀၂၉ မဟာဗျူဟာစီမံကိန်းတွင် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ဟုသိရှိရပါကြောင်း၊ "ဥပဒေပညာသည် အကျင့်သိက္ခာနှင့်ပြည့်စုံသည့်ပညာဖြစ်သည်"ဆိုသော ဥပဒေရေးရာဝန်ကြီးဌာန၏ဆောင်ပုဒ်နှင့်အညီ ဥပဒေအရာရှိများသည် ဥပဒေအရာရှိကျင့်ဝတ်၊ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ ကျင့်ကြံနေထိုင်ပြီး လုပ်ငန်းစွမ်းဆောင်ရည်နှင့် အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းများအဖြစ် စံနမူနာပြဖြစ်ရမည်ဖြစ်ပါကြောင်း၊ မိမိတတ်စွမ်းသည့် ဥပဒေအသိပညာများဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စေရေး၊ နိုင်ငံတည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး အခန်းကဏ္ဍများတွင် စွမ်းစွမ်းတမံနှင့် ပူးပေါင်းပါဝင်ထမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပခဲ့ပြီး ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တို့မှ ဥပဒေချုပ်များ၊ ဥပဒေအရာရှိများ၏ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ လုပ်ငန်းလမ်းညွှန်ချက်များကို မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်က ထပ်ဆင့် ရှင်းလင်းပြောကြားပြီးနောက် ဥပဒေရေးရာဝန်ကြီးဌာန ဦးစီးဌာနအသီးသီး၏ ညွှန်ကြားရေးမှူးချုပ်များ၏ လုပ်ငန်းလမ်းညွှန်ချက်များကို တိုင်းဒေသကြီးဥပဒေအရာရှိဒေါ်နော်သန်းသန်းငြိမ်းက ထပ်ဆင့်ရှင်းလင်းတင်ပြခဲ့ကြောင်း၊ ခရိုင်ဥပဒေအရာရှိများက လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီးဥပဒေအရာရှိများက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်းနှင့် အခမ်းအနားတွင် ဥပဒေရေးရာဝန်ကြီးဌာန၏ လှုပ်ရှားဆောင်ရွက်မှု Video clip ကို ပြသခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

**စာမျက်နှာ ၂၁ မှအဆက်**

နိုင်ငံသားများ၏ အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီအခွင့်အရေးများကို အားပေးမြှင့်တင်ကာကွယ်စောင့်ရှောက်ခြင်း၊ အမျိုးဘာသာ၊ သာသနာနှင့် နိုင်ငံတော်၏အကျိုးကို အားပေးမြှင့်တင်ကာကွယ်စောင့်ရှောက်သည့် အမျိုးသားရေးစိတ်ဓာတ်အစဉ်အမြဲထားရှိမွေးမြူခြင်း၊ မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာများကို မပျောက်မပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဒီမိုကရေစီကျင့်စဉ်ကို သက်ဝင်ယုံကြည်လိုက်နာကျင့်သုံးခြင်း စသည်တို့ကို "ပါတီဝင်များ၏ကျင့်ဝတ်" အဖြစ် သတ်မှတ်ကာ လေးစားလိုက်နာစောင့်ထိန်းကျင့်သုံးကြပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ–**

ကျွန်တော်တို့ပါတီ၏ အလံမှာ အနီရောင်အောက်ခံပေါ်တွင် အဝါရောင်ခွပ်ဒေါင်းနှင့် ကြယ်ဖြူ ၁၄ လုံး ပါရှိပါတယ်။ အလံ၏ အလယ်တွင် အားမာန်အပြည့်ဖြင့်ခုန်ခွပ်တော့မည့် ခွပ်ဒေါင်းပုံနှင့် ခွပ်ဒေါင်း၏ အောက်နှင့်အထက်တို့တွင် အရွယ်တူကြယ်ဖြူ ခုနစ်လုံးစီကို အတန်းလိုက် ဖော်ကျူးထားပါတယ်။ အနီရောင်အောက်ခံမှာ ရဲစိတ်ရဲမာန်ထက်သန်ခြင်းသဘောကိုဆောင်ပြီး ကြယ်ဖြူတစ်ဆယ့်လေးလုံးမှာ တိုင်းရင်းသားပေါင်းစုံ ရင်းနှီးချစ်ကြည်စွာအတူတကွစုပေါင်းနေထိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံကို ပြဆိုခြင်းဖြစ်ပါတယ်။ အားမာန်အပြည့်ဖြင့် ခုန်ခွပ်တော့မည့်ဟန်ရှိသည့် ခွပ်ဒေါင်းသင်္ကေတမှာ နိုင်ငံတော်နှင့် နိုင်ငံသား၏ အကျိုးစီးပွား အမျိုး ဘာသာ သာသနာ၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ကို ထိခိုက်ပျက်ပြားစေမည့် လုပ်ဆောင်ချက်များကို တွန်းလှန်တိုက်ဖျက်ချေမှုန်းရာတွင် လိုအပ်ပါကအသက်ကိုပင်စတေးမည်ဟူသည့် သဘောအဓိပ္ပာယ်ဆောင်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ–**

ကျွန်တော်တို့ပါတီဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်လည်းကောင်း၊ အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် နိုင်ငံသားတိုင်း တန်းတူရည်တူ လွတ်လပ်စွာပါဝင်ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ ငြိမ်းချမ်းစွာဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက်လည်းကောင်း၊ နိုင်ငံသားတိုင်းမွေးရာပါလူ့အခွင့်အရေးနှင့် ဒီမိုကရေစီလူ့အခွင့်အရေးများရရှိခံစားပိုင်ခွင့်ရှိသော လူနေမှုဘဝတစ်ခုကို ခိုင်ခိုင်မာမာ ထူထောင်နိုင်ရေးအတွက်လည်းကောင်း၊ ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင်ဖြစ်ပေါ်လာစေရေးကိုရှေးရှု၍ အထွေထွေဟန့်တားနှောင့်ယှက်မှုများအား ရှင်းလင်းဖယ်ရှားနိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းကြား၌ ဂုဏ်သိက္ခာရှိစွာ မိတ်ဝတ်မပျက်ပါဝင်ရပ်တည်နိုင်ရေးအတွက်လည်းကောင်း ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီကို ဖွဲ့စည်းတည်ထောင်ခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းရေး၊ မြန်မာ့ဂုဏ်ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်ရေးနှင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအပြည့်အဝရှိသည့် လူနေမှုဘဝဖြစ်စေရေးအလို့ငှာ အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြမည်ဟု အဓိဋ္ဌာန်ပြုပါတယ်။

ကျွန်တော်တို့ပါတီ၏ မူဝါဒသဘောထားနှင့် လုပ်ငန်းစဉ်များအကောင်အထည်ဖော်ရန် အသက် ၁၈ နှစ်ပြည့်ပြီးသည့် နိုင်ငံသားများက ပါတီဝင်ခြင်း၊ ရွေးကောက်ပွဲတွင် မဲပေးထောက်ခံခြင်းနှင့် လူအား ငွေအား အကြံဉာဏ်အားများဖြင့် ပံ့ပိုးပေးနိုင်ပါကြောင်းနှင့် ပါတီ၏ ဆောင်ပုဒ်မှာ "ခွပ်ဒေါင်းအားမာန် မြဲရှင်သန်၊ ရရန်မလွဲ ဒို့အောင်ပွဲ"ဖြစ်ကြောင်း အသိပေးတင်ပြအပ်ပါတယ်။

နိုင်ငံတစ်ဝန်းလုံးမှ မဲဆန္ဒရှင် မိဘပြည်သူအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းစွာဖြင့် ပါတီစုံဒီမိုကရေစီနိုင်ငံတည်ထောင်ရေးတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်နိုင်ကြပါစေဗျာ။

အားလုံးကို ကျေးဇူးတင်ပါတယ်။

ခွပ်ဒေါင်းကို မဲပေးစို့

တေးရေး/ဆို --- စွမ်းထက်

(တို့တွေ အတူတူ ချီတက်စို့လေ တို့တွေ အနာဂတ်ရဲ့မျိုးဆက်သစ်တွေ
တို့တွေ ရဲရင့်တဲ့စိတ်နဲ့ ဒီမိုကရေစီအောင်ပွဲကို ရောက်အောင်သွားမယ်
တို့တွေ ခွပ်ဒေါင်းကို မဲပေးစို့လေ တို့တွေအနာဂတ်ရဲ့ လမ်းပြလေးတွေ
တို့တွေ ပြည်သူ့ကိုယ်စားပြု ၈၈ မျိုးဆက်ကျောင်းသားတွေ ) ၂ ခေါက်ဆိုရန်
တို့တွေတို့တွေ အောင်ရမည်ပြည်သူ့ဘက်က မားမားရပ်တည်၈၈ မျိုးဆက်
ကျောင်းသားတို့သည် ပြည်သူ့အတွက်ဆို အလုပ်အကျွေးပြုမည်

တို့တွေ တို့တွေ နိုင်ရမည် ပြည်သူ့ဘက်က မားမားရပ်တည်
၈၈ မျိုးဆက် ကျောင်းသားတို့သည် ပြည်သူ့အတွက်ဆို အလုပ်ကျွေးပြုမည်

တို့တွေ တို့တွေ အောင်ရမည် ပြည်သူ့ဘက်က မားမားရပ်တည်
၈၈ မျိုးဆက် ကျောင်းသားတို့သည် ပြည်သူ့အတွက်ဆို အလုပ်ကျွေးပြုမည်

တို့တွေ အတူတူချီတက်စို့လေ တို့တွေအနာဂတ်ရဲ့ မျိုးဆက်သစ်တွေ
တို့တွေ ရဲရင့်တဲ့စိတ်နဲ့ ဒီမိုကရေစီအောင်ပွဲကို ရောက်အောင်သွားမယ်

တို့တွေ ခွပ်ဒေါင်းကို မဲပေးစို့လေ တို့တွေ အနာဂတ်ရဲ့ လမ်းပြလေးတွေ တို့တွေ ပြည်သူ့ကိုယ်စားပြု ၈၈ မျိုးဆက်ကျောင်းသားတွေ
( ခွပ်ဒေါင်း မဲပေးမယ် ) ၃ ခေါက်ဆိုရန်

## ထူးခြားသည့် ညအပူချိန်များ (၁၆–၁၁–၂၀၂၅)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဟားခါး | ၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | နမ့်စန် | ၁၀ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | လားရှိုး | ၁၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | မိုင်းယန်း | ၁၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟုမ္မလင်း | ၁၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | မင်းကင်း | ၁၂ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၆ ရက် ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၈၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၆

**ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးအေးလွင်က ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၁၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



ဦးအေးလွင်(ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ)

**မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်ကတော့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ ဥက္ကဋ္ဌ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ဦးအေးလွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့အား မင်္ဂလာညချမ်းပါဟု ဦးစွာပဏာမနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။

ကျွန်တော့်အနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ ဖွဲ့စည်းဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ဦးစွာတင်ပြပေးချင်ပါတယ်။

"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်" အမည်ရှိ ဤပြည်ထောင်စုကြီးအတွင်း၌ မှီတင်းနေထိုင်ကြကုန်သော ကျွန်ုပ်တို့ တိုင်းရင်းသားမျိုးနွယ်စုအားလုံးတို့သည် သမိုင်းမတင်မီကာလမှစ၍ ယနေ့ထက်တိုင် ဥမကွဲသိုက်မပျက် အေးအတူပူအမျှ အတူတကွ လက်တွဲနေထိုင်လာခဲ့ကြပါတယ်။ ပြည်ထောင်စုဖွား တိုင်းရင်းသားအပေါင်းတို့သည် ဤမြေပေါ်၌ပင် ပြည်ထောင်စုကြီး အစဉ်တည်တံ့ခိုင်မြဲရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးတို့ကို မိမိတို့၏ " ကိုယ်ပိုင်အမျိုးသားရေးအမြင် "၊ "ကိုယ်ပိုင်အမျိုးသားရေးဝါဒ " တို့ဖြင့် စဉ်ဆက်မပြတ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြပါတယ်။ ဤပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီကာလမှသည် ကိုယ်ပိုင်ယဉ်ကျေးမှုထုံးတမ်းစဉ်လာများနှင့် "လောကပါလတရားနှင့်အပရိဟာနိယတရား(၇)ပါး" တို့ကိုကောင်းစွာ ယုံကြည်လိုက်နာကျင့်သုံးခဲ့ကြခြင်းဖြင့် ဒီမိုကရေစီကျင့်စဉ်များနှင့်လည်း အကျွမ်းတဝင်ရှိခဲ့ကြပြီးဖြစ်ကြပါတယ်။ ထို့ပြင် လူ့အခွင့်အရေးကိုလည်း လေးစားလိုက်နာတန်ဖိုးထားခဲ့ကြပါတယ်။

သို့ရာတွင် ပြည်ထောင်စုကြီး၏ အကျိုးစီးပွားပျက်စီးရာပျက်စီးကြောင်းကိုသာ အစဉ်ရှေးရှုလုပ်ဆောင်ခြင်း၊ အပြုသဘောမဆောင်ဘဲ နေရာတကာတိုင်းတွင် "ဆန့်ကျင်ဖီလာစိတ်" ဖြင့် ပြည်ပစွက်ဖက်မှုနှင့် ပိတ်ဆို့မှုတို့ကို လက်ယပ်ခေါ်နေကြတဲ့ "အဆိုးမြင်ဝါဒ" လက်ကိုင်ပြုထားကြသူ ပြည်တွင်းပြည်ပ လက်ဝဲ/လက်ယာ မြေပေါ်/မြေအောက် "အစွန်းရောက်အဖျက်သမားများ၏ အမျိုးသားရေးနှင့် ပြည်ထောင်စုရေး - သစ္စာဖောက်မှု အသွယ်သွယ်" ကို "ပြည်ထောင်စုစိတ်ဓာတ် နှင့် အမျိုးသားရေးစိတ်ဓာတ် " အရင်းခံဖြင့် ဆန့်ကျင်ကာကွယ်တားဆီးကြရပေမည်။ တစ်ချိန်တည်းမှာပင် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်အားကောင်းပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုနိုင်ငံတော်သစ်ကြီး ဖော်ဆောင်နိုင်ရေး ဦးတည်ချက်အတိုင်း ကျွန်ုပ်တို့ ပြည်ထောင်စုဖွားမျိုးနွယ်စုအားလုံးက ဆက်လက်ချီတက်ကြရပေမည်။

ဤတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ကြစေခြင်းအလို့ငှာ " ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ " က "အမျိုးသားရေး "၊ " ဒီမိုကရေစီရေး "၊ " လူ့အခွင့်အရေး " စံသတ်မှတ်ချက်မူဘောင်အတွင်းမှမြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝကို တိုးတက်မှုအမြင့်မားဆုံးအဆင့်သို့ရောက်ရှိလာစေရေးအတွက် တိုင်းရင်းသားပြည်သူလူထုကြီးတစ်ရပ်လုံးနှင့်အတူ ညီညွတ်စွာလက်တွဲကြိုးပမ်းဆောင်ရွက်သွားပါမယ်။

ကျွန်ုပ်တို့ ပြည်ထောင်စုဖွားတိုင်းရင်းသားမျိုးနွယ်စုတစ်ရပ်လုံးက တန်းတူညီမျှ ငြိမ်းချမ်းစွာပါဝင်ခွင့်ရှိပြီး တန်းတူညီမျှအကျိုးခံစားခွင့်လည်းရရှိသော ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်သစ်ကြီးတစ်ရပ် ပေါ်ထွန်းလာစေရေး ဦးတည်ချက်ဖြင့် ဤ " ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ ( THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS PARTY ) " ကို ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒိုမီနီယမ်၊ တိုက်(F)၊ အခန်း(၀၃-၃) တွင် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်နေ့၌ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များ ဦးဆောင်မှုဖြင့် အမျိုးသားနိုင်ငံရေးအင်အားစုများပူးပေါင်းပါဝင်လက်တွဲကာ စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီသည် ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)၏ ဦးဆောင်မှု၊ အခြားအမျိုးသားရေးအင်အားစုများပူးပေါင်းဆောင်ရွက်မှုဖြင့် စီးပွားရေးပိတ်ဆို့မှုဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှု(၂၀၀၇)၊ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး အမျိုးသားလှုပ်ရှားမှု(၂၀၀၇) နှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး အမျိုးသားလှုပ်ရှားမှု(၂၀၀၉)တို့ကို ပြုလုပ်ဖော်ဆောင်ခဲ့ရာတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်ကာ "တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ပါဝင်ခွင့်ရှိသည့် အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍသစ်" တစ်ရပ်ဖြစ်ပေါ်လာစေရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေသည့် နောက်ခံသမိုင်းကြောင်းအခြေခံဖြင့် ပေါ်ပေါက်ဖြစ်တည်လာသော နိုင်ငံရေးပါတီတစ်ရပ်လည်းဖြစ်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော့်အနေဖြင့် ပါတီ၏မူဝါဒသဘောထားများကို ဆက်လက်တင်ပြပါမယ်။

လွတ်လပ်သည့် အမျိုးသားရေးဝါဒကို ပါတီတွင်းဒီမိုကရေစီကျင့်စဉ်နှင့်အညီ လိုက်နာကျင့်သုံးပါတယ်။ အပြန်အလှန်အားဖြင့် ဒီမိုကရေစီကျင့်စဉ်ကို လွတ်လပ်သည့် အမျိုးသားရေးဝါဒနှင့်အညီ လိုက်နာကျင့်သုံးပါတယ်။

နိုင်ငံသားများ၏ ကျင့်ဝတ်သိက္ခာ၊ အခွင့်အရေး၊ ရပိုင်ခွင့်နှင့် အကျိုးစီးပွားများကို ဆုတ်ယုတ်ပျက်ပြားစေသော ပြည်တွင်းပြည်ပ မည်သည့်လုပ်ဆောင်ချက်မျိုးကိုမဆို ဆန့်ကျင်ပါတယ်။

ပါတီ၏သဘောထားအမြင်များသည် ပါတီဝင်တစ်ရပ်လုံး၏ သဘောထားကို ထင်ဟပ်ပါတယ်။

လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားရေးကို ဦးတည်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ပါတီ၏ ဦးစားပေးလုပ်ငန်းစဉ်များကို ကျွန်တော့်အနေဖြင့် ဆက်လက်တင်ပြပါမယ်။

မြန်မာနိုင်ငံကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် အမြန်ဆုံးဖော်ဆောင်နိုင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခရပ်စဲရေးနှင့် နိုင်ငံတစ်ဝန်းအစဉ်ထာဝရငြိမ်းချမ်းရေး၊ ကမ္ဘာတည်သရွေ့ မြန်မာတိုင်းရင်းသားမျိုးနွယ်စုများ လူမျိုးမပျောက်မပျက်ဘဲ ဆက်လက်ရှင်သန်ရပ်တည်ရေးဆောင်ရွက်ပါမယ်။

နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သတင်းမီဒီယာများအရေးတို့ကို ကဏ္ဍအလိုက်ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ နိုင်ငံသားများ၏ စားဝတ်နေရေးနှင့် အခြေချနေထိုင်ရေး၊ အိမ်ခြံမြေ၊ စိုက်ပျိုးမြေ၊ အခြားလုပ်ငန်းသုံးမြေများရရှိရေး၊ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်အတွက် ပွင့်လင်းမြင်သာသည့် ဥပဒေများ ထွန်းကားလာရေး၊ အမှန်တကယ်စိုက်ပျိုးသော စိုက်ပျိုးမြေဧကအလိုက် ချေးငွေအပြည့်အဝထုတ်ပေးရေး၊ လယ်ယာသုံးစက်ကိရိယာဝယ်ယူရေးချေးငွေရရှိရေး၊ နိုင်ငံတစ်ဝန်းအကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့ကို ကြိုးပမ်းလုပ်ဆောင်သွားပါမယ်။



ပြည်ထောင်စုအဆင့်ရန်ပုံငွေစနစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်ရန်ပုံငွေစနစ်၊ အများပြည်သူ၏ဆန္ဒအလျောက် ထည့်ဝင်သည့်ရန်ပုံငွေစနစ်၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီဖြင့်ဆောင်ရွက်သောရန်ပုံငွေစနစ်ဖော်ဆောင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်နှင့်အညီ ကျင့်သုံးနိုင်ရေးတို့ကို ဆောင်ရွက်သွားပါမယ်။

ဘေးအန္တရာယ်ခံစားနေကြရသည့် နိုင်ငံသားများ၏ အရေးအတွက် ကယ်ဆယ်ရေး၊ ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအချိန်နှင့် တစ်ပြေးညီဆောင်ရွက်ရေးရန်ပုံငွေစနစ်ထားရှိရေး၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ထောက်ပံ့သည့် ဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများကို ပွင့်လင်းမြင်သာမှုရှိရှိ အသုံးပြုရေးဆောင်ရွက်သွားပါမယ်။

လူငယ်ကျောင်းသား၊ သက်ကြီးရွယ်အို၊ အမျိုးသမီး၊ မိခင်နှင့်ကလေးသူငယ်၊ မသန်စွမ်းသူများ၊ အချုပ်သားအကျဉ်းသား၊ ပြည်တွင်းရွှေ့ပြောင်းအလုပ်သမားများ၊ ပြည်ပတွင်အလုပ်အကိုင်ဖြင့် ရောက်ရှိနေသူများ၊ တောင်သူလယ်သမား၊ အလုပ်သမား၊ အသိပညာရှင် အတတ်ပညာရှင်၊ နိုင်ငံ့ဝန်ထမ်းနှင့် အငြိမ်းစားဝန်ထမ်းများ အစရှိသည့် လူတန်းစားအလွှာအသီးသီး၏ လိုအပ်ချက်များကို ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်တို့နှင့်အညီ ဖြစ်ပေါ်လာသော အခွင့်အလမ်းကောင်းများကို ပြည့်ပြည့်ဝဝရရှိခံစားနိုင်ရေး အသေးစိတ်မူဝါဒများချမှတ်ဆောင်ရွက်သွားပါမယ်။

မြို့ပြနှင့်ကျေးလက်ကွာဟမှုမရှိစေဘဲ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာရရှိနိုင်ရေး၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေးနှင့် ရေသွင်းစိုက်ပျိုးမြေဧရိယာတိုးချဲ့သတ်မှတ်ရေးဆောင်ရွက်သွားပါမယ်။

ကျောင်းသားလူငယ်၊ တောင်သူလယ်သမား၊ အလုပ်သမား၊ နိုင်ငံ့ဝန်ထမ်း၊ အငြိမ်းစားဝန်ထမ်းနှင့် အသိပညာရှင် အတတ်ပညာရှင်သမဂ္ဂများ လွတ်လပ်စွာဖွဲ့စည်းလှုပ်ရှားဆောင်ရွက်နိုင်ရေးနှင့် ရုံးအဆောက်အအုံမြေနေရာရရှိရေး ဆောင်ရွက်သွားပါမယ်။

ဗဟိုချုပ်ကိုင်မှုလျှော့ချရေး၊ အကျင့်ပျက်ခြစားမှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတို့အတွက် ဥပဒေအစီအမံများပြုလုပ်၍ ဆောင်ရွက်သွားပါမယ်။

**မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လိုက်လျောညီထွေဖြစ်စေရန် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများကို လွတ်လပ်စွာအပြိုင်အဆိုင်လုပ်ကိုင်ခွင့်ရရှိရေးနှင့် အလုပ်လက်မဲ့ပပျောက်ရေးဆောင်ရွက်ပါမယ်။

အမျိုး ဘာသာ သာသနာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုသည့် ဝံသာနုရက္ခိတ တရားများ ပိုမိုထွန်းကားပြန့်ပွားရေး၊ အမျိုးသားစာရိတ္တမဏ္ဍိုင်မြင့်မားရေး၊ အမျိုးသားစာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို

**စာမျက်နှာ ၂၄ သို့**

**စာမျက်နှာ ၂၃ မှအဆက်**

မပျောက်မပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့ကို ဆောင်ရွက်သွားပါမယ်။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကိုရှေးရှု၍ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု၊ စရိတ်မျှပေးကျန်းမာရေးစောင့်ရှောက်မှု၊ ပုဂ္ဂလိကပိုင်၊ အများပိုင်၊ ဖက်စပ်ပိုင်၊ သမဝါယမပိုင်နှင့် အခြားနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပိုင် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေထူထောင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုအာမခံထားရှိရေးလုပ်ငန်းများကို ဆောင်ရွက်သွားပါမယ်။

ဘက်စုံအတွေးအခေါ်အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်စေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးဖြစ်စေမယ့် စာမတတ်သူပပျောက်ရေး၊ မသင်မနေရ အခမဲ့အခြေခံပညာရေးစနစ်ဖော်ဆောင်ရေး၊ အသက်မွေးဝမ်းကျောင်းပညာရေး၊ စိတ်ကြိုက်ဘာသာရွေးချယ်သင်ကြားနိုင်သော တက္ကသိုလ်ပညာရေး၊ ပညာသင်ထောက်ပံ့ကြေးရန်ပုံငွေစနစ်ထူထောင်ရေး၊ ပညာရပ်ဆိုင်ရာ သုတေသနရန်ပုံငွေထူထောင်ရေးတို့ကို အထူးဦးစားပေးဆောင်ရွက်သွားပါမယ်။

အမျိုးသားပညာရည်မြင့်မားရေးကိုရှေးရှု၍ နိုင်ငံတော်ပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင်၊ ဖက်စပ်ပိုင်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပိုင် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများဖြစ်ပေါ်လာရေး ဆောင်ရွက်ပါမယ်။

လွတ်လပ်စွာကိုးကွယ်ယုံကြည်မှုနှင့် ဘာသာရေးအသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်ခွင့်တို့ကို အားပေးပါတယ်။ ထေရဝါဒဗုဒ္ဓဘာသာကို ဘိုးဘွားအမွေအနှစ်အဖြစ် တန်ဖိုးထားထိန်းသိမ်းကာကွယ်စောင့်ရှောက်ပါမည်။ ဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံ၏အများစုကိုးကွယ်ယုံကြည်သော ဝိသေသလက္ခဏာရှိသည့် ဘာသာတရားဖြစ်သည်ဟု အလေးအနက်တန်ဖိုးထားအသိအမှတ်ပြုပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား–**

တိုင်းရင်းသားဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်းစေရန်ဆောင်ရွက်ပါမယ်။

တိုးတက်ဖွံ့ဖြိုးမှု နောက်ကျနေသေးသည့် အရပ်ဒေသများရှိတိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားတန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အသိအမှတ်ပြုပါတယ်။

မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ခင်ဗျား –

နိုင်ငံတော်၏ အဓိကမဏ္ဍိုင်ကြီး(၃)ခုဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ယန္တရားအဆင့်ဆင့်၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် အများပြည်သူတို့၏ မွေးရာပါလူ့အခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေး၊ လွတ်လပ်ခွင့်များ၊ ရပိုင်ခွင့်များနှင့် ခံစားခွင့်များကို တစ်စုံတစ်ရာ ထိခိုက်နစ်နာမှုမရှိစေရန် ကာကွယ်စောင့်ရှောက်ပါမယ်။

တရားစီရင်ရေးစနစ်မူဘောင်အတွင်းမှ နိုင်ငံသားတိုင်း မည်သူမဆို တရားစွဲဆိုပိုင်ခွင့်၊ အမှုကျေအေးပိုင်ခွင့်၊ ထုချေပိုင်ခွင့်၊ အယူခံပိုင်ခွင့်တို့နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ တရားစီရင်ခွင့်ကို လွတ်လပ်စွာကျင့်သုံးခွင့် ရရှိနိုင်စေရန် ကာကွယ်စောင့်ရှောက်ပါမယ်။

နိုင်ငံတကာနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူနှင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒတို့ကို လက်ခံကျင့်သုံးမယ်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းသင်းဆက်ဆံရေး၊ မြန်မာနိုင်ငံသည် မည်သည့်နိုင်ငံကိုမျှ စစ်ရေးအရ စတင်တိုက်ခိုက်ခြင်းမပြုရေးနှင့် နိုင်ငံအတွင်းတွင် မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမှ တပ်ချခွင့်မပြုရေးတို့ကို ရပ်တည်ဆောင်ရွက်သွားပါမယ်။

**မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား–**

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ (UMFNP) ပါတီ၏ အလံနှင့် ပါတီသင်္ကေတတံဆိပ်တို့နှင့်ပတ်သက်၍ ဆက်လက်တင်ပြပါမယ်။

အောက်ခံအရောင်အနီ၊ အလယ်တွင် အဖြူရောင် အောက်ခံအဝိုင်းအတွင်း အစိမ်းရောင် ကဒေါင်းနှင့် ကဒေါင်း၏အောက်နှင့် အထက်တို့တွင် အရွယ်တူကြယ်ဖြူ(၇)လုံးစီကို အတန်းလိုက် ဖော်ကျူးထားပါတယ်။ အဲဒီအလံကို ပါတီအထိမ်းအမှတ်အလံအဖြစ် သတ်မှတ်ပါတယ်။

အနီရောင်သင်္ကေတသည် ရဲစိတ်ရဲမာန် ထက်သန်စေခြင်းသဘောကိုဆောင်သည်။ အလယ်ရှိ အဖြူရောင်နောက်ခံစက်ဝိုင်းသည် ဖြူစင်ခြင်းသဘောကိုဆောင်သည်။ အရွယ်တူ ကြယ်ဖြူ (၁၄)လုံးမှာ တိုင်းရင်းသားပေါင်းစုံ ရင်းနှီးချစ်ကြည်စွာ အတူတကွစုပေါင်းနေထိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံကို ပြဆိုခြင်းဖြစ်သည်။ အစိမ်းရောင် ကဒေါင်းသည် တိုင်းရင်းသားအားလုံး၏ စုပေါင်းအမည်နာမဖြစ်သည့် မြန်မာကိုကိုယ်စားပြုပြီး အမျိုးဘာသာသာသနာ ပညာ ထွန်းလင်းကာ စပါးဆန်ရေရတနာရွှေငွေဥစ္စာပစ္စည်း အထွေထွေပေါကြွယ်ဝခြင်းသဘောကိုဆောင်သည်။

**မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား–**

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ(UMFNP) ပါတီ၏ ဆောင်ပုဒ်ကတော့

**“ကောင်းကျိုးအထွေထွေရယ်နဲ့ ချွန်စေမြစေစော ဒေါင်းအိုးဝေရယ်နဲ့ တွန်စေကစေသောဝ..”**

ရွေးကောက်ပွဲမှာအသုံးပြုမည့် ပါတီဆောင်ပုဒ်ကတော့

**“လူမှန် မူမှန် နေရာမှန် ပြောင်းလဲခြင်းအမှန်ဖြစ်ဖို့ “က”ဒေါင်းပါတီကို မဲပေးစို့ ”** ဖြစ်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား–**

နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ရဲ့ လူဦးရေ (၇၀ ရာခိုင်နှုန်း)ရာခိုင်နှုန်းကျော်ဟာ ကျေးလက်ဒေသတွေမှာ နေထိုင်ကြပြီးတော့ လယ်ယာလုပ်ငန်းနှင့် အသက်မွေးကြပါတယ်။ လယ်ယာလုပ်ငန်းများ ခေတ်မီရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်ယန္တရားများကိုအသုံးပြုပြီး ထွန်ယက်စိုက်ပျိုးရိတ်သိမ်းနိုင်ရေး၊ လယ်ယာလုပ်ငန်းသုံးရင်းနှီးငွေနှင့် သွင်းအားစုများ ပြည့်ပြည့်ဝဝ ဖူဖူလုံလုံ ဖြည့်ဆည်းပေးခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုစရိတ်နှင့် သီးနှံဈေးနှုန်းများ တည်ငြိမ်မျှတရေး ထိန်းညှိဆောင်ရွက်ပေးခြင်း၊ လယ်ယာထုတ်ကုန်များကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရန် စီမံပေးခြင်းတို့ကို ပြုလုပ်ခြင်းအားဖြင့် လယ်ယာစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ နိုင်ငံသားအများစု၏ လူနေမှုဘဝဟာလည်း ပိုမိုမြင့်မားတိုးတက်လာမှာဖြစ်တဲ့အတွက်ကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအကျိုးစီးပွားကို အားပေးမြှင့်တင်ကာကွယ်ပေးသည့် ဥပဒေများလက်တွေ့ကျကျ ရှင်သန်အသက်ဝင်လာရေး၊ လယ်ယာမြေပြဿနာများ ဥပဒေနှင့်အညီ မြန်မြန်ဆန်ဆန်ဖြေရှင်းပေးရေးတို့ဟာ နောင်တက်လာမည့် ရွေးကောက်ခံလွှတ်တော်နှင့် ရွေးကောက်ခံအစိုးရအတွက် အရေးကြီးတဲ့ တောင်းဆိုချက်တစ်ခုဖြစ်လာပါတယ်။ အဲဒီတောင်းဆိုချက်အရ လွှတ်တော်ထဲကိုရောက်ဖို့အတွက် ကဒေါင်းတံဆိပ်နဲ့ ယှဉ်ပြိုင်အရွေးခံတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ (UMFNP) ပါတီကို မဲဆန္ဒရှင်မိဘပြည်သူအပေါင်းက မဲပေးထောက်ခံကြပါလို့ တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်လိုက်ပါတယ်။

“မဲဆန္ဒရှင် မိဘပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။”

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ်သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာသတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများ ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ❖ လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများရှိသူများအနေဖြင့် မိမိမှအခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်–

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျဝတ်ဆင်ခြင်း၊

(ခ) ပါးစပ်နှင့် နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ၊ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊

(ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။

- ❖ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည် (Hand Sanitizer)ဖြင့် မကြာခဏစနစ်တကျဆေးကြောခြင်း၊
- ❖ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့်အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့်အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

**ကျန်းမာရေးဝန်ကြီးဌာန**

ဗုဒ္ဓံ ဓမ္မံ သံဃံ

35 CORNER မျက်မှန်ဆိုင်

ပါဝါမျက်မှန်၊ နေကာမျက်မှန်၊ အလှတပ်မျက်ကပ်မှန်များကို နောက်ဆုံးပေါ်ကွန်ပျူတာစက်ကြီးများဖြင့် ကျွမ်းကျင်ဆရာဝန်ကြီးများ ကိုယ်တိုင်စမ်းသပ်စစ်ဆေးပေးနေပြီး မျက်မှန်ကိုင်းများကိုလည်း နေ့ချင်းပြီး ဆောင်ရွက်ပေးနေပါသည်။

'ဈေးချင်းတူလျှင် ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူလျှင် ဈေးပိုသက်သာရမည်။'

ဆိုင် (၁)၃၅ လမ်း × ၈၄ လမ်းထောင့် ။ Ph:09-880909030, 09-91001454 ဆိုင် (၂)၇၉ လမ်း × ၂၇ × ၂၈ လမ်းကြား ။ Ph:09-780678007
ဆိုင် (၃)၆၂လမ်း × ၁၀၉ လမ်းထောင့် ။ Ph:09-880909040







## အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၃၂၉၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ နိုဝင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၃၂၉၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၈၁၉၄ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၂၉၈ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"အရာတော်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ၈၁၉၄ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့မှာ ၃၂၉၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ကုလားပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့ တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမကပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် ကုလားပဲကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

## ကျောင်းကုန်းမြို့နယ် ကညင်သုံးဆင့်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း စစ်ဆေး

**ကျောင်းကုန်း နိုဝင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကညင်သုံးဆင့်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေး၊ မြို့နယ်ဦးစီးမှူး ဒေါ်ဝါဝါမြတ်မွန်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကညင်သုံးဆင့်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ အရှည် ၁ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မရှိ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့် အဆိုပါကုန်ထုတ်လမ်းပေါ်တွင် Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၉၆ ဒသမ ၉ သန်းဖြင့် ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများက ယခုနှစ် ဇွန်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**သံသာ**

ဝတ္ထုတိုကဏ္ဍ

# စံပယ်လိုမွှေး ဖွေးဖွေးဖြူ

**မောင်ခြိမ့်**



**ယမန်နေ့မှအဆက်**

(၅)

"ဟောဒီမှာ ငါးဖယ်ခုံးကြီးတွေနော်၊ တစ်ကောင်တစ်ကောင်ကို တစ်တောင်မကျော်ရင်မယူနဲ့။ ကြိုက်တဲ့လက်ဝါးနဲ့လာအုပ်ကြည့်လိုက်၊ ကျုပ်ငါးပြေမက လက်တစ်ဝါးမရှိရင် အလကားယူသွား။ ပါးဟက်ကိုဆွဲဖြဲကြည့်လိုက်၊ နီရဲမနေရင် ပါးရိုက်သွားလှည့်။ လာနော် ငေးမနေကြနဲ့။ လာချိန်ကြ၊ အေး နင်တို့ရောင်းပြီးလို့ ငွေလာမချေရင်တော့ သန်းကြည်မအကြောင်း သိတယ်မဟုတ်လား။ ငါ့လက်ဝါးက ပါးမရွေးဘူးနော်"

သူနိုင်ရာနိုင်ရာ စျေးသည်ကလေးများခေါ်ပြီး ဖောက်သည်ပေးနေသည်။ ရလာသည့် ငါး၊ ပုစွန်များက ပိဿာတစ်ရာကျော်ကြီးဆိုတော့ သန်းကြည်မတစ်ယောက်တည်း လက်လီထိုင်ပြီး ရောင်းနေလျှင် တစ်နံနက်ခင်းစာ အချိန်ကလေးအတွင်းမှာ ကုန်နိုင်ရန်လမ်းမမြင်၊ ညနေစျေးမှာ ရောင်းမယ်ဆိုပြန်တော့ ရေခဲရိုက်ရန်ရေခဲဖိုးက ကုန်ရဦးမည်။ ထို့ကြောင့် သူ့ပါးစပ်ထဲရှိသည့်စျေး၊ သူချိန်တွယ်ပေးသမျှမငြင်းဝံ့လောက်အောင် ချို့တဲ့ပြီး အရင်းများများမရှိရှာသည့် ခေါင်းရွက်ဗျပ်ထိုး လက်လီရောင်းသူများကို အတင်းမျှပေးလေ၏။

သူတို့လှေကလေးထဲတွင်တော့ လှောင်ထားသည့် လက်မောင်းလောက်၊ ခြေသလုံးလောက် ငါးရံ့ကြီးများ၊ ဝမ်းဗိုက်ဝါဝါနှင့် ငါးခူကြီးများ ကျန်နေသေးသည်။ သည်ငါးများကတော့ ရန်ကုန်ကို တိုက်ရိုက်တင်ပို့နေသော ငါးဒိုင်ကြီးဆီ ကိုယ်တိုင်သွားပို့ပေးရပေဦးမည်။

နံနက်ခင်းတစ်ခုလုံး ဖောက်သည်ယူ၍ရလာသမျှ ကိုယ်ချည်းအကုန်ရောင်းပစ်၍မဖြစ်သေး။ သူယခုလို ကုန်များဝယ်နိုင်အောင် အရင်းထုတ်ပေးထားသူက ထိုငါးဒိုင်သူဌေးဖြစ်၏။ ထို့ကြောင့် ရန်ကုန်တွင် ရောင်းပန်းလှသည့် ငါး၊ ပုစွန်များကျတော့ ထိုငါးဒိုင်ကြီးဆီ သွား၍ပို့ရသေး၏။ ဘယ့်နှယ် သည်သရွတ်သွတ်မြစ်မကြီးထဲက ရေများကို ကိုယ်တစ်ယောက်တည်း အကုန်သောက်၍ ဖြစ်သည်မဟုတ်။

သည်ညနေ ငါးဒိုင်မှာ ငွေသွားရှင်းရလိမ့်မည်။ စျေးနှုန်းစကားပြောရ၊ အောက်ကြို့တောင်းပန်သင့်တာတောင်းပန်ရ၊ မျက်နှာချိုသွေးရ၊ အလိုက်အထိုက်လိုက်ပြီးပြောရသည့် သည်လိုအလုပ်မျိုးတွေကိုတော့ သာဆောင်စိတ်မရှည်၊ ထို့ကြောင့် သန်းကြည်မနှင့်သာလွှဲထားလေ့ရှိသည်။ သန်းကြည်မ သဘော၊ ဘာမဆို သန်းကြည်မ လုပ်လာကိုင်လာခဲ့လျှင် ဝေဖန်ခြင်းမရှိ၊ ကန့်ကွက်ခြင်းမရှိ။ သူကတော့ သူလုပ်စရာအလုပ်များပြီးပြီဆိုလျှင် သူဝါသနာပါသော ဦးရည်ကလေးတစ်ကျိုက်၊ အမြည်းကလေးတစ်ကိုက်နှင့် အိမ်စောင့်မည်။

(၆)

နေကလေးအတော်စောင်းတော့ သန်းကြည်မတစ်ယောက် ရေချိုးပြီးပြီ၊ အလှပြင်ပြီးပြီ၊ အမွှေးနံ့သာတွေဆွတ်ဖျန်းပြီးပြီ။ ဘလောက်စ်အင်္ကျီ လှလှကလေးကိုဝတ်၊ ပြည်တွင်းဖြစ် ပါတိတ်ထဘီလတ်လတ်ကလေးကို အသက်အောင့်ပြီး ခါးမှာတင်းတင်းဆွဲပတ်ပြီးချိန်မှာတော့ သွားရန်အဆင်သင့်ဖြစ်ပြီ။

တစ်သားမွေးတစ်သွေးလှဆိုသော စကားရှိသော်လည်း တစ်သားမှမမွေးရသေးသည့်မိန်းမလောက်တော့ ရင်အလှ၊ တင်အလှတွေ လှနိုင်မှာမဟုတ်တာကတော့သေချာသည်။

မြစ်ကမ်းစပ်ကို မေးတင်ပြီးဆောက်ထားသည့် ငါးဒိုင်ကြီးသည် ဣန္ဒြေကြီးနှင့် သန်းကြည်မကို ငုံ့ကြည့်နေသည်။ ဘေးနှစ်ဖက်မှာကလည်း ငါးခြောက်ခွဲစင်များ၊ ငါးခြောက်လှန်းစင်များ၊ ငါးကျီးကျပ်တိုက်စင်များ တစ်မျှော်တစ်ခေါ်ကြီးမြင်နေရသည်။ ထိုစင်ကြီးများပေါ်တွင် ခေါင်းစား၊ အူစား၊ ပိဿာစားနှင့် ငါးခြောက်ခွဲနေကြသူတွေ ဟိုသွားသည်လာ အလုပ်ရှုပ်နေကြသည်။

ဟိုး ... အရင်တုန်းကတော့ ငါးရံ့ခြောက်ခွဲသူများက ခေါင်းရသည်။ အူရသည်။ နောက်ပိုင်းတွင် ငါးရံ့အူက လူကုံထံများ၏အစားအစာအဖြစ် လူကြိုက်များလာ၊ အဝယ်လိုက်လာ၊ စျေးကောင်းရလာသောအခါ၊ ငါးရံ့ခေါင်းဆိုတာကလည်း ခေါင်းခြောက်လှန်းချင်လှန်း သို့မဟုတ် စက်ဖြင့်ညက်ညောအောင်ကြိတ်ပြီး သုံးဦးစပ်ငါးပိထဲမှာ အစားထိုး၍ ရောမွှေလာသောအခါ ငါးဒိုင်ပိုင်ရှင်က မပေးတော့။

သည်တော့ တစ်ပိဿာခွဲပေးရန် ဘယ်၍ ဘယ်မျှဆိုသည့်ပိဿာစားစနစ်ကို ငါးဒိုင်လူကြီး တချို့ကကျင့်သုံးလာကြသည်။ ကျေနပ်ရင်ခွဲ၊ မကျေနပ်ဘူးနော်မခွဲနဲ့၊ ပြတ်ပြတ်ပါပဲ။ နောက်တွင် ခွဲချင်သည့်မိန်းမများက တန်းစီနေသည်မှာ ငါးပိပုပ်ပေါ်နားနေသည့်ယင်ကောင်များကဲ့သို့ မည်းမည်းတုတ်လို့နေသည်မဟုတ်လား။

စောစောက မြစ်ကူးကြိုးတံတားကြီးပေါ်တွင် တွဲလဲခိုနေသောနီဖျော့ဖျော့အဆင်းနဲ့ နေဘောလုံးကြီးသည် ယခုတော့ခပ်လှမ်းလှမ်းက မည်းမည်းပျပျတောတန်းကလေးထဲ ခြေတစ်ဖက်နင်းနေခဲ့ပြီ။ မှောင်ရီသန်းတော့မည်။ နေဝင်ချိန်တိမ်တောက်၍ ပျိုကြောက်သည့် သည်အချိန်ရောက်တော့မည်။

ငါးဒိုင်သူဌေးကတော်က ကောက်ညှင်းပေါင်းပူပူနှင့်စားဖို့ ငါးသလောက်အကွင်းလိုက်ကြော်နှင့် ငါးသလောက်ဥအမြောင်းမပျက် နီရဲနေအောင်ကြော်ထားတာတွေကြိုက်တတ်၍ ငါးဆင့်ကြွေရည်သုတ်ချိုင့်ကြီးထဲမှာပါလာခဲ့သည်။ လူဆိုတာ ပေးလျှင်ကမ်းလျှင်၊ ကျွေးလျှင်မွေးလျှင် မကြိုက်ပါဘူးဆိုသည့်လူ ရှားပါသည်။ ရှိသေပြလျှင်၊ ကျိုးနွံပြလျှင်၊ ခယပြလျှင် ပို၍တောင် သဘောကျတတ်ပါသေး၏။

သန်းကြည်မသည် လှော်လာသောလှေကလေးကို ငါးဒိုင်ကြီး၏ရေဆင်းတံတားမှာ အသာကပ်သည်။ ခပ်လှမ်းလှမ်းရှိ ငါးခြောက်ခွဲစင်ပေါ်တွင်တော့ ငါးခွဲနေသည့်မိန်းမများ ရယ်သံတွေ အုန်းအုန်းထလျက်ရှိသည်။

ငါးဒိုင်သူဌေးကြီး၏ ရုံးခန်းဘက်မှာတော့ လူသူရှင်းနေသည်။ သူဌေးထိုင်နေသောအခန်းထဲတွင် ဘက်ထရီမီးချောင်းကလေး ဖွင့်ထားသည်ကို တွေ့ရသည်။ စားပွဲမှာထိုင်ပြီး ဂဏန်းပေါင်းစက်တဖျတ်ဖျတ်နှိပ်နေသောသူဌေးက ချိုင့်ကြီးဆွဲကာ တစ်လှမ်းချင်းလှမ်းလာသောသန်းကြည်မကို လှည့်ကြည့်သည်။

ပြီးတော့ သူ့အကြည့်က သန်းကြည်မဆီကမခွာ။ အသားညိုစိမ့်စိမ့်၊ ရင်ထွားထွား၊ တင်ကားကား သန်းကြည်မ၏ လျှောက်လှမ်းလာပုံက ငေးကြည့်နေချင်စရာ။ ထိုအချိန်မှာပင် စားပွဲကလေးပေါ်မှာ တင်၍ဖွင့်ထားသည့် ရေဒီယိုကလေးဆီက သီချင်းသံကလေးက လွင့်ပျံ့လျက်ရှိသည်။ ဆရာမြို့မငြိမ်းရေးစပ်ဖွဲ့ဆိုထားသော ရေချိုးဆိပ်သီချင်းဖြစ်သည်။

ဘာတဲ့ "ကုန်းပေါ်က လူပျိုကလေးရယ်၊ ဘာကိုငေးတယ် သိနိုင်ပြီဘူးကွယ်"

ငါးဒိုင်ပိုင်ရှင်သူဌေးသည် ဝင်းနေသောရွှေသွားကြီးများပေါ်နေအောင် ပြုံးပြလိုက်သည်။

"လာ ... လာလေ သန်းကြည်မ ထိုင်ထိုင်"ဟု လောကဝတ်ပြု၏။ သူဌေးကိုရွှေသွား၏စကားတွေထဲမှာ တစ်စုံတစ်ခုသောပယောဂများကပ်ငြိနေသည့် အလား တုန်ခါလှိုက်မောသံများရောထွေးနေသည်။

တစ်ပတ်အတွင်း ငါးဒိုင်ကိုပို့ထားသည့် ငါးပုစွန်ပိဿာချိန်များကို ယနေ့ပေါက်စျေးနှင့် မြှောက်ပြီးပေါင်းသည်။ ပြီးတော့ သန်းကြည်မ ကြိုတင်ယူထားသော ငွေနှင့်အပေါင်းအနုတ်လုပ်ပြီးသောအခါ စာရင်းရှင်းခြင်းကိစ္စပြီးသွားပြီ။

သူဌေးက ကုလားထိုင်ပေါ်မှာတင် ခါးကော့၍ အညောင်းဆန့်ပြီး ဟူးခနဲသက်ပြင်းကြီးကိုမှုတ်ထုတ်သည်။ အပြင်ဘက်တွင်တော့ ပိန်းပိတ်မတတ်မှောင်စပြုပြီး ဆောင်းကာလပေမို့ နေကအဝင်စောလှသည်။

သူ့ကိုသာစိုက်ကြည့်နေသော သူဌေးကိုကြည့်ကာသန်းကြည်မအနေခက်လာသည်။ "အစ်မတို့ကောမမြင်ပါလား။ ကလေးတွေအသံလဲမကြားဘူး။ အစ်မအတွက် ငါးသလောက်ကြော်တွေယူလာတယ်" ဟု ပြောပြီး ဘေးနားအသာချထားသော ငါးဆင့်ချိုင့်ကြီးကိုယူ၍ စားပွဲပေါ်တင်လိုက်ပြီး ပြန်ရန်ဟန်ပြင်လိုက်သည်။

"အိမ်ကမိန်းမက ရန်ကုန်စံပြငါးစျေးက ဒိုင်ကြီးမှာ စာရင်းသွားရှင်းတယ်လေ။ ယောက္ခမကြီးက တွေ့ချင်တယ်ဆိုတာနဲ့ ကလေးတွေပါခေါ်သွားလေရဲ့။ အနည်းဆုံးတစ်ပတ်ဆယ်ရက်တော့ကြာမှာပေါ့။ ဒါကြောင့် အစ်ကိုကြီးတစ်ယောက်တည်း ပျင်းနေတာ။ သန်းကြည်မရောက်လာတာနဲ့ အတော်ဖြစ်သွားတာ၊ ဒီကနေ့ညစာတောင် ဘယ်မှာသွားစားရင်ကောင်းမလဲလို့စဉ်းစားနေတာ"

ငါးဒိုင်သူဌေးက သန်းကြည်မ၏လက်ကလေးကို ငါးဆင့်ချိုင့်လက်ကိုင်ပေါ်မှာ အုပ်ကိုင်ရင်း၊ စပ်ဖြဲဖြဲနှင့်ပြုံးရင်းပြောလိုက်သည်။

မိန်းမရှိတုန်း၊ မိန်းမရှေ့မှာတုန်းကဆို သုံးနှစ်ငါးပိကောင်အမြီးမထောင်နိုင်သလို ပိပြားငြိမ်ဝပ်နေခဲ့ပြီး မိန်းမလည်းကွယ်ရော မျှားချိတ်မိသည့်ငါးစင်ရိုင်းလို ဖျပ်ဖျပ်လူး ဣန္ဒြေမရဖြစ်နေသည့် သူဌေးကိုကြည့်ပြီးအံ့သြမိသည်။

သူ့ပိုက်ဆံ၊ သူ့ငွေကြေးနှင့် ရောင်းဝယ်ဖောက်ကားပြီး အလုပ်လုပ်နေရသူမို့ တစ်ခါတစ်ခါ ပရောပရည်ထိကပါးရိကပါး အပြောအဆိုများကို မသိယောင်ဆောင်ပြီး အဆင်ပြေအောင် ဆက်ဆံနေခဲ့ရသော်လည်း ကိုယ်ထိလက်ရောက်တော့ ဘယ်တော့မှအဖြစ်မခံခဲ့ပေ။

"သန်းကြည်မလိုတာရှိရင်ပြောလေ၊ သန်းကြည်မအတွက်ဆို အစ်ကိုကြီး ဘာမဆိုဖြစ်အောင်လုပ်ပေးမှာသိလား"

စကားများတတွတ်တွတ်ပြောရင်း သန်းကြည်မလက်မောင်းနှစ်ဖက်ကိုကိုင်ပြီး သူဆွဲယူလိုက်စဉ် ထောင်းခနဲထလာသောဒေါသကို ချက်ချင်းမျိုချ၍ ဖျတ်ခနဲမြှောက်တက်လာသော ညာလက်ဝါးကို သတိဖြင့်အသာပြန်၍ ထိန်းလိုက်ရသည်။

"အို ... သူဌေးကလဲ ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ၊ တံတားပေါ်မှာ ကိုသာဆောင်ပါလာတယ်"

ပြောပြောဆိုဆိုနှင့် အသာရုန်းထွက်ပြီး ရေဆင်းတံတားဆီ အပြေးကလေးဆင်းလာခဲ့ရလေသည်။

သန်းကြည်မ၏နောက်တွင် သူဌေး၏ကြိတ်မနိုင်ခဲမရဖြစ်ပြီး "ဟင်း"ခနဲ သက်ပြင်းချသံကြီး ကပ်၍ပါလာခဲ့သေးသည်။ ရင်တွေပန်းတွေတုန်ရင်း ရေဆင်းတံတားမှာ ကပ်ထားသည့်လှေကလေးကို ကြိုးအမြန်ဖြေပြီး အမြန်ဆုံးလှော်ထွက်လာခဲ့ရသော်လည်း ရင်တွေတဒိတ်ဒိတ်ခုန်နေတာတော့ မရပ်ချင်သေး။

ကြည့်စမ်း ... ယောကျ်ားဆိုသည့် ဘုန်းတန်ခိုးများ တယ်လည်းကြီးပါပေ၏။ ကိုသာဆောင်ပါလာတယ်ဟုဆိုလိုက်သော သန်းကြည်မ၏ နှုတ်ထွက်စကားကိုကြား၍ သူဌေးလက်လျှော့သွားခြင်းဖြစ်သည်။ နို့မို့ဆိုရင်တော့ တွေးဝံ့စရာမရှိ။ ထို့ကြောင့်ပင် ရှေးပညာရှိများ စကားထားခဲ့ကြခြင်းဖြစ်လိမ့်မည်။ မောင်တစ်ကျိပ်ပင်ရှိလင့်ကစားလင်မရှိသော

စာမျက်နှာ ၂၇ သို့ á

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး



**စစ်ကိုင်း နိုဝင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၃၆၂ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ဩဂုတ်လမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၅၅ ဒသမ ၅၈ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မြောင်မြို့နယ်မှာ မြေပဲ ၁၅၃၆၂ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ ကတော့ အောင်မြင်တဲ့အနေ အထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့ အနေအထား မှာရှိပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

(၂၀၆)

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၆၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် နိုဝင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၆၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်အေးဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက ငါးရှဉ့်ပိဿာချိန် ၅၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၆၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ငါးရှဉ့်တွေသိသိသာသာကို ဝယ်လိုအားကောင်းခဲ့ပြီး ငါးရှဉ့်ပိဿာချိန် ၆၈၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်က ထွက်ရှိတဲ့ငါးရှဉ့်တွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ အခုလို ငါးရှဉ့်တွေတင်ပို့အားကောင်းလာတော့ ငါးရှဉ့်မွေးမြူရေးလုပ်ငန်းရှင်တွေနဲ့ ရေလုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေအဆင်ပြေလာပါတယ်"ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးဝင်းက ပြောပြသည်။



ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ရေထွက်ကုန်များကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးရှဉ့်များကို ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိပြီး လက်ရှိငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# နိုင်ငံ့သစ္စာ

\- ပြည်နိုင်ငံ ငြိမ်းချမ်းရေး
ထိန်းထမ်းမနေး သယ်ပိုးမည်၊
အဖျက်ရန် မှန်သမျှ
တိုက်ထုတ်လှမ်းချီ၊
စည်းလုံးခြင်း လက်တွဲညီ
အခက်ခဲမတည် အောင်မြင်ဖို့၊
နိုင်ငံကို သစ္စာမဖောက်
တည်ဆောက်ပါစို့။

\- အတွေးတွေ အစွန်းမရောက်
လမ်းမကောက် ဖြောင့်မတ်ပါ၊
ရွေးနိုင်ငံ ဂုဏ်သတင်း
ထွန်းလင်းစေရာ၊
ပညာဖြင့် ချင့်ချိန်ကာ
အသိဉာဏ်မှာ မွန်မြတ်၊
အမိနိုင်ငံ ကာကွယ်ရေးကို
တွေးရှုဆုံးဖြတ်။

\- အစွန်းရောက်လျှင် အကျိုးမလှ
အဆိုးဘဝ တွေ့ရဖွယ်၊
စည်းရိုးကို လုံခြုံလျက်
ရှေ့ဆက်ကာကွယ်၊
သွေးထိုးစကား ရှောင်ကြဉ်ပယ်
အမှောင်မခင်တွယ် ရှင်သန်ရေး၊
ပြည်ရွာဂုဏ် တိုးတက်လှမ်းဖို့
ကြိုးပမ်းစို့လေး။ ။

**ဖြိုးထက်(ရေစကြို)**

# သနပ်ပင်မြို့နယ် ကလိုင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သနပ်ပင် နိုဝင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကလိုင်ကျေးရွာအုပ်စု ကလိုင်ကျေးရွာ၌ ကျေးရွာရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ကလိုင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ကလိုင်ကျေးရွာ၌ ဂါလန် ၂၄၀၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်း၊ အရှည်ပေ ၅၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၄၈ ဒသမ ၅ သန်း အသုံးပြုကာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ဇူလိုင်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၆ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နွဲ့ယဉ်**

á စာမျက်နှာ ၂၆ မှအဆက်

မိန်းမသည် အချည်းနှီးတည်းတဲ့။ တံခွန်မရှိတဲ့ရထားတဲ့။ ယောကျ်ားမရှိတဲ့ မိန်းမတဲ့။ တယ်လည်းမှန်ပါလားနော်။ အိမ်က ခင်ပွန်းဖြစ်သူ၏တန်ဖိုးကို သန်းကြည်မ ယခုသိလိုက်ပြီ။ ကျေးဇူးတွေ တင်လွန်း၍ ရှိကြီးများတောင် ထိုင်၍ခိုးချင်စိတ်ပေါက်တော့၏။ သင်း အရိပ်ကြောင့်၊ သင်း၏အရှိန်အဝါကြောင့်ပေါ့တော်။ နို့မို့ရင် ကျုပ်အဖြစ်က မစဉ်းစားရဲပါဘူး။ ငါးစိမ်းသည်မပေမို့ ထွေလီကာလီ ပရောပရည်ပြောရသည့်အခါ ပြောရ၊ ချွဲချွဲပျစ်ပျစ်လုပ်ရသည့်အခါ လုပ်ရ၊ အစ်ကိုရဲ့၊ မောင်ရဲ့၊ ဦးလေးရဲ့နှင့် နှုတ်ချိုသည့်အခါ ချိုရ၊ ခပ်ကြမ်းကြမ်းကလေး အော်နိုင်၊ ဆဲနိုင်၊ ဆူနိုင်ပါမှ လူရှိန်မှာမို့ အော်ရ၊ ဟစ်ရ၊ ဆဲရ၊ ဆိုရသည့် အခါများရှိသော်လည်း သန်းကြည်မတို့မျိုးရိုးထဲမှာ ဒါမျိုးတွေမရှိ၊ အဖြစ်လည်းမခံနိုင်။

ငါး၊ ပုစွန်များ ရွေးရ၊ ဆယ်ရ၊ ချိန်ရ၊ တွယ်ရ၍ လူကသာ ညစ်ပတ်နံစော်နေသော်လည်း သန်းကြည်မတို့ စိတ်ထားကတော့ ဟိုစံပယ်ပန်းကလေးလို မွှေးလည်းမွှေးသည်။ ဖြူလည်းဖြူစင်လှသည်။ ဒါကိုလည်း အိမ်ကခင်ပွန်းသည်ကို သိစေချင်သည်။

"ရှင့်ကိုလေ ကျေးဇူးတင်လွန်းလို့၊ ရှင့်ရဲ့အရိပ်အောက်မှာခိုလှုံရတာ လုံခြုံလွန်းလို့၊ ရှင်ကြိုက်တတ်တဲ့ ဦးရည်ကလေးရယ်၊ ဟိုမြစ်ကွေ့ဝက်ဆီဖတ်ချက်တဲ့ဖိုဆီက ဝက်ဆီဖတ်ကြွပ်ကြွပ်ရွရွ မွှေးမွှေးကလေးရယ် ကျုပ်ဝင်ဝယ်ခဲ့မယ်သိရဲ့လား"

စိတ်ကူးထဲမှာ စကားတွေအများကြီးပြော၊ အတွေးတွေအများကြီးတွေးရင်း "ခစ်" ခနဲ အသံထွက်အောင် ရယ်မိသေးတော့ မြစ်ရေပြင်ထဲမှာ ဘာသာဘာဝ ရုပ်တိုက်ကူးခပ်ပြေးနေသော မျက်စိပြူးကြောင်ကြောင်နှင့် ငါးကလေးတွေ ကြောက်လန့်တကြား ရေအောက်သို့ ငုပ်ဆင်းသွားကြတော့သည်။

သန်းကြည်မ လှေကိုအားနှင့်လှော်သဖြင့် လှေကလေးက မြစ်ရေပြင်ပေါ်မှာ ရုပ်တိုက်ပြေးနေသည်။ တသွဲ့သွဲ့တသုန်သုန် သွေးနေသော မြစ်လေကလေးက ကမ်းစပ်ဆီတွင် ဖူးပွင့်နေသည့်တောစံပယ်ပန်းရနံ့ကလေးကို သယ်ဆောင်လာသည်။

ဟိုး ... ခပ်ဝေးဝေး မြစ်ကွေ့ဘက်ဆီတွင် မှိတ်တုတ်မှိတ်တုတ် မီးရောင်ကလေးများလှမ်းမြင်နေရသည်။ ဒါဟာ သန်းကြည်မတို့ ရွာကလေးပဲဖြစ်သည်။ ထိုရွာကလေးတွင် သန်းကြည်မ၏ အိမ်ဦးနတ်သာဆောင်ရှိသည်။ ယခုလောက်ဆို ... အိမ်ရှေ့ရေဆင်းတံတားထိပ်ကနေ သန်းကြည်မကို စောင့်နေတော့မည်။ မြန်မြန်လှော်မှ။ ။

# အမျိုးသမီးများနှင့် သားအိမ်ခေါင်းကင်ဆာအန္တရာယ်

ပေါက်ပေါက်

သားအိမ်ခေါင်းကင်ဆာ ဖြစ်ပွားရခြင်း၏ အဓိက အကြောင်းရင်းမှာ လိင်အင်္ဂါကြွက်နို့ဖြစ်စေတတ်သည့် Human Papilloma Virus (HPV) ကြောင့်ဖြစ်ပြီး ၎င်းသည် မျိုးပွားလမ်းကြောင်းတွင် အဓိက ကူးစက်တတ်သော ရောဂါဖြစ်သည်။ HPV ဗိုင်းရပ်စ် အမျိုးအစားပေါင်း ၁၀၀ ကျော်ရှိသည့်အနက် အဖြစ်များသော ရောဂါပိုး ၁၄ မျိုးရှိသည်။ လိင်ဆက်ဆံခြင်းနှင့် အရေပြားထိတွေ့ခြင်းတို့မှတစ်ဆင့် ရောဂါပိုး ကူးစက်နိုင်ပြီး HPV ကာကွယ်ဆေးကို ရောဂါပိုး ကူးစက်ခံရပြီးနောက်မှထိုးနှံပါက ထိရောက်မှု မရှိပေ။ သားအိမ်ခေါင်းကင်ဆာသည် ရှေ့ပြေးအဆင့်တွင် လက္ခဏာမပြဘဲ ကင်ဆာရောဂါအဆင့်သို့ ရောက်မှသာ ရောဂါလက္ခဏာများ ပြတတ်ခြင်းဖြစ်ရာ HPV ကာကွယ်ဆေးကို ငယ်ရွယ်စဉ် ကြိုတင်ထိုးနှံခြင်း၊ အချိန်အခါအလိုက် ပုံမှန်စစ်ဆေးခြင်းတို့ဖြင့် ဆက်လက်ကာကွယ်သွားရန် လိုအပ်သည်။

**သားအိမ်ခေါင်းကင်ဆာ ကြောက်စရာ**

ကမ္ဘာပေါ်တွင် ကင်ဆာရောဂါအမျိုးအစားမြောက်များစွာရှိသည့်အနက် သားအိမ်ခေါင်းကင်ဆာသည် အမျိုးသမီးများတွင် ဒုတိယအဖြစ်အများဆုံး ရောဂါဖြစ်သည်။ ဆေးသိပ္ပံ နည်းပညာများ တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ပြည်သူများ ကျန်းမာရေးအသိအမြင်ရှိလာပြီး သားအိမ်ခေါင်းကင်ဆာ၏ ရှေ့ပြေးနိမိတ်များကို သိမြင်လာကြခြင်း စသည်တို့ကြောင့် ဆယ်စုနှစ် နှစ်ခုအတွင်း ၎င်းကင်ဆာဖြင့် အသေအပျောက်နှုန်း သိသိသာသာ ကျဆင်းသွားသော်လည်း နှစ်စဉ် သားအိမ်ခေါင်းကင်ဆာဖြင့် သေဆုံးမှုမှာ ကမ္ဘာတစ်ဝန်းရှိနေကြဆဲဖြစ်သည်။ သားအိမ်ခေါင်းကင်ဆာသည် ယေဘုယျအားဖြင့် အသက်ကြီးသော အမျိုးသမီးများတွင်သာ ဖြစ်ပွားလေ့ရှိသော်လည်း အသက် ၄၀ ဝန်းကျင် အမျိုးသမီးများတွင်လည်း ဖြစ်တတ်သည်။

**သားအိမ်ခေါင်းကင်ဆာနှင့်မြန်မာပြည်**


ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ၏ အဆိုပြုချက်အရ မြန်မာနိုင်ငံရှိ အမျိုးသမီးများ သားအိမ်ခေါင်းကင်ဆာ ဖြစ်ပွားမှုနှုန်းသည် အရှေ့တောင်အာရှနိုင်ငံများတွင် ဒုတိယအဆင့်ရှိနေကြောင်းနှင့် WHO က သားအိမ်ခေါင်းကင်ဆာ ကာကွယ်မှုလုပ်ငန်းနှင့် ပတ်သက်ပြီး ၆ နိုင်ငံရွေးချယ်ခဲ့ရာ မြန်မာနိုင်ငံလည်း ပါဝင်ခဲ့သည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ Unicef တို့ပူးပေါင်း၍ စာသင်ကျောင်းများ အခြေပြု အစီစဉ်တစ်ရပ်အဖြစ် ၂၀၂၀ ပြည့်နှစ် ကျောင်းဖွင့်ရာသီမှ စတင်ကာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၄၅ မြို့နယ်အပါအဝင် တစ်နိုင်ငံလုံးရှိ အသက် ၁၀ နှစ်မှ ၁၄ နှစ်အရွယ် မိန်းကလေးများကို သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့သည်။

သားအိမ်ခေါင်းကင်ဆာသည် မြန်မာနိုင်ငံ အမျိုးသမီးများအတွင်း ဒုတိယမြောက်ဖြစ်ပွားမှုအများဆုံးသောရောဂါဖြစ်ပြီး ထိုရောဂါကြောင့် တစ်ရက်လျှင် ရှစ်ဦးနှုန်းခန့် သေဆုံးကြောင်း ၂၀၁၈-၂၀၁၉ ခုနှစ် သုတေသနစစ်တမ်းများတွင် ဖော်ပြထားသည်။ ဤအစီအစဉ်ဖြင့် မြန်မာနိုင်ငံအတွင်း သားအိမ်ခေါင်း ကင်ဆာဖြစ်ပွားမှုများကို ၇၀ ရာခိုင်နှုန်းခန့်လျှော့ချပေးနိုင်မည့် အခြေအနေမျိုးရှိကြောင်း သိရသည်။

**သားအိမ်ခေါင်းကင်ဆာ ဖြစ်ရသောအကြောင်းရင်း**

ရောဂါဖြစ်ရသော အဓိကအကြောင်းရင်းမှာ သားအိမ်ခေါင်းဆိုင်ရာ ပုံမှန်မဟုတ်သော ဆဲလ်များကြီးထွားလာခြင်း၊ လိင်ဆက်ဆံဖော်များခြင်း၊ ငယ်ရွယ်စဉ် လိင်ဆက်ဆံမှု စတင်ခြင်း၊ သန္ဓေတားဆေးများသုံးစွဲခြင်း၊ ကိုယ်ခံအားစံနစ် အားနည်းခြင်း စသည်တို့ကြောင့်ဖြစ်လာရသည်။ အောက်ဖော်ပြပါအခြေအနေများကို ဖတ်ရှုလေ့လာ ရှောင်ရှား၍ ဆက်လက်မျှဝေ အသိပညာပေးခြင်းဖြင့် မိမိနှင့်တကွ အခြားသော အမျိုးသမီးများ၏ အသက်အန္တရာယ်ကို ဆွဲဆန့်ထားနိုင်ပါလိမ့်မည်။

စားသောက်မှုပုံစံ နည်းစနစ်မကျခြင်းနှင့် အဝလွန်သော အမျိုးသမီးများ အာဟာရဓာတ် မပြည့်မီသော ready made အစားအစာများကို နိစ္စဓူဝ စားသောက်ခြင်းကြောင့် သားအိမ်ခေါင်းကင်ဆာ ဖြစ်လာရန် တွန်းအားဖြစ်စေသည်။ ပဋိသန္ဓေတားဆေးကို ၅ နှစ်နှင့်အထက် သုံးစွဲလာသူ အမျိုးသမီးများမှာ သားအိမ်ခေါင်းကင်ဆာဖြစ်နိုင်မှု အခွင့်အလမ်းများသည်။ သုတေသနပြုချက်များအရ အဖွား၊ မိခင်၊ အဒေါ် စသူများတွင် ထိုကင်ဆာရှိနေပါက မိမိမှာလည်း ကင်ဆာဖြစ်နိုင်ခြေ အလားအလာ ၃ ဆခန့်ရှိကြောင်းတွေ့ရသည်။



ဆေးရွက်ကြီးထဲရှိ ဓာတ်ပစ္စည်းများက သားအိမ်ခေါင်း၏ ဆဲလ်တွင်းရှိ DNA ကို ပျက်စီးစေရုံသာမက၊ ကင်ဆာဆဲလ်များကို အဆမတန်ပြန့်ပွားစေသည်။ ထို့ပြင် ဆေးရွက်ကြီးက ကိုယ်ခံစွမ်းအားစနစ်ကို ဆုတ်ယုတ်လာကာ၊ သားအိမ်ခေါင်းကင်ဆာဖြစ်စေနိုင်သည့် HPV ကူးစက်ပိုးမွှားများကို မတိုက်ခိုက်နိုင်တော့ပေ။ ထို့ကြောင့် ဆေးလိပ်သောက်သော အမျိုးသမီးများက လုံးဝမသောက်တတ်သူများထက် သားအိမ်ခေါင်းကင်ဆာ ဖြစ်နိုင်ခြေအလားအလာ နှစ်ဆကျော် ပိုလာနိုင်သည်။

သားသမီးသုံးဦးနှင့်အထက် မွေးဖွားသော မိခင်များတွင် သားအိမ်ခေါင်းကင်ဆာ ဖြစ်နိုင်ခြေ အလားအလာပိုသည်။ အသက် ၁၇ နှစ်မတိုင်ခင် (အရွယ်မရောက်သေးခင်) မှာ မိမိ၏ ပထမဦးဆုံးကလေးကို ကိုယ်ဝန်ဆောင်ခဲ့သူများသည် အသက် ၂၅ နှစ်မှ ကိုယ်ဝန်ဆောင်သူများထက် သားအိမ်ခေါင်းကင်ဆာ ဖြစ်နိုင်ခြေအလားအလာ နှစ်ဆမျှပိုသည်။

**သားအိမ်ခေါင်းကင်ဆာ၏ ရှေ့ပြေးလက္ခဏာများ**

ထိုရောဂါ၏ဆိုးရွားချက်မှာ စဦးပိုင်းတွင် ထင်သာမြင်သာသော လက္ခဏာပြလေ့မရှိဘဲ ရောဂါနောက်ပိုင်းတွင် ပုံမှန်မဟုတ်ဘဲ မျိုးပွားအင်္ဂါမှ သွေးဆင်းခြင်း၊ ဆီးခုံနာကျင်ခြင်း သို့မဟုတ် လိင်ဆက်ဆံစဉ် နာကျင်ခြင်းတို့ ခံစားရလေ့ရှိသည်။ ဝေဒနာရှင်များတွင် အောက်ပါရောဂါလက္ခဏာများကို အများဆုံးတွေ့ရတတ်သည်။

ကင်ဆာရောဂါ၏ ပထမအဆင့်မှာ သားအိမ်ခေါင်းရောင်ရမ်းလာပြီး ခန္ဓာကိုယ်အောက်ပိုင်းသို့ သွေးစီးဆင်းမှု ပိတ်ဆို့သွားကာ ခြေထောက်များ ရောင်ရမ်းလာပြီး နာကျင်မှုကို ခံစားရလေ့ရှိသည်။ ယောနိမှ အရည်ဆင်းမှုပမာဏ ပိုများလာခြင်း၊ အနံ့အသက်မကောင်းခြင်း စသည့်ပုံမှန်ထက်လွန်ကဲသော လက္ခဏာများက သားအိမ်ခေါင်းကင်ဆာ၏ အရိပ်အယောင်ဖြစ်၍ မပေါ့ဆသင့်ပေ။ ဓမ္မတာရာသီရက်မဟုတ်ဘဲ သွေးဆင်းခြင်း၊ ရာသီလာစဉ် ပုံမှန်ထက်ပို၍ သွေးများများဆင်းခြင်း၊ လိင်ဆက်ဆံစဉ်သွေးဆင်းခြင်း၊ သွေးဆုံးပြီးနောက်ပိုင်း ရုတ်တရက်သွေးဆင်းလာခြင်း စသည့်လက္ခဏာများသည် သားအိမ်ခေါင်းကင်ဆာ၏ နိမိတ်များဖြစ်၍ အချိန်မဆိုင်းဘဲ ဆရာဝန်ပြပါ။

ဆီးကိုအားစိုက်၍ ညှစ်ချနေရခြင်းသည် ကင်ဆာတစ်ရှူးများ ဘေးသို့ပြန့်လာနေပြီဖြစ်၍ ကုသမှုကို အမြန်ဆုံးခံယူသင့်ပါပြီ။ မကြာခဏဆိုသလို ဆီးသွားခြင်း၊ ဆီးအိမ်မထိန်းနိုင်တော့ဘဲ ဆီးထွက်ကျခြင်း၊ ဆီးထဲမှာသွေးပါခြင်းတို့ကလည်း သားအိမ်ခေါင်း ကင်ဆာလက္ခဏာဖြစ်သည်။ သားအိမ်ခေါင်းရောဂါသာမက သားအိမ်ရောဂါအမျိုးမျိုးတို့မှာလည်း ဖိုမကိစ္စပျော်ရွှင်မှုကို မခံစားရနိုင်ပါ။ ထိုအခြေအနေမျိုးမှာ လျစ်လျူမရှုသင့်ဘဲ ကုသမှုခံယူပါ။ ရက်လကြာရှည် ခါးနာခြင်းနှင့် ရုံဖန်ရံခါမဟုတ်ဘဲ မကြာခဏဆိုသလို တင်ပါးဆုံရိုး နာကျင်နေပါက သို့မဟုတ် ရက်ရှည်နာကျင်လာပါက ဆရာဝန်ဖြင့် တိုင်ပင်ဆွေးနွေးပါ။

သားအိမ်ခေါင်းကင်ဆာရောဂါသည် ကျန်းမာသော သွေးနီဥပမာဏ အမြောက်အမြားကို လျော့ကျသွားစေ၍ ပင်ပန်းနွမ်းနယ်စွာ ခံစားရခြင်း၊ သွေးအားနည်းခြင်း၊ နုံးချည့်ခြင်း၊ ကိုယ်အလေးချိန် ထိုးကျသွားခြင်း၊ အစာစားချင်စိတ်မရှိခြင်းတို့ ဖြစ်စေနိုင်သည်။

**HPV ဗိုင်းရပ်စ်နှင့် လေဖြတ်နိုင်မှု အခြေအနေ**

တောင်ကိုရီးယား သုတေသနပညာရှင်များသည် နှလုံးသွေးကြောရောဂါများ ဖြစ်ပွားခဲ့ဖူးခြင်း မရှိသည့် သက်ငယ်ပိုင်းနှင့် သက်လတ်ပိုင်း အမျိုးသမီး ၁၆၃၀၀၀ ကျော်တို့ကို လေ့လာခဲ့ကြသည်။ ပေါ်ထွက်လာသည့် ရလဒ်များအရ HPV ဗိုင်းရပ်စ်ကူးစက်ခံထားရသူအမျိုးသမီးများသည် ၎င်းဗိုင်းရပ်စ်မရှိသူ သက်တူရွယ်တူများထက် တစ်ချိန်ချိန်တွင် လေဖြတ်နိုင်ခြေ ငါးဆထိ မြင့်မားနေတတ်သည်ကို တွေ့ရကြောင်း၊ ထို့ပြင် HPV ဗိုင်းရပ်စ် ကူးစက်ခံထားရသူ အမျိုးသမီးများတွင် နှလုံးသွေးကြော ရောဂါများကြောင့် သေဆုံးနိုင်ခြေလည်း ပုံမှန်ထက် မြင့်မားလာတတ်ကြောင်း သုတေသီများက တွေ့ရှိထားသည်။ သို့ဖြစ်ရာ HPV ဗိုင်းရပ်စ်ရှိနေသော အမျိုးသမီးများ အနေဖြင့် နှလုံးသွေးကြောရောဂါများ ရှာဖွေစစ်ဆေးမှု ပြုလုပ်သင့်ကြောင်းနှင့် ၎င်းဗိုင်းရပ်စ်ကြောင့် အမျိုးသမီးများ၌ သားအိမ်ခေါင်းကင်ဆာရောဂါ ဖြစ်နိုင်ခြေလည်း မြင့်တက်လာတတ်ကြောင်း သတိပေးထားသည်။

**ကြိုတင်ကာကွယ်နည်း**

pap smears ခေါ် သားအိမ်ခေါင်း အစအနကို ထုတ်၍ အဏုကြည့်မှန်ပြောင်းဖြင့် စစ်ဆေးနည်းဖြစ်သည်။ ပျမ်းမျှ အသက် ၂၀ မှ ၃၀ ကြား အမျိုးသမီးများသည် သုံးနှစ်တစ်ကြိမ် ပုံမှန်စစ်ဆေးသင့်ပြီး၊ အသက် ၃၀ မှ ၆၅ နှစ်ကြား အမျိုးသမီးတွေမှာ သုံးနှစ် သို့မဟုတ် ငါးနှစ်တစ်ကြိမ် ပုံမှန်စစ်ဆေးသင့်သည်။ အသက် ၆၅ နှစ်နှင့်အထက် အမျိုးသမီးကြီးများ အနေဖြင့် ၎င်းတို့သက်တမ်းအတွင်း သုံးကြိမ်ခန့် စစ်ဆေးခဲ့ဖူးပြီး မည်သည့်ရောဂါလက္ခဏာမှ မပြခဲ့ဖူးပါက pap smears စစ်ဆေးရန် မလိုအပ်တော့ပေ။ မိန်းကလေးများ အသက် ၉ နှစ်အရွယ်မှစ၍ သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးထိုးနှံခြင်းသည် ကင်ဆာမဖြစ်ရန် အကောင်းဆုံး ကာကွယ်နည်းဖြစ်သည်။ အသက် ၉ နှစ်မှ ၁၅ နှစ်ကြားတွင် နှစ်ကြိမ်ထိုးနှံသင့်ပြီး အသက် ၁၅ နှစ်အထက်ဆိုပါက သုံးကြိမ်ထိုးရမည်။ HIV ရှိသူများအပါအဝင် ကိုယ်ခံအားနည်းသူ အမျိုးသမီးများမှာ သုံးကြိမ်ထိုးရန် လိုအပ်သည်။ HPV ဗိုင်းရပ်စ်ရှိသော အမျိုးသားနှင့် လိင်ဆက်ဆံမိပါက မိမိကိုယ်ပါကူးစက်လာပြီး ထိုမှတစ်ဆင့် သားအိမ်ခေါင်းကင်ဆာကို ဖြစ်စေနိုင်သည်။ ထို့ကြောင့်လိင်မှတစ်ဆင့် မည်သည့် ကူးစက်ပိုးမွှားများ အန္တရာယ်မှကင်းဝေးအောင် အကာအကွယ် သုံးသင့်သည်။

**ဆောင်ရန်အစားအစာများ**

သားအိမ်ခေါင်းဝေဒနာရှင်များအနေဖြင့် ဗီတာမင်အီးကြွယ်ဝသော မြေပဲ၊ မြေပဲထောပတ်၊ မြေပဲဆီ၊ ဗာဒံစေ့၊ ဗာဒံစေ့ဆီ၊ နေကြာစေ့၊ နေကြာစေ့ဆီများကို စားပေးသင့်သည်။ ရက်စ်ဘယ်ရီသီးများ (raspber-ries) က သားအိမ်ခေါင်းကင်ဆာများကို ၈၀ ရာခိုင်နှုန်း လျှော့ချပေးနိုင်သည်။ beta-carotene ဓာတ်ကြွယ်ဝသော အဝါရောင်ကန်စွန်းဥများကလည်း သားအိမ်ခေါင်းကင်ဆာ ဖြစ်လာနိုင်ခြေ အလားအလာကို ထက်ဝက်မျှ လျှော့ချပေးနိုင်သည်။ ဗီတာမင်ဒီပြည့်ဝသော ဆယ်လ်မွန်ငါးအပါအဝင် ပင်လယ်ငါးများစားပါ။ အကယ်၍ ၎င်းငါးတို့ကို ရံဖန်ရံခါမှ စားဖြစ်သူများအတွက် ဗီတာမင်ဒီဆေးပြားကို မှီဝဲသောက်သုံးသင့်သည်။ နနွင်းမှုန့်ထဲတွင်ပါရှိသော curcumin ဓာတ်ပစ္စည်းက သားအိမ်ခေါင်းကင်ဆာဖြစ်စေသော HPV ဗိုင်းရပ်စ်များကို စွမ်းအားပြည့် တိုက်ထုတ်ပေးနိုင်သည်။ ဂေါ်ဖီမျိုးနွယ်ဝင်များဖြစ်ကြသော အဖြူရောင်ပန်းဂေါ်ဖီ၊ ဘရိုကိုလီခေါ် အစိမ်းရောင်ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်စားခြင်းဖြင့် ခန္ဓာကိုယ်ကို အဆိပ်အတောက်ပြေစေကာ ကင်ဆာရောဂါများ ဖြစ်မလာအောင် ဟန့်တားထားပေးနိုင်သည်။

**ရှောင်ရန်အစားအစာများ**

ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ အမဲ စသည့်တိရစ္ဆာန်အဆီများထဲရှိ arachidonic အက်ဆစ်တစ်မျိုးက လူ့ခန္ဓာကိုယ်တွင်း ကောင်းသောဆဲလ်များကို ဖျက်ဆီးပစ်သည့်အပြင်၊ ကင်ဆာဆဲလ်များ ပြန့်ပွားခြင်းကိုလည်း အားပေးလေ့ရှိသည်။

(အထူးသတိပြုရန်) သားအိမ်ခေါင်းကင်ဆာရောဂါသည်များအနေဖြင့် ဆေးမြီးတိုများဖြင့် ကုသခြင်းများမပြုလုပ်ကြဘဲ နားလည်တတ်ကျွမ်းသော ဆရာဝန်များနှင့်သာ စနစ်တကျ ကုသမှုခံယူပါ။

ခရီးသွားဆောင်းပါး

# ကောင်းမှုတော်နဲ့ရွှေဆံတော် တောင်ငူမြို့မှာတူဖူးမြော်

သက်နိုင်(ပြင်ဦးလွင်)

ပြင်ဦးလွင်မြို့ကနေ တောင်ငူ၊ ရန်ကုန်၊ ငွေဆောင်၊ ချောင်းသား၊ ပုဂံ-ညောင်ဦး ခရီးစဉ်မှာ ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်က မိတ္ထီလာတိုးဂိတ်ကို ကျော်လွန်လာခဲ့ကြပါပြီ။ အချိန်က နေ့လယ်စာထမင်းစားချိန်ဖြစ်နေတာကြောင့် တိုးဂိတ်ကိုကျော်လွန်ခဲ့ပြီး မကြာခင်တွေ့မြင်ရတဲ့အရိပ်ကောင်းကောင်း သစ်ပင်ကြီးတစ်ပင်အောက်မှာ နေ့လယ်စာထမင်းစားသောက်အပြီး ရှေ့ခရီးကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ သီတင်းကျွတ်ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက် ရက်ရှည်ကာလဖြစ်နေတာကြောင့် အမြန်လမ်းမကြီးပေါ်မှာ သွားလာနေကြတဲ့ ယာဉ်အမြောက်အမြားကို တွေ့မြင်နေရတယ်။

သတ်မှတ်ကီလိုမီတာအတိုင်း မောင်းနှင်နေရင်းနဲ့ မိုးတွေရွာလာလို့ အရှိန်လျှော့ပြီးမောင်းနေရသလို ပိုမိုသတိထားနေရတယ်။ ဝါလကင်းလွတ် သီတင်းကျွတ်ဆိုပေမဲ့ မိုးလေတွေကတော့ မကင်းလွတ်သေးပါဘူး။ မိုးကရွာလိုက်တိတ်လိုက်၊ လမ်းကစိုလိုက် ခြောက်လိုက်၊ မိုးအုံ့လိုက် နေပူလိုက်နဲ့ ရာသီဥတု အပြောင်းအလဲတွေကို ရင်ဆိုင်ဖြတ်သန်းလာရင်း မကြာခင်မှာ နေပြည်တော်တိုးဂိတ်ကို ရောက်လာကြတယ်။ တိုးဂိတ်ကိုကျော်လာတာနဲ့ ဘာစားကြအုံးမလဲ၊ ဘာသောက်ကြအုံးမလဲ၊ ဆိုင်တစ်ဆိုင်ကို ဝင်ကြအုံးမလားဆိုပြီး မောင်နှမတွေကို မေးမြန်းခဲ့ပေမဲ့ ဘယ်သူကမှ စကားမပြန်ကြတော့လို့ ဆက်လက်မောင်းနှင်လာခဲ့ရတယ်။ နေ့လယ်စာစားသောက်ပြီးကြပြီး ဗိုက်လေးနေကြပြီဖြစ်သလို ကားမောင်းနေတဲ့အရှိန်ကြောင့် အားလုံးနီးပါးက အိပ်ပျော်နေကြပါပြီ။ ကားစီးနေရင်း အိပ်ပြီးလိုက်ရတဲ့အရသာက ထူးခြားလှပါတယ်။ ထမင်းစားသောက်ပြီးခါစ ဗိုက်လေးနေတဲ့အချိန်မှာ ပိုပြီးအရသာရှိနေတတ်ပါတယ်။ အမြန်လမ်းခရီးပေါ်မှာ အားလုံးနီးပါးက အိပ်နေကြပြီဖြစ်လို့ မိမိတစ်ယောက်ထဲ အိပ်မငိုက်ရအောင် သီချင်းတွေဖွင့်ပြီး မောင်းနှင်လာခဲ့ရပေမဲ့ သီချင်းအသံတိုးပေးအုံး၊ အိပ်လို့မရဘူးဆိုတာကြောင့် သီချင်းသံတွေကိုလျှော့ပေး၊ တိုးပေးရင်း မောင်းနေရတော့တယ်။ ဒါပေမဲ့ အမြန်လမ်းပေါ်မှာပဲဖြစ်ဖြစ်၊ ဘယ်လမ်းမှာပဲဖြစ်ဖြစ် ကားမောင်းနေရတဲ့သူက သတိလေးတစ်ချက်လွတ်ပြီး အိပ်ငိုက်လို့မရပါဘူး။ ကားပေါ်မှာ စီးနင်းလိုက်ပါလာကြတဲ့ သူတွေအားလုံး ဘယ်လိုပဲအိပ်ပျော်နေနေ၊ ဘယ်လိုပဲအိပ်ငိုက်နေနေ ကားမောင်းနေတဲ့သူကတော့ သတိကြီးစွာထားပြီး မောင်းနေရပါတယ်။

ဒီလိုနဲ့ လမ်းပေါ်မှာ စိုတစ်လှည့် ခြောက်တစ်လှည့်၊ ကားပေါ်ကမောင်နှမတွေက အိပ်တစ်ဝက်နိုးတစ်ဝက်နဲ့ ၁၄၇ မိုင်မှာရှိတဲ့ တောင်ငူလမ်းခွဲကို ရောက်လာကြတယ်။ လမ်းခွဲကနေ တောင်ငူမြို့ရောက်တဲ့ထိ နောက်ထပ်ကိုးမိုင် ဆက်လက်မောင်းနှင်ရအုံးမှာပါ။ တစ်လမ်းလုံးရွာလိုက်၊ တိတ်လိုက်ဖြစ်နေတဲ့မိုးက တောင်ငူလမ်းခွဲကိုရောက်တာနဲ့ တိတ်သွားခဲ့ပါပြီ။ ရာသီဥတုက ကြည်လင်သာယာနေသလို နေရောင်တွေလဲ ထွက်ပေါ်နေတယ်။ တောင်ငူမြို့မှာ လည်ပတ်ဘုရားဖူးမြော်ဖို့အတွက် အခြေအနေကောင်းတစ်ခုပါ။ လမ်းခွဲကနေ ကိုးမိုင်ဆိုတဲ့ခရီးက အချိန်ကြာကြာမမောင်းလိုက်ရဘဲ တောင်ငူမြို့အဝင်ကို ရောက်လာခဲ့ကြတယ်။ ပြီးခဲ့တဲ့အခေါက်က တောင်ငူမြို့ရှိရာကို အစ်မဖြစ်သူနဲ့ လာခဲ့တဲ့ခရီးစဉ်မှာ ဘယ်နေရာကိုမှ မသွားမလာခဲ့ကြဘဲ နောက်တစ်ခေါက်မောင်နှမတွေစုံမှ သွားကြလာကြ၊ ဘုရားတွေဖူးမြော်ကြရအောင်ဆိုတဲ့ အစီအစဉ်က အခုစတင်ပါပြီ။

ပထမဆုံးအနေနဲ့ ဘုရင့်နောင်မင်းတရားကြီး တည်ထားကိုးကွယ်ခဲ့တဲ့ သမိုင်းဝင်ကောင်းမှုတော် စေတီတော်မြတ်ကြီးရှိရာကို သွားကြဖို့စီစဉ်ကြတယ်။ တောင်ငူမြို့မှာ နှစ်အတန်ကြာ တာဝန်ထမ်းဆောင်ခဲ့တဲ့ အစ်မဖြစ်သူက ညာကွေ့၊ ဘယ်ချိုးနဲ့လမ်းပြလာခဲ့တယ်။ ကောင်းမှုတော်စေတီတော်ကြီးက တောင်ငူမြို့ရဲ့ တောင်ဘက်စွန်းစွန်းမှာ တည်ရှိနေလို့ ရှေးဟောင်းမြို့ရိုးတွေကို တူးဖော်နေတဲ့လမ်းအတိုင်း မောင်းနှင်လာခဲ့ရတယ်။ ဒါကြောင့် တူးဖော်ပြီး ရေအပြည့်နဲ့ ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်းဖြစ်နေတဲ့ ကျုံးဟောင်းကြီးတွေ၊ တူးဖော်အပြီးနဲ့ တူးဖော်လက်စ မြို့ရိုးကြီးတွေကို အနီးကပ်မြင်တွေ့လေ့လာကြည့်ရှုနေကြရတယ်။ ကျုံးတွေက မန္တလေးမြို့မှာရှိတဲ့ ကျုံးတွေထက်သေးငယ်ပါတယ်။ မြို့ရိုးကြီးတွေကလဲ မန္တလေးကမြို့ရိုးတွေလောက်မမြင့်မားကြပါဘူး။ ဒါပေမဲ့ မြို့ရိုးကြီးတွေ တည်ဆောက်ထားကြပုံက ထူးခြားလှပါတယ်။ မန္တလေးမြို့မှာလို မြင့်မြင့်မားမား၊ ရှည်ရှည်လျားလျားနဲ့ တစ်ဆက်တစ်စပ်တည်း၊ ဖြောင့်ဖြောင့်တန်းတန်းမဟုတ်ကြဘဲ ပင်မမြို့ရိုးကြီးအနီး ကပ်လျက်တွေမှာ အဆောင်ငယ်လေးတွေလိုလို၊ အခန်းငယ်လေးတွေလိုလို မြို့ရိုးငယ်လေးတွေ ပါရှိနေကြသေးတယ်။ သူရဲခိုလို၊ သူရဲပြေးလို အဆောင်လေးတွေ ဖြစ်မယ်ထင်တယ်။ ရုတ်တရက်ကြည့်လိုက်ရင် မြို့ရိုးရဲ့ပုံစံအနေအထားက ဝင်္ကပါလိုဖြစ်နေတယ်။ ဘာကြောင့်လဲ၊ ဘယ်လို တည်ဆောက်ထားကြတာလဲဆိုတာကတော့ သမိုင်းပညာရှင်တွေနဲ့ တူးဖော်သုတေသနပြုနေကြတဲ့ သူတွေသာ အသိဆုံးဖြစ်မယ်ထင်ပါတယ်။ မိမိတို့အနေနဲ့ကတော့ ဘုရားဖူးရင်း၊ ခရီးသွားရင်း အချိန်လုနေကြရတာကြောင့် အသေးစိတ်အတိအကျကို လေ့လာမှတ်သားနိုင်ဖို့ မဖြစ်နိုင်တော့ပါဘူး။

အစ်မဖြစ်သူ လမ်းညွှန်ပြသတဲ့ လမ်းအတိုင်း မောင်းလာရင်း၊ လူနေရပ်ကွက်တွေ၊ အိမ်ခြေတွေ၊ ဈေးတန်းငယ်လေးတွေကို ဖြတ်ကျော်မောင်းနှင်လာရင်း မကြာခင်မှာ စေတီတော်ကြီးရှိရာကို ရောက်လာခဲ့ကြတယ်။ စေတီတော်ကြီးက လမ်းအဆုံးနီးပါး၊ လမ်းဦးတိုက်နေရာမှာ တည်ရှိနေပါတယ်။ တောင်ငူမြို့မှာ ထင်ရှားကျော်စောတဲ့ စေတီကြီးတစ်ဆူဖြစ်နေသလို ဘုရင့်နောင်မင်းတရားကြီးရဲ့ အောင်မြေရှိနေတယ်လို့လဲ အစ်မဖြစ်သူက ကားပေါ်ကမဆင်းခင် ပြောကြားထားခဲ့တယ်။ ဘုရားရှေ့က တစ်နေရာမှာ ကားကိုရပ်ခဲ့ပြီး စောင်းတန်းအတိုင်း စေတီတော်ကြီး ရှိရာကို ဝင်ရောက်လာခဲ့ကြရတယ်။ အဲဒီနောက် စေတီတော်ကြီးကို လှည့်ပတ်ဖူးမြော်ပြီးကြတာနဲ့ အောင်မြေရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။

သမိုင်းအထောက်အထားတွေအရ စေတီတော်ကြီးရဲ့ ပထမဆုံးဒါယကာက ဘုရင့်နောင်မင်းတရားကြီးနဲ့ အတုလသီရိမဟာရာဇဒေဝီမိဖုရားကြီးတို့ဖြစ်ပြီး မြန်မာသက္ကရာဇ် ၉၁၂ ခုနှစ် (ခရစ်နှစ် ၁၅၅၀ ပြည့်နှစ်)မှာ စတင်တည်ထားကိုးကွယ်ခဲ့ကြတယ်။ ဒုတိယဒါယကာ၊ ဒုတိယအကြိမ်အဖြစ် ဘုရင့်နောင်မင်းတရားကြီးရဲ့တူတော် ရွှေနန်းတည်မင်းတရားနဲ့ မိဖုရားကြီးတို့က ဉာဏ်တော်ငါးတောင်နှစ်မိုက် မြှင့်တင်တည်ထားခဲ့ကြတယ်။ တတိယအကြိမ်အဖြစ် မြန်မာသက္ကရာဇ် ၁၂၄၁ ခုနှစ် (ခရစ်နှစ် ၁၈၇၉ ခုနှစ်)မှာ ဆရာတော်ဦးနန္ဒနဲ့ မြို့သူမြို့သားတွေက ပြန်လည်တည်ဆောက်ပြုပြင်ခဲ့ကြတယ်။ ၁၉၉၂ ခုနှစ် အောက်တိုဘာ ၂၈ ရက်က တောင်ငူမြို့မှာ လှုပ်ခတ်သွားတဲ့ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားခဲ့ရသေးပေမဲ့ ပြန်လည်ပြင်ဆင်မွမ်းမံမှုတွေကို လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့ကြတယ်။

အောင်မြေနေရာကို အမိုး၊ အကာ၊ အခင်းကြွေပြားတွေနဲ့ သပ်သပ်ရပ်ရပ် ပြုလုပ်ထားပြီး အလယ်တည့်တည့်အနည်းငယ်လွတ်ပေးထားတဲ့ မြေသားနေရာမှာ ဘုရင့်နောင်မင်းတရားကြီးရဲ့ရုပ်တုကို ခံ့ခံ့ညားညားထည်ထည်ဝါဝါ တွေ့မြင်နေရတယ်။




မိမိတို့မောင်နှမတစ်တွေက အောင်မြေနေရာကို ရောက်တာနဲ့ လက်ယာရစ်ပူဇော်အဓိဋ္ဌာန်နေကြရင်း စေတီတော်အတွင်းမှာရှိနေတဲ့ ဒေသခံတစ်ယောက်က အောင်မြေကိုနင်းရင် ကြွေပြားတွေပေါ်က မနင်းရဘူး။ အလယ်ကောင်မြေသားကနေ နင်းရတယ်လို့ ပြောဆိုလာတာကြောင့် ကြွေပြားတွေပေါ်ကနေ မြေသားရှိရာကို ဆင်းကြရတယ်။ မိမိတို့က ကြွေပြားတွေပေါ်မှာ လှည့်လည်နေကြတာပါ။ ဒါပေမဲ့ မြေသားရှိတဲ့နေရာက အလွန်ကျဉ်းမြောင်းနေလို့ တစ်ယောက်၊ နှစ်ယောက်သာ လှည့်လည်ပူဇော်နင်းလျှောက်နေကြရတယ်။

အောင်မြေအနီးမှာ ရေးထိုးထားတဲ့ ကျောက်စာချပ်မှာတော့ "ကေတုမတီ တောင်ငူမင်းအဆက်ဆက်တို့သည် သာသနာရေး၊ ဘာသာရေး၊ တိုင်းရေးပြည်ရေး ကိစ္စအရပ်ရပ်များကို ဆောင်ရွက်ရာတွင် မဟာအောင်မြေရှိ ဤနေရာ၊ ဤဌာနမှ ကောင်းမှုတော်စေတီမြတ်ကြီးဘက်သို့ မျက်နှာမူဖူးမြော်လျက်၊ အနန္တငါးပါးဦးထိပ်ထားကာ၊ ကောင်းမြတ်သောသီလများကို ခံယူဆောက်တည်၍ မှန်ကန်သော သစ္စာတော်တို့ကိုတိုင်တည်အဓိဋ္ဌာန်ပြုပြီး မဟာအောင်မြေကို လက်ယာရစ်လှည့်ပတ်နင်းဆောင်ခြင်းဖြင့် အောင်မြင်မှုကို ရယူတော်မူကြပါသည်"ဆိုပြီး ရေးသားဖော်ပြထားတာကို တွေ့မြင်နေရတယ်။

ကျောက်စာကိုဖတ်ရှုအပြီး မိမိတို့မောင်နှမတွေက အောင်မြေကိုသာ လက်ယာရစ်နင်းနေကြတာ၊ ကောင်းမှုတော်စေတီတော်ကြီးကို မျက်နှာမူဖူးမြော်ကြခြင်းမရှိကြတာကြောင့် ကျောက်စာထဲကအတိုင်း နောက်တစ်ကြိမ်လှည့်ပတ်နင်းကြရတယ်။ အောင်မြေရဲ့ မြေသားနေရာက ကျဉ်း၊ မောင်နှမတွေကများ၊ တစ်ယောက်စောင့်၊ နှစ်ယောက်စောင့်နဲ့ အချိန်တွေကြာသွားခဲ့ရတယ်။ ဒါပေမဲ့ အောင်မြေနင်းနေကြတဲ့ သူတွေကိုစောင့်နေရင်းနဲ့ မင်္ဂလာကန်တော်၊ ဗုဒ္ဓဝင်ပြခန်း၊ မြတ်စွာဘုရားရှင်တာဝတိံသာနတ်ပြည်ကနေ ဆင်းလာတဲ့ ရုပ်လုံးရုပ်ကြွပြခန်းတွေကို လေ့လာကြည့်ရှုနေကြရတယ်။ ကောင်းမှုတော်စေတီဝင်း အတွင်းမှာ စေတီတော်ကြီးတစ်ဆူထဲ ထီးထီးကြီး မဟုတ်ဘဲ အခြားလေ့လာစရာနေရာတွေ အများအပြားရှိနေကြတာပါ။ ကောင်းမှုတော်စေတီမှာ အချိန်အနည်းငယ်ပေးပြီး ဖူးမြော်လေ့လာကြည့်ရှုပြီးတာနဲ့ ရွှေဆံတော်စေတီရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။

စေတီတော်ကြီးက တောင်ငူမြို့တွင်းပိုင်းမှာ တည်ရှိနေတာပါ။ ဒါကြောင့် စေတီတော်ကြီးရှိရာကို မရောက်ခင် တောင်ငူမြို့ရဲ့ ညနေခင်းမြင်ကွင်းတွေကို ကြည့်ရှုခံစားလာကြရတယ်။ ဒါပေမဲ့ မြို့တွင်း အချက်အချာကျတဲ့ မြို့လယ်ကောင်အဓိကနေရာတွေ မဟုတ်သေးဘဲ သာမန်ရပ်ကွက်လေးတွေသာ ဖြစ်နေပါသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မြို့တစ်မြို့ရဲ့ အခြေအနေ၊ ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးအနေအထားတွေနဲ့ လူနေမှုစနစ်တွေကို တွေ့မြင်ခံစားကြရပါတယ်။ သူ့ရပ်၊ သူ့ရွာ၊ သူ့ဒေသမှာ သူတို့ဓလေ့တွေနဲ့ သူတို့လုပ်ကိုင်စားသောက် သွားလာလှုပ်ရှားနေကြတာ စည်စည်ကားကားပါ။ လမ်းတွေကကျဉ်းတော့ ပိုမိုရှုပ်ထွေးပြီး စည်ကားနေတယ်လို့လဲ ထင်မှတ်ရတယ်။ လမ်းဘေးဈေးတန်းငယ်လေးတွေ၊ အကြော်ဆိုင်လိုလို၊ ဘိန်းမုန့်ဆိုင်လိုလို၊ မုန့်ပျားသလက်ဆိုင်လိုလို ဆိုင်ငယ်လေးတွေ၊ ဘာတွေအော်ရောင်းနေတယ်ဆိုတာကို သဲသဲကွဲကွဲမသိရတဲ့ ခေါင်းရွက်ဈေးသည်တွေ လမ်းတစ်လျှောက်မှာ တွေ့မြင်လာရတယ်။ ဘယ်လမ်းကိုဝင်ဝင်၊ ဘယ်လမ်းကထွက်ထွက် နေရာတိုင်း၊ လမ်းတိုင်းမှာ အဆက်မပြတ်တွေ့မြင်နေရတာက တိုဟူးသုပ်ဆိုင်လေးတွေပါ။ တောင်ငူမြို့မှာတိုဟူးသုပ်က နာမည်ကြီးသလို ရောင်းချနေကြတဲ့ ဆိုင်တွေကလဲ အလွန်များပြားလွန်းလှပါတယ်။

စေတီတော်ကြီးရှိတဲ့နေရာကို လာတဲ့လမ်းက ဖြောင့်ဖြောင့်တန်းတန်းနဲ့ ရှင်းရှင်းလင်းလင်းဖြစ်နေမယ်ဆိုရင် မကြာခင်မိနစ်ပိုင်းအတွင်း ရောက်ရှိလာကြမှာဖြစ်ပါတယ်။ အခုတောင်ငူမြို့ရဲ့ ညနေခင်းလမ်းပိုင်းအခြေအနေက ရှုပ်ထွေးနေတာကြောင့် မကြာသင့်ဘဲကြာနေခဲ့ရတယ်။ အချိန်က ညနေ ၄ နာရီကျော်နေပါပြီ။ ရှုပ်ထွေးစည်ကားနေတဲ့ လမ်းကျဉ်းလေးတွေအတိုင်း မောင်းနှင်လာရင်းနဲ့ ရွှေဆံတော်စေတီကြီးရှိရာကို ရောက်လာခဲ့ကြတယ်။ ဒါပေမဲ့ သီတင်းကျွတ်အချိန်အခါ အဖိတ်နေ့လဲဖြစ်၊ ညနေပိုင်းနေကျချိန် အေးအေးလူလူဘုရားဖူးချိန်လဲဖြစ်၊ လူဦးရေများပြားတဲ့ မြို့ကြီးတစ်မြို့ရဲ့အထင်ကရ တန်ခိုးကြီးဘုရားလဲဖြစ်နေတာကြောင့် ရောက်ရှိနေတဲ့ သတ်မှတ်ကားရပ်နားစခန်းမှာ ကားရပ်စရာနေရာ မရှိအောင် ဖြစ်ရတော့တယ်။ ဒါကြောင့် နောက်ထပ်စောင်းတန်းတစ်ခုရှိတဲ့နေရာကိုသွားပြီး ကားရပ်နားစရာနေရာကို ရှာဖွေတဲ့အခါ အလွယ်တကူရရှိလို့ အဆင်ပြေသွားခဲ့ရတယ်။ ရောက်ရှိလာတဲ့စောင်းတန်း နေရာမှာ ကားတွေနည်းပါးနေပါသေးတယ်။

ကားရပ်နားစခန်းမှာ ကားရပ်ပြီးတာနဲ့ ရွှေဆံတော်စေတီကြီးရှိရာကို လှေကားထစ်တွေအတိုင်း တက်ရောက်လာခဲ့ကြတယ်။ လှေကားထစ်တွေကို တစ်ထစ်ချင်း၊ တစ်လှမ်းချင်း တက်လာရင်းနဲ့ စေတီတော်ကြီးကို မြင်တွေ့ဖူးမြော်နေကြရပါပြီ။ ဒီနေ့အတွက် တောင်ငူမြို့က သမိုင်းဝင်ကောင်းမှုတော်စေတီတော်မြတ်ကြီးကို ဖူးမြော်ပြီးကြတဲ့အပြင် အခုတစ်ခါလဲ သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီးကို ထပ်မံဖူးမြော်ကြရပါအုံးမယ်။ ဘုရားဖူးမြော်ကန်တော့ပြီးကြရင် ညစာထမင်းစားသောက်၊ ညအိပ်ရပ်နားကြဖို့အတွက် ရှေ့ခရီးကို ဆက်ကြရအုံးမှာပါ။

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ ရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး ကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသား ပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရ ငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်း ရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

❖ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများစားရေရိက္ခာဖူလုံပြီး ကျန်းမာပျော်ရွှင်ရေးနှင့် သဘာဝဘေးအန္တရာယ်တချို့မှ ကာကွယ်နိုင်ရန်အတွက် သစ်ပင်သစ်တောများ၏ အခန်းကဏ္ဍသည် အဓိကကျ...

❖ Green City, Clean City, Smart City နှင့် Green Village များ ဖြစ်စေရေးအတွက် သစ်ပင်သစ်တောများသည် အလွန်အရေးကြီးသည့် အစိတ်အပိုင်းများဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာဆောင်ရွက်နေမှုအခြေအနေများကို စစ်ဆေး၊ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို သွားရောက်ကြည့်ရှုအားပေး



**နေပြည်တော် နိုဝင်ဘာ ၁၆**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊စစ်ရေးနှင့်စစ်ထောက်ဆိုင်ရာဆောင်ရွက်ထားရှိမှုအခြေအနေများကို စစ်ဆေးသည်။

ဦးစွာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်က တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့်

စာမျက်နှာ ၁၈ ကော်လံ ၁ ☆


နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားစဉ်။

## ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်

**နေပြည်တော် နိုဝင်ဘာ ၁၆**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း (သီရိလင်္ကာနိုင်ငံကမ်းလွန်)တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area) ဖြစ်ပေါ်နေသည်။

အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက်၂၄နာရီအတွင်း အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။




## ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

**နေပြည်တော် နိုဝင်ဘာ ၁၆**

၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၂၁ တွင် ဖော်ပြပါရှိပါသည်။ ရတနာပုံ

